


ရှုဝ စာအုပ်တိုက်
၂၁၊၂၁၃ လမ်းရန်ကုန်မြို့ဖုန်း ၂၀၆၀၅၅

စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

# ပုံနှိပ်မှတ်တမ်း


**စာမူခွင့်ပြုချက်အမှတ်**

၆၈/ ၂၀၀၄(၁)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၁၄၂/ ၂၀၀၄(၂)

**ထုတ်ဝေသူ**

ဦးဝင်းချို(ရွှေဝံစာအုပ်တိုက်)

၂၁၂၃၀-လမ်း၊ရန်ကုန်မြို့ ။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဒေါ်ချိုချိုအေး(ရွှေဝံပုံနှိပ်တိုက်)

၂၁၈၃၀-လမ်း၊ရန်ကုန်မြို့ ။

**ထုတ်ဝေခြင်း**

၂၀၀၄-ခုနှစ်မတ်လ(ပထမအကြိမ်)

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၄၅၀ကျပ်


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ တာဝန်ဖြစ်သည်"

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ညီသစ်

# စိတ်ဓာတ်ခွန်အားကိုပေးသော စာစုများ

(တတိယအုပ်)

**Chicken Soup for the Soul**

Edited By

Jack Canfield

Mark Victor Hansen

Patty Hansen

Irene Dunlzp

## မာတိကာ


၁။ ဘဝနေထိုင်မှုအတွက်
ရွှေရောင်စည်းမျဉ်းများ ၅

၂။ နားဆွဲလေးများ ၇

၃။ ညီအစ်ကိုတွေ ဖြစ်လာသည့်နေ့ ၂၁

၄။ လိုနေတဲ့အစပ်အဟပ်တစ်ခု ၃၇

၅။ အိပ်မက်ခိုးသူ ၄၅

၆။ ပြေး ...ပက်တီ ...ပြေး ၅၁

၇။ ကြောက်ရွံ့စရာမကောင်းလှသောအသုဘ ၅၇

၈။ မေးသာမေး ၆၇

၉။ ကောင်းကင်ဘုံမှာ
ဘီးတပ်ကုလားထိုင်တွေ မရှိပါ ၇၅

၁၀။ အုပ်စုထဲက ဇရာမလူကြီး ၈၉

၁၁။ စိုးရိမ်လွန်းတဲ့ဖေဖေ ၉၇

၁၂။ ပျောက်ဆုံးနေသော

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။


| | |
|---|---|
| စိန်၏ လျှို့ဝှက်ချက် | ၁၀၅ |
| ၁၃။ ဆင်ယင်မှုကင်းမဲ့သော | |
| အမှန်တရားများ | ၁၁၉ |
| ၁၄။ ဖယောင်းပန်းသီးခိုးရာဝယ် | ၁၂၅ |
| ၁၅။ ဘဝတစ်ခုကို ပြောင်းလဲစေသော | |
| စကားလုံးများ | ၁၃၃ |


# ဘဝနေထိုင်မှုအတွက် ရွှေရောင်စည်းမျဉ်းများ

Golden Rules for Living By Author Unknown

သင် ဖွင့်ပြီးလျှင် ပြန်ပိတ်ပါ။
သင် ခလုတ်ဖွင့်ပြီးလျှင် ပြန်ပိတ်ပါ။
သင့်ကြောင့် ကျိုးပဲ့သွားလျှင် ဝန်ခံပါ။
သင် မတပ်ဆင်နိုင်လျှင် တပ်ဆင်နိုင်သူကို ခေါ်ပါ။
သင် ချေးငှားပြီးလျှင် ပြန်ဆပ်ပါ။
သင် တန်ဖိုးထားလျှင် ဂရုတစိုက် သိမ်းဆည်းပါ။
သင် အမှိုက်ရှုပ်ပြီးလျှင် ပြန်ရှင်းပါ။
သင် ရွှေ့ပြီးလျှင် သူ့နေရာသူ ပြန်ထားပါ။
သူတပါး ပိုင်ဆိုင်သည့် ပစ္စည်းကို သင် အသုံးပြုလိုလျှင်
သူ့ထံမှ ခွင့်ပြုချက် တောင်းပါ။
သင် မည်သို့ ခွဲခြမ်းစိတ်ဖြာရမည်ကို မသိလျှင်
ဒီအတိုင်းသာ ထားလိုက်ပါ။
သင်နှင့် မဆိုင်သည့် ကိစ္စဖြစ်နေလျှင် မေးခွန်းတွေ
မမေးပါနှင့်။

ရွှံစာအုပ်တိုက်

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မကျိုးပဲ့သော ပစ္စည်းကို မတပ်ဆင်ပါနှင့်။
တစ်စုံတစ်ယောက်အတွက်
နေ့ကောင်းရက်မြတ်ဖြစ်လျှင် ပြောပြပါ။
တစ်စုံတစ်ယောက်ရဲ့ အောင်မြင်မှုကို
ထိခိုက်စေမယ်ဆိုရင် သင့်ရင်ထဲမှာပဲ
သိမ်းဆည်းထားလိုက်ပါ။

**

# နားဆွဲလေးများ

Drop Earrings By Nancy Sullivan Geng

အစစ်အမှန် လွမ်းမိုးနိုင်မှုသာလျှင် မေတ္တာပို့မှုသည်
အခြားသူအပေါ် သက်ရောက်နိုင်စွမ်းမည်။
ကျော့ချ် အဲလီယော့

ကျွန်မ၏ ၃၅နှစ်မြောက် မွေးနေ့ပွဲလေး ကျင်းပရန် ကျွန်မတို့တတွေ ပန်းခြံလေးဆီ လျှောက်လာကြသည်။ ကျွန်မတို့တတွေ ဆိုသည်မှာ ကျွန်မနှင့် ပြောမနာ၊ ဆိုမနာသူငယ်ချင်းဖြစ်ပြီး ကျွန်မလို ကလေးသုံးယောက်ရှိသည့် ကလေးအမေတစ်ဦးကို ဆိုလိုခြင်းဖြစ်သည်။

ကျွန်မတို့တတွေ ပျော်ပွဲစားခုံတွင် နေရာယူလိုက်ကြရင်း ကြက်သွေးရောင် ပန်းသီးပင်များနှင့် ခရမ်းရောင် ကမာခါးပင်များကြားဝယ် အော်ဟစ်ရယ်မောရင်း ပြေးလွှားဆော့ကစားနေကြသည့် ကျွန်မတို့၏ ရင်သွေးငယ်များကို ကြည့်နေမိသည်။

ရွှံ့စာအုပ်တိုက်

စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဒီနေ့သည် ပျော်ပွဲစားထွက်ဖို့ အလွန်ကောင်းသော နေ့တစ်နေ့ပင် ဖြစ်၏။ ကျွန်မတို့သည် အဝတ်အစား အတိုအပြတ်များ ဝတ်ဆင်ထားကြပြီး ဒီနင် ဂျက်ကက်များကို ဝတ်ထားကြကာ နေကာမျက်မှန်များ တပ်ဆင်ထားကြသည်။ ကျွန်မတို့တတွေသည် အသားညှပ်မုန့်များ၊ ဒိုရီတိုစ်မုန့်ဖုံးများ၊ အိုရီယို ကွတ်ကီး များ ဖြင့် ဖောင်းကားနေသည့် ခြင်းတောင်းများကို ဖြည်လိုက်ကြသည်။

ကျွန်မတို့၏ ရင်းနှီးမှုအထိမ်းအမှတ်အဖြစ် သဘာဝ သောက်ရေသန့်ပုလင်းများဖြင့် ပုလင်းချင်း ထိလိုက်ကြသည်။

ထိုအခါမှ သူငယ်ချင်း လော်ရင်း၏ နားဆွဲအသစ်စက်စက်လေးကို ကျွန်မ သတိပြုလိုက်မိခြင်းဖြစ်သည်။ သူ့နားဆွဲမှာ ငွေနားခပ်သေးသေး ကွပ်ထား သည့် အပြာရင့်ရောင် ကျောက်ကလေးတွေပါသော နားဆွဲလေးဖြစ်သည်။

လွန်ခဲ့သော နှစ်များကမူ အပြာရောင် သလင်းကျောက်လေးများသွပ်သွင်း၍ တောက်ပသည့် ငွေသားအနားကွပ် နားဆွဲလေးများ၊ ကျောက်မျက်ရတနာအရောင်မျိုးစုံပါသည့် လွန်းကြိုးများ၊ နီလာ အခွေအရစ်များ၊ ပန်းရောင်ဆိုးထားသည့် ပုလဲ ပုတီးများ၊ စိန်များကို အနားကွပ်ထားသည့် ရွှေလက်ကောက်များ စသည်တို့ကို မြင်တွေ့နေရသေးသည်။





ထိုစဉ်က လော်ရင်း ပြောခဲ့သည့် စကားတစ်ခွန်းရှိသည်။

"ငါ နားဆွဲတွေကို နှစ်သက်တာ အကြောင်းရှိတယ်ဟ"

လော်ရင်းက သူ့ဘဝကို ထာဝရ ပြောင်းလဲလိုက်သည့် ကလေးဘဝက သိမ်းဆည်းထားခဲ့ရသော အမှတ်ရဖွယ်ရာများကို ပြန်လည် အစပြု ပြောပြခဲ့သည်။ သူပြောပြသော နူးညံ့လှပသည့် ဇာတ်လမ်းလေးသည် အမှန်တရားတစ်ခုဖြစ်သလို သူ့ကို ပြောင်းလဲပစ်နိုင်စွမ်းလည်း ရှိသည်။

လော်ရင်း ခြောက်တန်းကျောင်းသူဘဝက စာသင်သည့် ခုံတန်းခုနစ်တန်းရှိသည့်အနက် သူ၏ခုံမှာ နောက်ဆုံးတွင်ရှိပြီး အုတ်သားဘောင်ကွပ်ထားသည့် ပြတင်းပေါက်နှင့်လည်း နီးသည်။ တစ်ခုသော နွေဦးပေါက်ရာသီ၏ တစ်နေ့က သူ့အတန်းထဲရှိ မြင်ကွင်းကို သူ့အနေနှင့် အံ့သြစရာကောင်းလောက်အောင် အသေးစိတ်အထိ မှတ်မိနေသည်။ သူ့စားပွဲပေါ်က အဝတ်တန်းမှာ မေအေးနေ့ အမှိုက်ခြင်းတွေ တွဲလောင်းချိတ်ဆွဲ ထားပုံများ၊ သတင်းစာစက္ကူများထဲဝယ် တစာစာအော် လျက် ပြေးလွှားနေကြသော ကြွက်များ၊ ပြူတင်းပေါက် ဘောင်များပေါ်ရှိ နို့ဆီစက္ကူပုံးပြတ်များပေါ်တွင် ခွေခွေခေါက်ခေါက်တင်ထားသည့် လိမ္မော်ရောင် မာရီဂိုးလ်အပင်များ၊ ကျောက်သင်ပုန်းအထက်ရှိ ဗယားများပေါ်မှ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



စာလုံးဆက် လက်ရေးများ . . . အားလုံးကို အသေး စိတ်မှတ်မိနေသည်။ စိတ်ရှုပ်ထွေးစရာကောင်းလှသော အိမ်နှင့်လုံးလုံးဖီလာဆန့်ကျင်ဖြစ်နေသည့် စာသင်ခန်း သည်လော်ရင်းအဖို့ လုံခြုံမှုရှိသလို ခံစားရသည်။

"မစ္စစ် မိုလိုင်းက အဲဒီစာသင်ခန်းကို လုံခြုံစိတ်ချစရာနေရာဖြစ်အောင် ဖန်တီးထားတာလေ" ဟုလော်ရင်းက ဆိုသည်။ မစ္စစ် မိုလိုင်းက သူတို့အတန်းပိုင်ဆရာမ ဖြစ်သည်။ ကြာမြင့်ခဲ့ပြီဖြစ်သော ထိုနေ့မနက်ခင်းက ဆရာမ၏ ရုပ်ပုံလွှာသည် သူ့မျက်လုံးထဲတွင်စွဲထင်နေသယောင် ရှိ၏။ ဆရာမသည် သူ၏ နီဝါရောင်ဆံပင်များကို ပုခုံး ပေါ် ချထားသည်မှာ သမ္ဘာကနေဒီ၏ဇနီး ဂျက်ကလင်းကနေဒီနှင့်ပင် တူနေသေးတော့သည်။ ဆရာမ၏ သစ်အယ်သီးစိမ်းရောင် မျက်လုံးအစုံသည် ဖြိုးဖြိုးဖျတ်ဖျတ် တောက်ပနေခဲ့သည်။

လော်ရင်းအမှတ်ရဆုံးမှာ ဆရာမမိုလိုင်း၏ နားမှ နားဆွဲပင်ဖြစ်သည်။ ဆရာမ၏ နားဆွဲလေးမှာ ရွှေလွှန်းကြိုးလိမ်လေးများဖြင့် တွဲလောင်းကျနေသည့် ဆင်စွယ်အနားကွပ် ပုလဲနားကပ်လေးပင်ဖြစ်သည်။

"ငါ နောက်ဆုံးတန်းမှာ ထိုင်နေတာတောင် ပြတင်းပေါက်က နေရောင်ထဲမှာ ဆရာမရဲ့ နားဆွဲတွေ တစ်လက်လက် တောက်ပနေတာ မြင်နေရတယ်" ဟု လော်ရင်းက ပြောသည်။

လော်ရင်းအနေနှင့်ကတော့ ထိုစဉ်က နေထိုင်ရသည့် စိတ်ဓာတ်ကျစရာ အမှောင်ဘဝထဲမှာ ဆရာမ





၏ နားဆွဲများက မျှော်လင့်ချက် အလင်းရောင်တစ်ခု ပမာ ဖြစ်ခဲ့ရသည်။

ထိုနှစ်မှာ သူ့ဖခင် အရက်သမားကြီး အရက်သောက်တာ ပိုဆိုးလာသည်။ သူသည် ဖန်ခွက်တွေထဲသို့ ဝီစကီငှဲ့ထည့်သံ၊ ဘီယာပုလင်းအဖုံးကို ဖောက်တံဖြင့်ဖွင့်သံ၊ ဖန်ခွက်တစ်ခွက်ချင်းစီထဲမှ ရေခဲတုံးလေးများဖန်ခွက် နံရံနှင့် ထိခိုက်သံ၊ မီးဖိုချောင်ထဲမှ သူ့ဖခင်ဖြစ်သူနှင့် အပေါင်းအသင်းများ၏ အော်ကြီးဟစ်ကျယ် ပြောဆိုသံ၊ မိခင်ဖြစ်သူ၏ ငိုရှိုက်သံ၊ တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်သံ၊ နံရံပေါ် မှ ဓာတ်ပုံဘောင်များ တုန်ခါသံ . . . စသည့် အသံများကြားတွင် သန်းခေါင်ကျော်မှ အိပ်ရာဝင်ခဲ့ရသည့် ညတွေ များခဲ့သည်။

ပြီးခဲ့သည့် ခရစ္စမတ်တုန်းကတော့ သူသည် ကလေးထိန်းလုပ်ရင်းနှင့် ငွေကလေးစုမိပြီး ဖခင်ဖြစ်သူကို ဖိနပ်တိုက်ဆေး၊ ဖိနပ်၊ ဘရပ်ရှ်၊ ရှူးဖိနပ် အရောင်တင်ဆေးထည့်ထားသည့် ဆေးဗူး . . . စသည့် ပစ္စည်းစုံပါသော ဖိနပ်အိတ်တစ်ခု လက်ဆောင် ပေးနိုင်ခဲ့ သည်။ ထို ဖိနပ် အိတ် ကို ဆန်တာကလော့စ် စက္ကူဖြစ်သည့် အနီနှင့်အစိမ်းရောင်စက္ကူများပတ်လိုက်ပြီး ရွှေရောင်ဖဲကြိုးဖြင့်ချည်ကာ ထုတ်ပိုး၍ ပေးခဲ့ခြင်း ဖြစ်သည်။

ခရစ္စမတ် အကြိုနေ့ညက ထိုအိတ်ကို သုံးပိုင်းပိုင်းပြီး ဧည့်ခန်းဆောင်ထဲသို့ လွှင့်ပစ်ရက်ခဲ့သော ဖေဖေ့



*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

ကို မယုံနိုင်လောက်အောင်ပင် လော်ရင်း အံ့အားသင့်ခဲ့ရသည်။

လော်ရင်းသည် မျက်မှန်ကို ချွတ်ပြီး သူ့မျက်လုံးအစုံကို ပွတ်သပ်နေ၍ ကျွန်မက လက်ကိုင်ပဝါ တစ်ခု ကမ်းပေးလိုက်သည်။ ထို ခရစ္စမတ်ည၏ အမှတ်ရစရာများသည် လော်ရင်း၏ရင်ကို နာကျင်အောင် လုပ်နိုင်ဆဲဆိုတာကို ကျွန်မ နားလည်နေမိသည်။

အတန်းတက်ခဲ့တုန်းက အကြောင်းအရာကို ပြန်ပြောချင်သေးဟန်ဖြင့် လော်ရင်းက စကားပြန်ဆက်သည်။

"အဲဒီ နွေဦးနေ့တစ်နေ့မှာ တစ်နှစ်တာရဲ့ နောက်ဆုံးပိတ် အစည်းအဝေးလုပ်ဖို့ စီစဉ်ထားကြ တယ်။ မစ္စစ်မိုလိုင်းက ရှေ့ဆုံးမှာ ရပ်ပြီး ဖွံ့ဖြိုးတိုးတက် ဖို့ အရေးပါတဲ့ အစီရင်ခံစာကို ကျောင်းသားနဲ့ ကျောင်းသားမိဘ ပူးပေါင်းပြီး တင်သွင်းဖို့ ဆော်ဩနေတယ်"

ကျောက်သင်ပုန်းကြီးပေါ်တွင်လည်း ကျောင်းသားမိဘများ၏ နာမည်များကို အက္ခရာစဉ်လိုက် ရေးထားပြီး မိသားစုအသီးသီးအတွက် မိနစ်နှစ်ဆယ်စီ စည်းဝေးရမည့် အချိန်ဇယားများကိုပါ ရေးဆွဲထားသည်။

လော်ရင်း၏ နောက်ဆုံးနာမည်သည် ဘီနှင့်စသည် ဖြစ်သော်လည်း ဆရာမ မိုလိုင်းက သူ့နာမည်ကို ထိုစာရင်း၏ နောက်ဆုံးမှာ ရေးသားထား၍ လော်ရင်း





အနေနှင့် စဉ်းစားရခက်သွားခဲ့ရသည်။ ဘာကြောင့် သူ့နာမည်ကို နောက်ဆုံးမှာ ထားရသလဲဆိုတာ လော်ရင်း အနေနှင့်လည်း သေသေချာချာ မသိပေ။ သူ့ နာမည် နောက်ဆုံးရောက်နေလည်း ကိစ္စမရှိပါ။ သူ့မိဘများ ထိုအစည်းအဝေးသို့ လာရောက်နိုင်မှာမှ မဟုတ်ဘဲ။ ဆရာမက သူ့မိဘများကို ဆင့်ခေါ်သည့်သတိပေးစာ သုံးကြိမ်တိုင်တိုင် ပေးပို့ခဲ့ပြီးပြီဖြစ်ပေမဲ့၊ ဖုန်းနှင့်ဆက်၍ပင် ခေါ်ထားပေမဲ့ သူတို့ လာမှာမဟုတ်ဘူး ဆိုတာကို လော်ရင်း သိနေသည်။

ထိုနေ့က ကျောင်းအုပ်ထိန်းသူတစ်ဦး၏ ကျောင်းသားတစ်ယောက်ချင်းစီ၏ နာမည်ခေါ်သံကို လော်ရင်း တစ်နေကုန် ကြားနေရသည်။ ထို့နောက် သူ့ထိုင်ခုံနှင့် ငါးပေအကွာမှ တံခါးပေါက်ဆီသို့ ကျောင်း သားတစ်ယောက်ချင်းစီကို စောင့်ကြပ်ခေါ်ဆောင်သွားသည်ကိုပါ ကြည့်နေမိသည်။ တံခါးဝ၌ ကျောင်းသားမိဘများနှင့် ကျောင်းသားများ ဂုဏ်ယူဝံ့ကြွားသည့် အပြုံးများဖြင့် ပခုံးကိုဖက်ထားတာတွေ၊ ပွေ့ဖက်ကြတာတွေကိုလည်း တွေ့မြင်နေရသည်။ အားလုံး အထဲဝင်သွားကြသောအခါ တံခါးကို ပိတ်သွားကြသည်။

ပိတ်ထားသည့် တံခါးအလွန်မှာတော့ စိတ်ဝင်စားသော မိဘများ၏ မေးမြန်းသံများ၊ ကလေးများက စိတ်အားထက်သန်စွာ ရယ်ရယ်မောမော ဖြေဆိုနေကြသံ များ၊ ဆရာမ၏ ဖြေရှင်းပေးသံတို့ကို နားနှင့် မဆန့်



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အောင် ကြားနေရသော်လည်း လော်ရင်းသည် ကျောင်းစာများကိုသာ အာရုံစိုက်ဖို့ စိတ်ကို ဆောင်ထားနေရသည်။

အကယ်၍သာ အဖေနှင့် အမေတို့ တံခါးဝမှာ ပေါ်လာပြီး နှုတ်ဆက်စကားဆိုလာလျှင် မည်သို့များ ခံစားရမလဲဟု လော်ရင်း တွေးနေမိသည်။

ကျောင်းသားအားလုံး၏ နာမည်များကို ခေါ်ပြီးသောအခါ ဆရာမ မော်လိုင်းက တံခါးကို အသံမမြည်အောင်ဖွင့်လိုက်ပြီး လော်ရင်းကို သူနှင့် ခန်းမထဲမှာ တွေ့ဖို့ အမူအရာဖြင့် ပြသည်။

လော်ရင်းသည် သူ့အတန်းဖော် တစ်ယောက်တလေမှ မရိပ်မိစေဘဲ တိတ်ဆိတ်စွာဖြင့် အသာအယာ ထွက်ခဲ့သည်။ ခန်းမထဲတွင် စားပွဲခုံတစ်လုံးနှင့် စားပွဲရှေ့ရှိ ခေါက်ကုလားထိုင်သုံးလုံးတို့ ရှိနေကြသည်။ စားပွဲပေါ်မှာတော့ ကျောင်းသားကျောင်းသူတို့၏ ဖိုင်များ၊ အိမ်စာများ စုပုံလျက် ရှိနေသည်။

မစ္စစ် မော်လိုင်းက ခေါက်ကုလားထိုင်နှစ်လုံး ခေါက်လိုက်သည်ကို လော်ရင်းသည် စပ်စပ်စုစုဖြင့် ကြည့်နေမိသည်။

"ဒီခုံတွေ မလိုဘူး" ဟု ဆရာမက ဆိုသည်။

ကျန်နေသော ကုလားထိုင်တစ်လုံးတွင် လော်ရင်း ထိုင်ချလိုက်စဉ်မှာပဲ ဆရာမသည် လော်ရင်း၏ ဖိုင်များကို လှန်လှောကြည့်ပြီး ပြုံး၏။





ထိုအချိန်မှာ လော်ရင်း လုပ်နိုင်တာတစ်ခုကတော့ လက်နှစ်ဖက်ကို ဆုပ်ထားပြီး ကြမ်းပြင်ကို ငေးကြည့်နေမိခြင်းသာ ဖြစ်သည်။ သူ့မိဘများ မလာနိုင်ကြသည့်အတွက် လော်ရင်း ရှက်နေမိသည်။

ဆရာမ မိုလိုင်းက သူ၏ ထိုင်ခုံကို ခေါင်းငိုက်စိုက်ချထားသည့် လော်ရင်း ၏ ထိုင်ခုံဘေးသို့ ရွှေ့လာပြီး လော်ရင်းနှင့် မျက်လုံးချင်း ဆုံမိစေရန် လော်ရင်း၏ မေးစေ့ကို ပင့်တင်လိုက်သည်။

"ပထမဦးဆုံး ဆရာမက သမီးကို ဘယ်လောက်ချစ်သလဲဆိုတာကို သမီး သိစေချင်တာပဲကွဲ့" ဟု ဆရာမက ဆိုသည်။

လော်ရင်းက မျက်လုံးကို ပင့်ကြည့်လိုက် သည်။ မစ္စစ် မော်လိုင်း၏ မျက်နှာတွင် တွေ့ရခဲသော အရာများကို လော်ရင်း တွေ့လိုက်ရသည်။ လော်ရင်း မြင်လိုက်ရသည်က စေတနာတရား၊ ကိုယ်ချင်းစာနာမှုနှင့် နူးညံ့မှုတို့ ဖြစ်သည်။

"ဒုတိယအချက်အနေနဲ့ ဒီကနေ့ သမီးရဲ့ မိဘတွေ ရောက်မလာတာဟာ သမီးရဲ့အပြစ် မဟုတ်ဘူးဆိုတာကို သမီးသိထားစေချင်တယ်"ဟု ဆရာမက ဆက်ပြောသည်။

လော်ရင်းသည် မစ္စစ် မိုလိုင်း၏ မျက်နှာကို နောက်တစ်ခါ ထပ်ကြည့်မိလိုက်ပြန်သည်။ သူ့ကို မစ္စစ် မိုလိုင်းလို ပြောခဲ့ဖူးသူ တစ်ယောက်မှ မရှိခဲ့ပေ။ သူ့



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကို တန်ဖိုးမဲ့သူ တစ်ယောက်အဖြစ်သာ သဘောထားကြသည်က လွဲ၍ သူ့ ဘဝအမှန်ကို မြင်လာနိုင်အောင် ပြောပြခဲ့သူမျိုး တစ်ယောက်တလေပင် မရှိခဲ့။

"တတိယအချက်ကတော့ သမီးအနေနဲ့ မိဘတွေ ပါလာသည်ဖြစ်စေ၊ မပါလာသည်ဖြစ်စေ ဆရာမနဲ့ ဆွေးနွေးပြောဆိုနိုင်တယ်။ သမီးရဲ့ ထူးချွန်မှုတွေ၊ သမီးကို အံ့သြစရာကောင်းတဲ့ တပည့်တစ်ယောက်အဖြစ် ဆရာမ မြင်သိနေတာတွေကိုလည်း နားထောင်ခွင့် ရှိပါတယ်ကွယ်"

တစ်ခဏတာအချိန်အတွင်းမှာပင် မစ္စစ်မိုလိုင်းသည် လော်ရင်းတစ်ယောက်တည်းနှင့်ပင် ဆွေးနွေးပြောဆိုသည်။ လော်ရင်း၏ အတန်းအောင်ချက်အဆင့်များ၊ အိုင်အိုဝါ စာမေးပွဲအောင်ချက်များ၊ အထက်တန်းဆင့် အမျိုးသားပညာသင်ဆုအထိ အဆင့်မီနိုင်သည့် အမှတ်ဇယားများကို လော်ရင်းအား ပြသသည်။ လော်ရင်း ပြုလုပ်ပြီးစီးခဲ့သော လေ့ကျင့်ခန်းများကို ဆရာမက သေသေချာချာ ကြည့်ရှုစစ်ဆေးပြီး သူ၏ အားထုတ်မှုများအတွက် ဆရာမက အမြဲ ချီးကျူးခဲ့သည်။ သူ၏ ခွန်အားများကို ပိုမိုခိုင်မာလာစေရန် အမြဲ တိုက်တွန်းအားပေးခဲ့သည်။

ဆရာမသည် လော်ရင်းရေးဆွဲထားသည့် ရေဆေး ပန်းချီကားချပ်လေးကိုပင် သိမ်းဆည်းထားခဲ့၏။





"သမီးဟာ တကယ့်ကို နာမည်ကျော် အိမ်တွင်းအလှ ဆင်ယင်သူ ပညာရှင်တစ်ယောက် ဖြစ်လာမှာပါကွယ်" ဟု ဆရာမက ဆိုသည်။

လော်ရင်းကိုယ်တိုင်ကတော့ သူ ဘယ်တော့ အိမ်တွင်းအလှဆင် ပညာရှင်ဖြစ်မည်ဆိုတာကို တိတိကျကျ မသိခဲ့ပေ။ သို့ရာတွင် ဆရာမနှင့် ပြောဆိုဆွေးနွေးပွဲတွင် အမှန်တရားကို ခိုတွယ်ထားသော သူ့ နှလုံးသား၏ အနက်ရှိုင်းဆုံးတစ်နေရာမှ မျှော်လင့်ချက်၏ အသံကို ကြားခဲ့ရခြင်းကိုတော့ သူကောင်းစွာ မှတ်မိနေသည်။ သည့်နောက် သူ၏ ပြောင်းလဲမှုများ စတင်ခဲ့သည်။

ခြောက်တန်းကျောင်းသူလေး လော်ရင်း၏ မျက်လုံးအိမ်ဝယ် မျက်ရည်များဝေ့ဝဲလာသောအခါ သူ၏ အမြင်အာရုံထဲတွင် ဆရာမ၏ မျက်နှာတစ်ခုလုံး ဝေဝါးမှုန်ရီသွားခဲ့သည်။ သို့ရာတွင် ဆရာမ၏ ရွှေအိုရောင် ဆံနွယ်ခွေလိပ်များနှင့် နားဆွဲလေး၏ အရောင်ကတော့ တောက်ပရွှန်းလက်နေဆဲပင်။ ငြိမ်သက်နေသော ကမာခွံထဲမှ ပုလဲနှစ်လုံးကို အနားကွပ်ပြီး အသွင်ပြောင်းလိုက်သောအခါ အလွန်လှပသော ပုလဲလေးတွေ ဖြစ်လာရသည်မဟုတ်လား။

သည်တော့မှ မိမိတွင်လည်း ချစ်စရာကောင်းသော အရာလေးများရှိနေကြောင်းကို လော်ရင်းသဘောပေါက် နားလည်လာရတော့သည်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တန်ဖိုးရှိလှသော သူ၏ အမှတ်တရ ဇာတ်လမ်းလေး ပြောပြပြီးသောအခါ ကျွန်မတို့နှစ်ယောက်သည် သက်တောင့်သက်သာရှိလှသော ငြိမ်သက်မှုကိုယ်စီနှင့် ထိုင်နေမိကြသည်။ ကျွန်မသည်လည်း အမှန်တကယ် အဓိပ္ပာယ်ရှိလှသော လော်ရင်း၏ နားဆွဲလေးများအကြောင်းကို တစ်ချိန်လုံး စဉ်းစားနေမိသည်။

ကျွန်မကိုယ်တိုင်သည်လည်း အရက်သမားတစ်ယောက် လွှမ်းမိုးသောအိမ်တွင် ကြီးပြင်းလာခဲ့ရသူတစ်ယောက် ဖြစ်သည်။ ကျွန်မ၏ ကလေးဘဝဇာတ်ကြောင်းများထဲတွင် နှစ်ပေါင်းများစွာ နစ်မြုပ်နေခဲ့ရသည်။ ယခု လော်ရင်းနှင့်ပါ အကြောင်းတိုက်ဆိုင်မိလာသောအခါ သနားဂရုဏာသက်စရာ ဘဝမျိုးကို ကျွန်မတို့ ကြုံခဲ့ရပါလားဟု သိလာရသည်။

သေသေချာချာ ဖုံးဝှက်ထားသည့် ဇာတ်လမ်းများ၏ အမှန်တရားကို ဖော်ထုတ်ဖို့သတ္တိကို လော်ရင်းက ကျွန်မအား လမ်းပြပေးခဲ့သည်။ အရက်သောက်သော မိသားစုတစ်ခုမှာ ကြီးပြင်းလာရသော ကလေးများ၌ အပြစ်မရှိပါ။ မိမိကိုယ်မိမိ တန်ဖိုးထားခြင်းသည် ဘုရားသခင်ကပေးသော လူတိုင်းနှင့် ထိုက်တန်သည့် မွေးရာပါ လက်ဆောင်ဖြစ်ကြောင်း၊ ထို တောက်ပသော ရတနာ လက်ဆောင်သည် မွေးကတည်းက မိမိနှင့်အတူ ပါလာကြောင်း၊ တစ်ဘဝတာတွင် ဂုဏ်ယူဝံ့ကြွားစွာ ဝတ်ဆင်ရမည့် လက်ဆောင်ဖြစ်သည့် အပြင်





အသက် အရွယ်ရလာမှ အသစ်ရှာဖွေတွေ့ရှိသော တလက်လက်တောက်ပနေသည့် စိန်ရတနာတစ်ပါးဟုဆိုနိုင်သည့် မိမိကိုယ်မိမိ တန်ဖိုးထားမှုကို ဝတ်ဆင်မည်ဆိုပါကလည်း နောက်မကျကြောင်းတို့ကိုပါ လော်ရင်းထံမှ သင်ယူရရှိခဲ့သည်။ သို့မှသာ မိမိကိုယ်မိမိ ချစ်မြတ်နိုးဖွယ် လူသားတစ်ယောက်အဖြစ် မြင်လာနိုင်မည်ဖြစ်သည်။

ထို့နောက် ဆော့ကစားရင်း ဗိုက်ဆာလာသော ကလေးငယ်များသည် စားပွဲဆီသို့ ပြေးလာကြကာ မြက်ခင်းပေါ်မှာ လဲသူကလဲ၊ ခုံတန်းပေါ် တက်သူကတက်နှင့် ရှိနေတော့သည်။

နောက်ပိုင်း တစ်ညနေခင်းလုံးမှာတော့ ကျွန်မတို့နှစ်ယောက်သည် မိဘတို့သဘာဝ ကသီလင်တနိုင်မှုများဖြင့် ရောထွေးယှက်တင် ရှိနေတော့သည်။ ဘိုလိုဂါမုန့်များကို စိတ်လိုက်ကြသည်။ ဖိတ်စင်နေသော နွားနို့များကို သန့်ရှင်းကြသည်။ သူတို့တတွေ ကျွမ်းပစ်ကစားကြတာတွေ၊ လျှောစီးကစားနေကြတာတွေကို သြဘာလက်ခုပ်တီးပေးကြသည်။ သူတို့ ကစားနေသောအရာများမှာ ကျွန်မတို့အတွက် သေးဖွဲလွန်းလှသည်။

ထိုစဉ်မှာပဲ လော်ရင်းကကျွန်မအတွက်မွေးနေ့လက်ဆောင်အဖြစ် ဗူးသေးသေးလေးတစ်ခုပေးသည်။ ဗူးလေးမှာ ပန်းပွင့်ပဒေသာ စက္ကူအနီရောင်လေးဖြင့်



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထုပ်ထားပြီး ရွှေပြားလေးပတ်ထား၍ သေသပ်လှပ
သည်။

ကျွန်မ ဘူးကလေးကို ဖွင့်ကြည့်လိုက်သည်။
အထဲတွင် တွေ့လိုက်ရသည်ကတော့ နားဆွဲလေးတစ်ရံ
ပင် ဖြစ်ပါသည်။

♦ ♦

# ညီအစ်ကိုတွေ ဖြစ်လာသည့်နေ့

The Day We Become Brothers By Albert DiBartolomeo

အမှောင်ဆုံးသောအချိန်တွင် ဝိညာဉ်သည် အားသစ်လောင်း၍
ခံနိုင်ရည်ရှိရန်အတွက် ခွန်အားတို့ ပေးကမ်းခြင်း ခံရသည်။
ဟီးယာ့တ် ဝါရီယာ ချီဆာ

ကျွန်တော့် ဖေဖေဆုံးတော့ ကျွန်တော့်အသက်မှာ ဆယ်
နှစ်သာ ရှိသေးသည်။ ရှစ်လကြာပြီးသောအခါ မေမေက
ကျွန်တော့်အနေနှင့် စံပြ ယောက်ျားကောင်းတို့ ရှိသင့်
ရှိအပ်သည့်အရာများ လိုအပ်နေသေးသည်ဟု ယူဆပြီး
ပင်ဆယ်လ်ဗေးနီးယားပြည်နယ် ဟာရှေးမြို့ရှိ မီလ်တန်
ဟာရှေးကျောင်းတွင် စာရင်းသွင်းပေးခဲ့သည်။

၁၉၆၄ခုနှစ် ဖေဖော်ဝါရီလ၏ တစ်ခုသောနေ့
ရက်တွင် ကျွန်တော်တို့၏ကား ကျောင်းနှင့် နီးလာသော
အခါ ကျွန်တော့် ဝမ်းဗိုက်ထဲမှ အလုံးကြီးတစ်ခု တင်းမာ
လာသလို ခံစားလိုက်ရသည်။ကျွန်တော့်ကိုယ်ကျွန်တော်
ရဲရင့်မှုရှိဖို့ ထပ်တလဲလဲ ပြောနေမိသည်။ ဖေဖေ မရှိတဲ့



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နောက် ငါ လူကြီးနေရာ ရောက်လာပြီလို့ မိမိကိုယ်မိမိ သဘောထားရတော့မည်။ အမှန်မှာတော့ ကျွန်တော်သည် ခံနိုင်ရည် ရှိရမည်ဆိုသောအတွေး တစ်ခုမှအပ ယောကျာ်းသားကြီးတစ်ယောက်လို နေထိုင်သွားရမည် ကို အတွေးထဲမှာပင် မရှိဖူးခဲ့ပေ။ ထို့ကြောင့် ယခုခရီး ကို ကျွန်တော့်တစ်ကိုယ်လုံးက ရှုန်းဆန်ငြင်းပယ်ချင်နေ ပေမဲ့ ကျွန်တော် မလိုက်ချင်ဘူးဆိုသော အလိုမကျ သည့်စကား တစ်ခွန်းတလေမှပင် မပြောခဲ့ပါ။ကျွန်တော့် ဘဝသည် ဒီအတိုင်းဆိုလျှင် မည်သို့မည်ပုံ စခန်းသွား မည်မသိ။ ဤကျောင်းမှ တခြားကျောင်းသားတွေက ကျွန်တော့်ကို မည်သို့မည်ပုံ တုံ့ပြန်ကြမည်ကိုလည်း မသိနိုင်။

ကျွန်တော်တို့ ကျောင်းကိုရောက်သောအခါ ကျွန်တော်တို့ သားအမိနှစ်ယောက်အား အလွန်သန့်ရှင်းလှသော ဘန်ဂလိုဆန်ဆန် အိမ်သစ်လေးတွင် နေရာချပေးသည်။ ထိုအိမ်၌ ကျွန်တော်နှင့်အတူ တွဲနေရမည့် ကျောင်းသား ၁၆ယောက် အုပ်စုတစ်စုရှိသည်။ ထို့ အပြင် ကျွန်တော်တို့ကို မိဘသဖွယ် အုပ်ထိန်းစောင့်ရှောက်မည့်သူတို့အတွက် အခန်းတစ်ခန်း ပါရှိသည်။ အခြားကျောင်းသားတစ်ယောက်နှင့် ကျွန်တော် အတူတွဲနေရမည့် အခန်းတစ်ခန်းကို လိုက်ပြနေချိန်မှာတော့ မေမေက နောက်ချန်နေခဲ့သည်။

လူသူတစ်ယောက်မှ မရှိသော ဧည့်ခန်းထဲသို့





ကျွန်တော် ပြန်ရောက်လာသောအခါ "ကျွန်တော့် မေမေ ဘယ်မှာလဲ" ဟု ကျွန်တော် မေးလိုက်သည်။

"အိုး၊ မင်းမေမေ ပြန်သွားပြီလေ" ဟု တစ်စုံတစ်ယောက်က လှမ်းပြောသည်။

မေမေထွက်သွားပြီ ဟုတ်လား။ ကျွန်တော့်ဒူတွေ ခွေကျလုမတတ် ဖြစ်သွားရသည်။ ကျွန်တော်နောက်ပိုင်းမှ သိလိုက်ရသည်က ကျောင်းအုပ်ချုပ်ရေးမှူးသည် စိတ်မကောင်းစရာ မြင်ကွင်းမျိုး မဖြစ်ပွားစေရန် နှုတ်ဆက်စကားမဆိုဘဲ တိတ်တဆိတ် ထွက်သွားဖို့ မေမေ့အား တိုက်တွန်းခဲ့ခြင်းဖြစ်သည်ဟု သိခဲ့ရသည်။

ကျွန်တော်သည် တစ်ညနေလုံး အိပ်ခန်းသစ်ထဲမှာပဲ ထိုင်နေရင်းနှင့် အချိန်ဖြုန်းနေခဲ့သည်။ လေးနာရီထိုး၍ ကျောင်းသားများ ကျောင်းမှ ပြန်လာကြသောအခါ သူတို့တတွေက ကျွန်တော့်ကို လာပြီး ကြည့်ကြသည်။

"ဟေ့ မင်းက ဂျပုလေးပါလားကွ" ဟု ကလေးတစ်ယောက်က ကျွန်တော့်ကို ပြောသည်။

"လီ၊ သူက ပုတာမဟုတ်ပါဘူးကွ။ လူကောင်သေးတာပါ" ဟု တဟ်ယောက်က ပြောပြန်သည်။

"သူ့ကို ပုရွက်ဆိတ်လေးလို့ ခေါ်ရင်ကောင်းမယ်ကွ" ဟု လီက ပြောသည်။

"မကောင်းဘူးကွ၊ သူ့ကို ပိုးကောင်လေးလို့ ခေါ်ရင်ပိုကောင်းမယ်"



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

"ငါကတော့ သူ့ရဲ့ အပိုမျက်လုံးတွေကို ကြိုက်တယ်ကွာ" ဟု တခြားကောင်လေးတစ်ယောက်က ကျွန်တော့် မျက်မှန်ကို ညွှန်ပြရင်းပြောသည်။

"ငါတို့ သူ့ကို ပိုးကောင်မျက်လုံးလို့ ခေါ်ရင် ပိုမကောင်းဘူးလား"

သူတို့ပေးသော ထိုနာမည်သည် ကျောင်းက အပြန် သံပြိုင်ခေါ်ဆိုကြသည့် နာမည် ဖြစ်လာသည်။

ညစာ စားပြီးသောအခါ စာကျက်ချိန် မတိုင်မီအထိ ကျွန်တော်တို့အတွက် အားလပ်ချိန် တစ်နာရီရသည်။ ကျွန်တော် စာအုပ်တစ်အုပ်ကိုင်ပြီး စာဖတ်မည်ပြင်သောအခါ ကျွန်တော်၏ အခန်းဖော်ဂျင်မ်က "မင်းသူများတွေရဲ့ အစအနောက် မခံချင်ဘူးဆိုရင် မင်းသိမှတ်ထားသင့်တာတွေ အများကြီးရှိတယ်။ တစ်ယောက်ယောက်က မင်းကို ရေတစ်ပုံးလောက် သွားဆွဲခိုင်းလိမ့်မယ်၊ ဒါမှမဟုတ် စပန်နာတစ်ခု သွားယူရင်ယူခိုင်းလိမ့်မယ်။ တစ်ခါတလေ မင်းရဲ့ သွားပွတ်တံပျောက်ရင် ပျောက်နေလိမ့်မယ်။ မင်းအနေနဲ့ မင်းရဲ့ မျက်မှန်ကို တစ်ချိန်လုံးတပ်ထားတာ ပိုကောင်းလိမ့် မယ်" ဟု ကျွန်တော့်ကို အကြံပေးပေးသည်။

"အခုလို သတိပေးတဲ့အတွက် ကျေးဇူးပဲကွာ"

အခန်းဖော်က ပခုံးတွန့်လိုက်ပြီး . . .

"မင်းအခုလို လူတိုင်းရဲ့ ချဉ်ဖတ်အဖြစ် ဆက်ဆံတာမျိုး မခံချင်ဖြစ်လာရင်တော့ မကြာခင်မှာ တစ်





ယောက်ယောက်ကို ထိုးကြိတ်ရလိမ့်မယ်" ဟု ဆိုသည်။

ဂျင်မ်ပြောပြသည်တို့ကို ကျွန်တော် သေသေချာချာ စဉ်းစားကြည့်ရင်း အတန်ကြာမျှ ထိုင်နေမိသည်။

"မင်းအဖေ သေသွားပြီဆို၊ ဟုတ်လား" ဟု ဂျင်မ်ကမေးသည်။

"ဟုတ်တယ်"

သူက စာအုပ်ကို ငုံ့ကြည့်ရင်း "ဒီလို သတင်းမျိုးကို ဘယ်သူကမှ ကြားချင်ကြမှာ မဟုတ်ဘူး" ဟု ဆိုသည်။

ထိုနေ့ညမှာပဲ ကျွန်တော် မငိုမိအောင် အစွမ်းကုန် ကြိုးစားခဲ့သည်။ သို့ရာတွင် ကျွန်တော့် ကြိုးစားမှုမှာ အရာမထင်ပါ။

ဂျင်မ်၏ ကြိုတင်သတိပေးပြောကြားမှုများသည် အမှန်တကယ်ပင် ဖြစ်လာ၏။ ကျွန်တော့် မျက်မှန်ကို ပစ်ဖမ်းတမ်း ကစားနေကြသည့် ကောင်လေးနှစ်ယောက်နှင့် ကျွန်တော် ရန်ဖြစ်ရသည်။ ကျွန်တော်အလွန်ဒေါသဖြစ်သွားပြီး ကောင်လေးစ်ယောက်၏ ဝမ်းဗိုက်ကို ခေါင်းဖြင့် ပြေးတိုက်ပြီး ကျွန်တော်တို့ နှစ် ယောက်လုံးလားထွေးလား ဖြစ်သွားကြသည်။

ကျွန်တော့် ဖေဖေအကြောင်းကို ဘယ်သူ့ကိုမှ မပြောမိပါ။ ဘယ်သူကမှလည်း သူတို့မိဘတွေ ဆုံးပါးသွားကြသည့်အကြောင်း ကျွန်တော့်ကို ပြောမပြကြပါ။ ဟာရှေးကျောင်းရှိ ကျောင်းသားများ၏ ပြောမပြသော



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သင်္ကေတမှာ သူတို့သည် မိဘမဲ့ဖြစ်နေသည့် ခံစားမှုမျိုးကို ငြင်းဆန်သလို ကျွန်တော်တို့အားလုံး၏ ကွယ်လွန်ပြီးပြီမိဘများအား စိတ်ထဲက လက်မခံနိုင်လောက်အောင် ငြင်းဆန်နေရသည့် အဖြစ်ပင်။

ကျောင်းသားများနှင့်အတူ ကစားရသည့် ကစားနည်းတွေထဲတွင် ကျွန်တော် အကြိုက်ဆုံးသော ကစားနည်းမှာ ဘောလုံးဖမ်းတမ်း ကစားသည့် နည်းပင် ဖြစ်သည်။ ကစားနည်းမှာ ဘောလုံးကို လေထဲမြှောက်ပစ်ပြီး ဖမ်းမိသူက ဘောလုံးကို မြေကြီးပေါ် မကျစေဘဲ မနားတမ်း လူကြားထဲမှာ ပတ်ပြေးရသည့် နည်းပင်ဖြစ်သည်။ ဘောလုံးဖမ်းသည့် ကစားနည်းသည် ကစားနည်းတစ်ခုနှင့် သိပ်မတူပါ။ ဘောလုံးလက်ဝယ်ရရှိဖို့အတွက် တစ်ယောက်ကိုယ်ကို တစ်ယောက် ဝင်တိုက်လျှင် တောင်ပန်ရသည်။ ထိုကစားနည်းမှာ ကျွန်တော်တို့၏ စိတ်ပျက်အားငယ်ခြင်း၊ ဒေါသဖြစ်တတ်ခြင်းတို့ကို ကုစားပေးနိုင်သည်ကို နောက်ပိုင်းမှ သိလာရသည်။

ထိုနှစ် နွေဦးရာသီနှောင်းပိုင်းတွင် ကျွန်တော်တို့ အခန်း၏ မိဘများအဖြစ် မစ္စတာနှင့် မစ္စစ်ကာနေးတို့ စုံတွဲ ရောက်ရှိလာသောကြောင့် ကျွန်တော်တို့အပေါ် ချုပ်ချယ်ထားသောကြိုးလည်း တစ်ပတ်လျော့သွား သည်။ သို့သော်လည်း သိပ်မကြာပါ။ အသေးအဖွဲ ကိစ္စလေးတွေကိုပင် ကောင်းကောင်းမွန်မွန် မလုပ်ကြတော့သလို တချို့ကျောင်းသားများကဆိုလျှင် မစ္စတာကာနေး





တို့စုံတွဲကိုပင် ရိုင်းရိုင်းစိုင်းစိုင်း ပြောဆို ဆက်ဆံလာကြသည်။

မစ္စတာကာနေး၏ တုံ့ပြန်မှုကတော့ အစည်းအဝေးတစ်ရပ်ခေါ်ယူကာ ကျောင်းသားတို့၏ မကျေနပ်မှုများကို သင်ပုန်းချေပြီး သူတို့အနေနှင့် ကျွန်တော်တို့အပေါ် မျှော်လင့်ချက်ထားသည်များကို ပြောဆိုရန်ဖြစ်သည်။ ကျွန်တော်တို့အဖို့ မစ္စတာကာနေတို့ ဇနီးမောင်နှံသည် ရန်သူ မဟုတ်တော့သည့်အပြင် မိဘကိုယ်စားအဖြစ် အမှန်တကယ် စောင့်ရှောက်နေသူများပင် ဖြစ်နေသည်။ ထိုအစည်းအဝေးပွဲတွင် ကျွန်တော်က . . .

“ဖြစ်ခဲ့တဲ့ ကိစ္စတွေတိုင်းမှာ မစ္စတာကာနေတို့က အကောင်းဖက်ကပဲ ရှိကြပါတယ်။ ကျောင်းသားတချို့က သူတို့ သဘောကောင်းတာကို အမြတ်ထုတ်သွားကြတာပါ” ဟု ပြောဆို ထောက်ပြခဲ့သည်။

အေးစက်သောပခုံးများက ချက်ချင်းပင် ကျွန်တော့်ကို ကျောခိုင်းသွားကြသည်။ မစ္စတာကာနေးတို့စုံတွဲက ကျွန်တော့်ကို တခြားကျောင်းသားများအကြား အနေရမခက်စေလိုဟန်ဖြင့် ထိုသောကြာနေ့ ညနေခင်းမှာပဲ သူတို့၏ အားလပ်ရက်နားနေအိမ်ကို ခေါ်သွားပါသည်။ ထိုအိမ်တွင် ကျွန်တော်သည် ငါးမျှားခြင်းဖြင့်သာ အချိန်တော်တော်များများ ကုန်ဆုံးခဲ့ရသည်။

ကျွန်တော့် အဆောင်သို့ ပြန်လာသောအခါ ဂျင်မ်က ကျွန်တော့်ကို သတင်းပေးသည်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



"မင်း မစ္စတာကာနေးတို့ စုံတွဲကို ဖော်လံဖား လုပ်တယ်လို့ အားလုံးက ထင်နေကြတယ်ကွ။ မင်းကို မကျေမနပ် ဖြစ်နေတဲ့ကောင်တွေ များတယ်နော်"

ကောင်းလေစွ။ ကျွန်တော်သည် နေသား တကျပြန်ဖြစ်အောင် လပေါင်းများစွာ ကြိုးစားခဲ့ရသည်။ နောက်တစ်နေ့ မနက်ခင်းတွင် ကျွန်တော့် သွားပွတ်တံ ကို ရေအိမ်ထဲတွင် တွေ့ရသည့်အတွက် ကျွန်တော် မအံ့ ဩတော့ပါ။

နှစ်လကြာပြီးသောအခါ လီ၊ ဘရစ်နှင့် ဂျင်မ် တို့သည် ရှည်လျားလှသော ဩဂုတ်လ၏ ညနေခင်းကို မည်သို့ အချိန်ဖြုန်းရမလဲဆိုတာ ဆုံးဖြတ်ရခက်နေ ကြောင်း ကျွန်တော် တစ်စွန်းတစ်စ ကြားလိုက်ရသည်။

"ရေကန်ကြီးဘက် သွားကြရအောင်ကွာ" ဟု ဂျင်မ်က ပြောသည်။

"ငါကတော့ ဘယ်သူမှ မတွေ့သေးတဲ့ ဟို လှိုဏ်ဂူတက်နေရာကို သွားချင်တယ်ကွာ" ဟု လီက ကျွန် တော်ပင် မမြင်တွေ့ဖူးသေးသည့် လှိုဏ်ဂူတက်နေရာတစ်ခု ကို ရည်ညွှန်းပြီးပြောသည်။

"ငါတို့ ဒီအတိုင်းပဲ လမ်းလျှောက်သွားရင် မကောင်းဘူးလားကွာ။ ဘယ်နေရာအထိ လျှောက်ကြ မလဲဆိုတာ စဉ်းစားကြတာပေါ့" ဟု ဘရစ်က ဆိုသည်။

"ဒါဆို ငါလည်းလိုက်မယ်ကွာ" ဟု ဂျင်မ်က ဆိုသည်။





"ငါလည်း လိုက်မယ်လေ" ဟု ကျွန်တော်က လည်း ဝင်ပြောလိုက်သည်။

"မင်းလို ဘောင်မဝင်တဲ့ကောင်ကို ဘယ်သူက လိုက်ခိုင်းလို့လဲကွ" ဟု လီက ကျွန်တော့်ကို ပြောသည်။

"မင်း ငါ့ကို အဲဒီလို မသုံးနှုန်းနဲ့"

"ဒါဆိုလည်း လေးလုံးပေါ့ကွာ"

ကျွန်တော်လည်း နောက်ထပ် ရန်မဖြစ်ချင် တာနဲ့ ကျွန်တော့်ရဲ့ ဒေါသကို မြိုချလိုက်တယ်။

"ငါကတော့ ဒီလမ်းအတိုင်းသွားပြီပေါ့။ ဘယ် သူပဲဖြစ်ဖြစ် လိုက်ချင်ရင်လိုက်ခဲ့။ မလိုက်ရင်တော့ သွား နှင့်ပြီကွာ" ဟု ဘရစ်က ခြေလှမ်းလှမ်းဖို့ အချက်ပေး ကာ စတင်လျှောက်သွားလေတော့သည်။ ဂျင်မ်နှင့် လီ ကလည်း နောက်ကလိုက်သွားသည်။ ကျွန်တော်လည်း လိုက်မလိုလို မလိုက်မလိုလို တုံ့ဆိုင်းနေပြီးမှ သူတို့အုပ် စုနှင့် လိုက်သွားသည်။

ပန်းရိုင်းများ ကွက်တိကွက်ကျား ပေါက် ရောက်နေသော မြက်ခင်းပြင်ကြီးကို ဖြတ်ပြီးသောအခါ စမ်းချောင်းငယ်လေးတစ်ခုကို ကျွန်တော်တို့တွေ့လိုက် ရသည်။ စမ်းချောင်းငယ်လေးကို ကျွန်တော်တို့ ခုန် ကျော်ပြီးနောက် မကြာခင်မှာပဲ မျက်စိတဆုံး ကျယ်ပြော လှသည့် ပြောင်းခင်းကြီးတစ်ခုဆီ ရောက်လာပါသည်။

"ငါတို့ ပြောင်းခင်းထဲ ဝင်ကြမယ်" ဟု လီက ပြောသောအခါ ကျွန်တော်တို့လည်း မဆိုင်းမတွပင် လိုက်ဝင်သွားကြပါသည်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပြောင်းခင်းထဲရောက်သောအခါ ကျွန်တော်တို့ အလိုလို ပုန်းကွယ်ပြီးသား ဖြစ်သွားလေတော့သည်။ သို့သော်လည်း အတွင်းထဲကို နက်သည်ထက်နက် အောင် ကျွန်တော်တို့ တိုးဝင်ခဲ့ကြသည်။ ပြန့်ကားသော ပြောင်းရွက်များက ကျွန်တော်တို့ မျက်နှာတွေကို ပွတ်ခြစ်သည်။ ပြောင်းဖူးများ၏ နားရွက်ဖားများက ကျွန်တော်တို့ခေါင်းကို ထိရိုက်သည်။

ကျွန်တော်တို့ ပြောင်းပင်တန်း သုံးဆယ်ကျော်လောက် ဖြတ်ပြီးတော့မှ မောမောပန်းပန်းနှင့် မြေကြီးပေါ် ထိုင်ချလိုက်ကြသည်။

"မင်းတို့ရဲ့ လျှို့ဝှက်နေရာဆိုတာ ဒါလားကွ" ဟု ကျွန်တော်က မေးလိုက်သည်။

"ဘယ်ကလာ ဟုတ်ရမှာလဲ" ဟု လီက ပြောပြီး သူ့ဘောင်းဘီထဲမှ စီးကရက်တွေကို ထုတ်သည်။

"မင်း ဒီနေရာမှာ ဆေးလိပ်မသောက်သင့်ဘူး ထင်တယ်နော်" ဟု ဂျင်မ်က ပြောသည်။

"ငါလည်းမသောက်ဘူး" ဟု ဘရုစ်ကပါ ပြောသည်။

ထိုအခါ လီက ပခုံးတွန့်လိုက်ပြီး . . .

"ကောင်းပြီလေ။ ဒီတော့ ချွေးမထွက်တော့ဘူးပေါ့ကွာ" ဟု ဆိုသည်။ ကျွန်တော် အံ့ဩသွားသည်။ မကြာခင်မှာပဲ ပြောင်းခင်းထဲမှတစ်စုံတစ်ရာသည် ကျွန်တော်တို့၏ ပုံမှန်နေထိုင်မှု အပြုအမူများကိုပြောင်းလဲ





စေနိုင်သည်ဆိုတာကို ကျွန်တော် သိရှိလာရသည်။ ဤနေရာသည် အပြင်ပိုင်း မာကျောသူတို့၊ မချေငံသူတို့ကို အရည်ပျော်စေသော နေရာတစ်ခုပေလား။ ကမ္ဘာကြီး မှ ပုန်းကွယ်နေသော ဤနေရာတွင် ကျွန်တော်တို့ အဖွဲ့တွဖြင့်သာ ခရီးသွားနေသော ကျွန်တော်တို့၏ ကိုယ်ရေးကိုယ်တာ လမ်းများပေါ်သို့ ရောက်နေပြီဆိုတာကို တွေ့ရှိလိုက်ရသည်။

ပထမဆုံး စကားစပြောသူက ဘရုစ်။

"ငါ့အဖေက အရောင်းစာရေးကွ။ တစ်နေ့မှာ မီးနီနေတုန်း ထရပ်ကားတစ်စီးက ငါ့အဖေရဲ့ကားကို ဝင်တိုက်မိတယ်။ အဖေဟာ အဲဒီနေရာမှာပဲ ပွဲချင်းပြီး သေသွားခဲ့ရတယ်။ အဲဒီအချိန်မှာ ငါက ကျောင်းမှာရှိတယ်။ ငါ့ကို ဖုန်းဆက်ပြီး အိမ်ပြန်ခဲ့ဖို့ လှမ်းခေါ်ကြတယ်။ ဒီတော့ ပြဿနာ ကြီးကြီးမားမားတစ်ခု ဖြစ်တာပဲလို့ ငါထင်တာ။ အဖေ အဲဒီလိုဖြစ်မယ်လို့ လုံးဝ မထင်ခဲ့ဘူး"

"ငါ့အဖေကတော့ နှလုံးရောဂါနဲ့ ဆုံးသွားတာ။ ဒါပေမဲ့ ငါ့အဖေကို သေသေချာချာ မသိခဲ့ပါဘူးကွာ။ ငါက လေးနှစ်သားပဲ ရှိသေးတယ်။ အဖေက ကျောင်းဆရာတဲ့" ဟု ဂျင်မ်က ဆိုသည်။

ခဏကြာပြီးသောအခါ လီက ပြောသည်။

"ငါ့ အဖေကတော့ လက်သမားကွ။ နွေရာသီ တစ်နေ့က ငါ့အတွက် သစ်သားကားလေးတစ်စီးတောင်



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လုပ်ပေးဖူးတယ်။ ယန်းကီးတွေရဲ့ ကစားဝိုင်းတွေကိုလည်း ခေါ်သွားတယ်။ တစ်ခါကဆိုရင် ဆပ်ကပ်ပွဲတောင် ခေါ်သွားဖူးတယ်။ နောက်တော့ သူ အရိုးကင်ဆာ ဖြစ်တော့တာပဲ။ ငါ့အဖေက လူသန်ကြီးကွ။ ဒါပေမဲ့ သူသေတဲ့အချိန်မှာတော့ ပဲပင်ပေါက်လောက်ပဲ ရှိတော့တယ်ကွာ" လီသည် ပြောနေရင်းနှင့် မျက်ရည်တွေ ဝဲလာသည်။ သူသည် ပြောင်းခင်းကြီးထဲကိုသာ ငေးကြည့်နေလေသည်။

ကျန်လူတွေလည်း မျက်ရည်တွေ ရစ်ဝဲလာသည်။ သူတို့၏ မျက်နှာအမူအယာတွေက ကျွန်တော်တစ်ခါမှ မမြင်ဖူးသော အမူအယာမျိုးတွေ။ ပြောင်းပင်ရိုးတံတို့ ပွတ်တိုက်သံများနှင့် ခပ်ဝေးဝေးမှ ကျီးကန်းတစ်ကောင်အော်သံကိုသာ ကြားရသည်။

ဘရစ်က တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

"မင်း အဖေအကြောင်း ငါတို့ကို မပြောရသေးဘူးနော်" ဟု သူက ကျွန်တော့်ကို ပြောသည်။

ကျွန်တော် ပြောချင်နေသလား၊ မပြောချင်ဘူးလားဆိုတာကိုပင် ကျွန်တော်မသိပါ။ ကျွန်တော်သည် ဟာရေးကျောင်းမှာ နေသည်က စိတ်ဓာတ်သန်မာဖို့ ဖြစ်သည်။ ယခုအချိန်မှာတော့ ကျွန်တော့် အနေနှင့် စိတ်ဓာတ်ယိမ်းယိုင်ချင်သလိုလို ဖြစ်လာသည်။ သို့ရာ တွင် ကျွန်တော်သည်လည်း သူတို့လိုပင် ဆက်လက်မအောင့်အည်းနိုင်သော ဝန်ထုပ်ဝန်ပိုးတစ်ခုကို ဖြေချလိုက်ချင်သည်။





"ငါ့အဖေကတော့ ဆီးချိုရောဂါကို အကြာကြီး ခံစားခဲ့ရတာကွ။ ဒါပေမဲ့ ငါ့အဖေသေရတာက ကျောက်ကပ် မကောင်းလို့ သေရတာကွ။ ငါ့ အမေက အဝေးရောက်နေလို့ ဆေးရုံက ဖုန်းဆက်ခေါ်ရတယ်။ တံခါးဖွင့်သံကြားရတော့ ငါက အိပ်ရာထဲမှာ။ မေမေက တံခါးဖွင့်ပြီးတော့ အပေါ်ထပ်ကို တက်လာတဲ့အသံ ငါကြားရတယ်။ မေမေ့ခြေသံ ကြားရကတည်းကိုက ငါ့စိတ်ထဲမှာ မကောင်းဘူး။ မေမေက 'သားအဖေဆုံးပြီ' လို့ မပြောခင်ကတည်းက ငါ ကြိုပြီး သိနေသလိုပဲ"

ကျွန်တော်တို့ ဖခင်တွေကွယ်လွန်ပြီးနောက် ကျွန်တော်တို့ မည်မျှ ခံစားရကြောင်းကိုတော့ များများစားစား မပြောဖြစ်ကြပါ။ ကျွန်တော်တို့ မည်မျှ ခံစားနရကြောင်းကို ကျွန်တော်တို့၏ မျက်နှာများ ကြည့်ရုံမျှဖြင့်ပင် သိရှိနိုင်ပါသည်။ ကျွန်တော်တို့ အများဆုံး ပြောဖြစ်ကြသည်မှာ ကျွန်တော်တို့ ဖခင်များ၏ နေထိုင်မှုဘဝ တွေအကြောင်းပင်ဖြစ်သည်။ ကျွန်တော်တို့ဖခင်တွေက ဘယ်လိုပုံစံ၊ ဘယ်လိုလူစားမျိုးတွေ ဆိုသည့် အကြောင်းတွေကိုသာ ပြောဖြစ်ကြသည်။ ကျွန်တော်တို့မှာသာ ဓာတ်ပုံတွေ ပါလာခဲ့ပါက လက်ဆင့်ကမ်း ကြည့်မိကြမည်ပင်။ သို့ရာတွင် ကျွန်တော်တို့အားလုံးမှာ မိမိတို့၏ ဖခင်ဓာတ်ပုံတွေ မရှိကြပါ။ ကုန်ကုန်ပြောရလျှင် ကျွန်တော်တို့ အခန်းထဲမှာပင် မရှိ။ ကျွန်တော်တို့၏ ဘဝနေထိုင်မှုထက် သာမန်မဟုတ်သော တောက်ပြောင်လှ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

သော ဘဝတွင် နေထိုင်ကျင်လည်သွားသော ဖေဖေတို့အား ဓာတ်ပုံနှင့် မှတ်တမ်းတင်သည်ထက် အမှတ်ရမှုများဖြင့် မှတ်တမ်းတင်ထားသည်ဟု ဆိုနိုင်ပါသည်။

ကျွန်တော်တို့တတွေ ဖခင်တွေအကြောင်း ဖလှယ်ပြီးကြသောအခါ တင်းမာမှုတွေ လျော့ပါးသွားကြပြီး မကြာခင်မှာပင် ကျွန်တော်တို့တတွေ နေထိုင်ရတာ ပေါ့ပါးလာကြသည်။ သို့ရာတွင် ကျွန်တော်တို့ နေရောင်ထဲ ခြေချမိကြသောအခါ တစ်ဦးကိုတစ်ဦး သာမန်နားလည်မှုများ ထားနိုင်လာကြသည်။ ဘဝက ဆုံးရှုံးမှုများကို ပေးလာသည့်အခါ ကျွန်တော်တို့အနေနှင့် ဆုံးရှုံးမှုများကို တစ်ကိုယ်တည်း ကြိတ်မခံစားရတော့ပါ။ ကျွန်တော်တို့တွင် ဖခင်တွေ ဆုံးရှုံးကြတာချင်း တူညီကြပြီး ထိုဆုံးရှုံးမှုနှင့်အတူ ပါလာသော သောကတွေကို လျော့ချဖို့လည်း လိုသည့်နေရာတွင်လည်း တူညီနေကြသည် ဆိုတာကို ကျွန်တော်တို့ ပထမဦးဆုံးအကြိမ်အဖြစ် သဘောပေါက် နားလည်မိကြသည်။

ကျွန်တော်တို့ အပြန်ခရီးတွင် စမ်းချောင်းလေးမှာရပ်နားပြီး ရေသောက်ကြသည်။ ဂျင်မ်က ကျွန်တော့်ဘေးမှာ။ သူ ဘေ့စ်ဘောဦးထုပ်ကို ချွတ်လိုက်တာ ကျွန်တော် ကြည့်နေမိသည်။ သူသည် မျက်နှာကို ရေဖြင့် ပက်ပြီး ရေစိုလက်များဖြင့် ဆံပင်တွေထဲ ထိုးဖွနေသည်။ သူသည် ဦးထုပ်ကို သူ့ခေါင်းပေါ်မှာ ပြန်ဆောင်းရမည့်အစား ကျွန်တော့်ခေါင်းပေါ်မှာ လာဆောင်းပေးသည်။





ကျန်သည့် လူတွေကလည်း ဝိုင်းအုံလာကြပြီး ကျွန်တော်တို့တတွေ စမ်းချောင်းလေးကို ခုန်ကျော်ကြပါသည်။

အဆောင်ရှိရာသို့ အပြန်ခရီးတွင် ကျွန်တော်တို့သည် ညီအစ်ကိုများအဖြစ် လမ်းလျှောက်ပြန်လာခဲ့ကြသည်ဟု ကျွန်တော် သိနေပါသည်။

◆◆

# လိုနေတဲ့ အစပ်အဟပ်တစ်ခု

One Ingredient Missing by Alex Witchel

ကျွန်မက မေမေ့ဆီက ချက်နည်းပြုတ်နည်းတွေ အကုန်ပေးဖို့ တောင်းတဲ့အခါ မေမေက အထအနကောက်ပြီး "ဘာဖြစ်လို့ လိုချင်ရတာလဲသမီး၊ မေမေ မသေသေးပါဘူးကွဲ့" လို့ မကျေမလည်နဲ့ ပြောတယ်။

"ဒါကို သမီးသဘောပေါက်ပါတယ်။ ဒါပေမဲ့ မေမေ အခုကတည်းက သင်ထားပေးရင် သမီးမေးသမျှ ဖြေတာလောက်ပဲ လုပ်ရတော့မှာပေါ့၊ မဟုတ်ဘူးလား" လို့ ကျွန်မက ပြန်ပြောလိုက်တယ်။

မေမေ့ဆီက သဘောတူတဲ့ အသံကို ညည်းညည်းငြူငြူနဲ့ ကြားလိုက်ရတယ်။ မေမေဟာ တစ်ခုခုကို စလုပ်တဲ့ အခါမျိုးမှာသာ မေမေ့မှာ အကျိုးသင့် အကြောင်းသင့်နဲ့ စဉ်းစားတတ်တယ်။ ဒီလိုနဲ့ ကျွန်မဟာ စားသောက်စရာ ဟင်းအမည် ၃၅ မျိုးတိတိကို စာရင်းပြုလုပ်လိုက်တယ်။ မေမေက ချက်နည်းပြုတ်နည်းတွေ

ရွှေဝံစာအုပ်တိုက်

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရေးဖို့ တစ်နှစ်လောက် အချိန်ယူရတယ်။ အဲဒီစာရင်း တွေ ကျွန်မဆီ ပို့တဲ့အခါမှာတော့ ဝါကျကြောင်းပါတဲ့ မှတ်ချက်ကလေးကိုပါ ရေးပေးတယ်။

"ဒီနည်းစနစ် တွေကို ကြိုးစားကြည့်၊ ရာသီဥ တုနဲ့ ညှိပြီးအပေါ့အငန်ကို ချင့်ချိန်ထည့်၊ လုပ်ကြည့်လို့ အဆင်မပြေရင် မေ့မေကို လှမ်းပြော" လို့ ဆိုထားတဲ့ ကျွန်မ သိသင့်တဲ့ အကြောင်းအရာလေးပါ။

ကျွန်မ ကြက်ဆင်ကင်နည်းကို အစပျိုးကြည့် တယ်။ ဘာရာဇီလူမျိုးခေါင်းညှပ်သမားတစ်ဦးဆီက တစ်ဆင့် ကျွန်မတို့ မိသားစုစဉ်ဆက်ရထားတဲ့ ကင်နည်း ပေါ့။ ကျွန်မဟာ မေမေ ညွှန်းထားတဲ့ နည်းစနစ်ကို ကြည့်တယ်။ ဝိုင်အရက်နီနီနဲ့အတူ ကြက်ဆင်သား ပြောင်း အိလာစေအောင် ၂၄နာရီတိတိ ကင်ရမယ်လို့ ပါတယ်။ ပြီးတော့ မဆလာအမွှေးအကြိုင်စတဲ့ အရော အနှောဟင်းခတ်တွေက တစ်နံ့တစ်လျှားကြီး ရေးထား တယ်။

"မေမေ ခဏနေဦး။မေမေ အရင်က ကြက် ဆင်ထဲမှာ တစ်ခုမဟုတ်တစ်ခု ထည့်ပြီး ကင်လေ့ရှိ တယ် မဟုတ်လား" လို့ ကျွန်မ ပြောလိုက်တယ်။

"ဟုတ်တယ်လေ သမီးရဲ့။ သမီးထည့်ချင် တယ်ဆိုရင် ကြက်သွန်ဖြစ်ဖြစ်၊ ပန်းသီး ဖြစ်ဖြစ် ပြီးတော့ ဆီးသီး၊ လိမ္မော်သီးတွေဖြစ်ဖြစ် ထည့်ချင်တာထည့်ပေါ့"

"မေမေရယ်၊ မေမေအရင်က ကြက်ဆင်ထဲကို ကြက်သွန်တွေကလွဲလို့ ဘာမှမထည့်ပဲ ဟာ"





ဒီတော့ မေမေရယ်နေတယ်။

"အေးပါကွယ်၊ သမီးဆန္ဒရှိရင် တခြားဟာ တွေလည်းထည့်လို့ရနိုင်သားပဲ"

"အိုကေ၊ သမီး သဘောပေါက်ပြီ" လို့ ကျွန်မ ပြောမိတယ်။

"သမီးက မေမေ့ရဲ့ အရှိန်အဝါတစ်ခုကို ခြေ ရာနင်းမှာစိုးလို့ မေမေသမီးကို မကျေမလည် ဖြစ်နေ တာမဟုတ်လား"

မေမေ့ရယ်သံက မာကျောနေတယ်။

"အို၊ ဒါနဲ့ စကားမစပ်၊ ကြက်သွန်နီတစ်လုံး နှစ်လုံးကို လှီးပြီး ရေနည်းနည်းပါ ဒယ်ထဲကိုရောထည့်၊ မီးကင်ထားတဲ့အသားကို ဆီဆွတ်လိုက်" လို့ မေမေက ပြောတယ်။

ကျွန်မ ဟင်းလျာချက်နည်းစာရင်းကြည့်လိုက် တယ်။ ကြက်သွန်ထည့်ရမှာ တစ်ကြိမ်မကဘဲ နှစ်ကြိမ် ထက်မနည်း ဖော်ပြထားတာတွေ့ရတယ်။

"ကောင်းပါပြီ မေမေ"လို့ ပြန်ပြောလိုက်တဲ့ ကျွန်မအသံဟာ အေးစက်နေတယ်။

မေမေ့အသံက ရန်ပြေငြိမ်းတဲ့အသံ ဖြစ်လာ တယ်။

"ကဲ၊ နားထောင် ချစ်သမီးလေး။ မေမေလည်း သမီးဘွားဘွား လက်ထက်တုန်းက အဲသလို စိတ်ကသိ ကအောင့်ဖြစ်ဖူးခဲ့တာလေးတွေရှိဖူးတယ်။ မေ့မေ့ဆီက



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နည်းစနစ်တောင်းခံတိုင်း အဲသလို ကြုံရတတ်တယ် သမီး။ မေမေ့မှာ အတိုင်းနဲ့အဆဆိုတာ ဘယ်တော့မှ ပုံသေမထားဘူး။ သမီးကို မေမေအမြဲပြောတတ်သလို သမီးဘွားဘွားက "ငါလုပ်တာစောင့်ကြည့်"လို့ ပြောတတ်တယ်ကွဲ့။ ကိုယ် ကိုယ်တိုင် ချက်တော့မှ ကိုယ့်ဘာသာကိုယ် ဘယ်လိုဘယ်လောက် ထည့်မိတယ်ဆိုတာ မတွက်ဆမိတော့ဘူး။ ထွက်လာတဲ့ အနံ့အသက် ရယ်၊ အရောင်အဆင်းရယ်တို့ဟာ အမြဲတန်း တစ်သမတ်တည်း မရှိဘူးကွဲ့"

"ဒါပေမဲ့၊ သမီးကတော့ တစ်သမတ်တည်းပဲ လိုချင်တယ်။ မေမေ အထူးတလည်ချက်ပြုတ်တဲ့အခါ ကြုံရတတ်တဲ့ အနံ့အသက်မျိုးပဲ သမီး အိမ်မှာ ကြိုင်သင်းနေစေချင်တယ်။ ချက်ထားတဲ့ ဟင်းတွေအကုန်လုံး အရသာရှိတဲ့အခါမှာ လူအားလုံးဟာ ကံကောင်းသလို ခံစားလာရစမြဲပဲ မဟုတ်လား မေမေရဲ့"

"မေမေပေးတဲ့နည်းက သမီးအတွက် ကောင်းမှာပါ"လို့ မေမေကပြောတယ် အဲဒီအချိန်မှာပဲ မေမေ့တံခါးက ဘဲလ်ခေါ်သံ ကြားတယ်။ "သမီးဆီမှာ အခက်အခဲကြုံရင် မေမေ့ကို ခေါ်ပေါ့ကွယ်"လို့ ပြောပြီး မေမေက ဖုန်းချသွားတယ်။

ကျွန်မ ကြက်ဆင်သားကို ထည့်ပြီးတဲ့အခါ အာလူးတွေထုထောင်းတယ်။ ကျွန်မဟာ ဘာသာတရားစည်းမျဉ်းအောက်က အိမ်မှာကြီးပြင်းလာသူပီပီ အာလူး





ကိုထောင်းရတဲ့အခါ စိတ်ခံစားမှုမရှိသလို ဖြစ်မိ လေ့ရှိတယ်။ နွားနို့နဲ့ ထောပတ်တွေဟာ အသားနဲ့ ရောနှောချက်ဖို့ မဖြစ်တဲ့အခါ ငါးနဲ့တော့ တစ်ခါတစ်ရံ ရောနှောချက်ပြုတ်ဖြစ်တယ်။ ကျွန်မတို့ အိမ်မှာတော့ အာလူးထောင်းဆိုတာ ဆားနဲ့မာဂျရင်းတို့နဲ့ပဲ ရောနှောပြီး ချက်လေ့ရှိတယ်။ အဲသလိုနဲ့ နှစ်တွေကြာလာတဲ့အခါ ကျွန်မဟာ တခြား ချက်နည်းပြုတ်နည်း အမျိုးမျိုးကိုသာ လေ့လာချက်ပြုတ်ပြီး ကျွန်မရဲ့ ကိုယ်ပိုင်အမြင်တွေပါ တစ်နည်းတစ်ဖုံနဲ့ပေါ်ထွက် လာရပါတယ်။

ကြက်ဆင်သားဟာ မေမေ မှန်းဆထားတဲ့ အချိန်ထက် အကျက်မြန်တယ်။ ကျွန်မဟာ ကျွန်မရဲ့ ခင်ပွန်းနဲ့ ၁၄နှစ် အရွယ်မွေးစားသားလေး ဆိုင်မွန်ကို ခေါ်လိုက်ပါတယ်။ သူတို့ စားပွဲကိုရောက်လာတဲ့ အချိန်မှာ ဆိုင်မွန်က . . .

"မေမေ ကြက်ဆင်သား ချက်ရတဲ့အကြောင်းက အခြားရည်ရွယ်ချက်မရှိပါဘူးနော်" လို့ မေးတယ်။

"မရှိပါဘူးကွယ်။ မေမေက အချက်ကျင့်တဲ့သဘောပါ"

ကျွန်မခင်ပွန်း ကြက်ဆင်သားကို နွှင်နေတဲ့ အချိန်မှာ ဆိုင်မွန်က . . .

"အေးစက်စက်ကြီး"လို့ ပြောတယ်။

မေမေချက်တဲ့ အရသာနဲ့တူမှ တူပါ့မလား။ အဲဒီအချိန်အခါက ကျွန်မအနေနဲ့ မေမေချက်ပြုတ်နေ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တာကို ပညာယူသလို ကြည့်ခဲ့ဖို့ကောင်းတယ်။ ကျွန်မတို့ရဲ့ ပန်းကန်တွေထဲကို ကြက်ဆင်သားတွေထည့်ပြီး စကားတွေပြော၊ ရယ်လည်းရယ်မောနဲ့ စားသောက်ကြတယ်။ ကြက်ဆင်သားဟာ စက္ကန့်ပိုင်းအတွင်းမှာပဲ ကုန်သွားရတယ်။ ဆိုင်မွန်က ကျွန်မဖက်လှည့်တယ်။သူ့မျက်နှာဟာ စိတ်လှုပ်ရှားမှု အရောင်တွေနဲ့ တောက်ပနေတယ်။ ကျွန်မမျက်နှာလည်း အဲသလိုပဲရှိမယ်ထင်ပါတယ်။ ကျွန်မဟာ မေမေ့ကို ချေပတဲ့အနေနဲ့ အိမ်မှာ လုပ်ပြလိုက်တဲ့ သဘောပါပဲ။

"ကျွန်တော့် တစ်သက်မှာ ဒီအာလူးထောင်းလောက်ကောင်းတာ တစ်ခါမှ မစားဖူးဘူး" ဆိုပြီး ဆိုင်မွန်က တက်တက်ကြွကြွအသံနဲ့ ပြောတယ်။

"အို၊ မေမေ ဝမ်းသာပါတယ်ကွယ်"

"မေမေ ဘယ်လိုချက်လိုက်တာလဲ ဟင်"

ကျွန်မက တစ်ကွက်ချန်ပြီး ဖြေလိုက်တယ်။ "ထောပတ်ရယ်" ကျွန်မက စပြောတယ်။ "နွားနို့နှစ်ရယ်" သူခေါင်း ညိတ်တယ်။ ကျွန်မတို့ရဲ့ ပန်းကန်တွေပြောင်သလင်းခါနေပြီ။ ပဥ္စလက်ဆန်လှတဲ့ အချိန်လေးဟာ ကုန်လွန်သွားပါပြီ။ သူလေးက တီဗွီဆီသွားကြည့်တယ်။

ကျွန်မ မီးဖိုဆောင်ထဲပြန်ဝင်တဲ့အချိန်မှာ ကြွင်းကျန်နေတဲ့ ထောပတ်နဲ့ နွားနို့အနှစ်တွေဆီ ငေးကြည့်မိတယ်။ ကျွန်မ ဘယ်လောက်တောင် အသုံးပြုမိပြီလဲ။ ကျွန်မ မမှတ်မိတော့။ ကျွန်မကို ဆိုင်မွန်က





ကျယ်ဝန်းတဲ့ မျက်လုံးကြီးတွေနဲ့ ပြုံးကြည့်နေတာကို တွေးမိတယ်။ ပြီးတော့ ကျွန်မသဘောပေါက်လာတယ်။ မေမေ့ဟာ ဘာကြောင့် ဒီလိုနည်းမျိုး စာနဲ့ရေးပေးရတာ အခက်တွေ့နေသလဲဆိုတာကိုပေါ့။ ပြီးတော့ မေမေရဲ့ မေမေကိုယ်တိုင်လည်း မေမေ့ကို ချက်နည်းပြုတ်နည်း ပြောပြရတာ အခက်တွေ့ခဲ့ရတယ်မဟုတ်လား။ဒါ ဘာကြောင့်လဲ။ ကြက်သွန်နီကြောင့်၊ ထောပတ်ကြောင့်၊ နွားနို့နှစ်ကြောင့်လား၊ ဒါလည်း မဟုတ်ပြန်ဘူး ကိုယ့်မိသားစုအပေါ်မှာ ကိုယ်ဘယ်လောက် ချစ်သလဲဆိုတာ စာနဲ့ပြည့်စုံအောင် ရေးမပြနိုင်သလိုမျိုးပေါ့။ ကိုယ်ဟာ သူတို့ပေါ်မှာ ဘယ်လောက်အထိ ကျေးမွေးချင်တဲ့ဆန္ဒရှိသလဲ၊ ဘယ်လောက်အထိဂရုစိုက်လိုတဲ့ စိတ်ရှိနေသလဲ။ ကိုယ် လုံခြုံမှုပေးနေတဲ့၊ အံ့သြမှုရှိနေတဲ့၊ ပလုပ်ပလောင်းဖြစ်နေတဲ့ပုံစံနဲ့ ကိုယ့်ကို မော့ကြည့်နေတဲ့ ကလေးရဲ့မျက်နှာအပြောင်းအလဲပေါ်မှာ ဘယ်နှခါ သတိထားမိပါသလဲ။

"သမီးရဲ့ ကြက်ဆင်သားက ဘယ်လိုလဲ" မေမေက နောက်တစ်နေ့ကျတော့ ဖုန်းနဲ့ မေးတယ်။

"သိပ်ကောင်းတာပဲ မေမေ၊ အရမ်းအောင်မြင်တာပဲ"လို့ ကျွန်မက ပြန်ဖြေလိုက်တယ်။

"သမီးက ဘာနဲ့ ရောလိုက်တာလဲ"

ကျွန်မနှုတ် တုန့်ဆိုင်းသွားတယ်။

"အာလူးထောင်းနဲ့"



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

"အို၊ ဟုတ်လား၊ ဒါဖြင့် သမီးက နည်းကောင်း တစ်ခုတွေ့ပြီပေါ့" မေမေက ပြန်မေးတယ်။

ကျွန်မပြုံးလိုက်တယ်။

"အစစ်ပေါ့ မေမေရယ်"လို့ ပြောပြီး "သမီး နည်းကောင်းတစ်ခု တွေ့လိုက်ပါပြီ"။

♦♦

# အိပ်မက်ဒိုးသူ

Follow Your Dream By Jack Canfield

ကျွန်တော့်မှာ ဆန် ဆီဒရိုက မြင်းမွေးမြူရေး ခြံကြီးတစ် ခြံကိုပိုင်တဲ့ မွန်တီ ရောဘတ်စ်ဆိုတဲ့ မိတ်ဆွေ တစ် ယောက် ရှိတယ်။ ကျွန်တော်က စွန့်စွန့်စားစား လူငယ် တွေအတွက် ရန်ပုံငွေ ရှာဖွေပွဲတွေ ပြုလုပ်တဲ့အခါ သူ့ရဲ့ မွေးမြူရေးခြံကြီးကို အသုံးပြုခွင့် ပေးတယ်။

နောက်ဆုံးတစ်ကြိမ် ကျွန်တော် သူ့ခြံကို ရောက်ခဲ့တုန်းက သူဟာ အောက်ပါအတိုင်း ပြောပြီး ကျွန်တော့်ကို မိတ်ဆက်ပေးတယ်။

"ဂျက်ကို ကျွန်တော့်ရဲ့ခြံ အသုံးပြုခွင့် ပေးရတဲ့ အကြောင်း ခင်ဗျားတို့ကို ကျွန်တော် ပြောပြချင်ပါတယ်။ ပြောရမယ်ဆိုရင်တော့ လူငယ်လေး တစ်ယောက်ရဲ့ အကြောင်းကို နောက်ကြောင်းပြန်ရပါမယ်။ အဲဒီလူငယ် လေးကတော့ မြင်းဇောင်းတစ်ခုကနေတစ်ခု၊ မြင်းပြိုင် ကွင်း တစ်ကွင်းကနေ တစ်ကွင်း၊ ယာခင်းတစ်ခုကနေ



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တစ်ခု၊ မြင်းခြံ တစ်ခြံကနေ တစ်ခြံ လှည့်လည်ပြီး မြင်းတွေကို လေ့ကျင့်ပေးတဲ့သူတစ်ယောက်ရဲ့ သားပေါ့။ အဆုံးမှာတော့ လူငယ်လေးဟာ အထက်တန်းကျောင်းသားဘဝမှာ မကြာခဏ အနှောင့်အယှက်တွေ ကြုံတယ်ဆိုပါတော့။ သူ့အထက်တန်း ကျောင်းသားကြီးဘဝမှာ ဆရာက သူ ကြီးလာရင် ဘာလုပ်ချင်သလဲ ဆိုတဲ့ အကြောင်း သူ့ကို စာစီစာကုံး ရေးခိုင်းတယ်။

"အဲဒီနေ့ညမှာပဲ သူဟာ တစ်နေ့နေ့မှာ မြင်းမွေးမြူရေး ခြံကြီးတစ်ခြံ ပိုင်ဆိုင်ရမယ်ဆိုတဲ့ သူ့ ရည်မှန်းချက် ပန်းတိုင်အကြောင်း ခုနစ်မျက်နှာတိတိ ရေးခဲ့တယ်။ သူဟာ သူ့ရဲ့ စိတ်ကူးယဉ်ပုံကို အသေးစိတ်ရေးထားတဲ့အပြင် ဧက ၂၀၀ ရှိတဲ့ ခြံကြီးရဲ့ တည်နေပုံ၊ အဆောက်အဦ ဆောက်လုပ်မယ့်နေရာတွေ၊ မြင်းဇောင်းတွေ၊ လမ်းကြောင်းတွေ ထားမယ့် နေရာတွေကိုပါ ပုံနဲ့ ဆွဲပြထားတယ်။ ပြီးတော့မှ သူ့ရဲ့ စိတ်ကူးယဉ်မြင်းမွေးမြူရေးခြံကြီးထဲမှာ ဆောက်လုပ်မယ့် ပေလေးထောင်ပတ်လည် အိမ်ကြီးတစ်ဆောင်ရဲ့ပုံစံကိုပါအသေးစိတ် ရေးဆွဲခဲ့တယ်။

"သူဟာ ဆရာခိုင်းတဲ့ အလုပ်ကို သူ့နှလုံးသွေးနဲ့အမျှ ရေးသားခဲ့ပြီး နောက်တစ်နေ့မှာ အဲဒီစာရွက်တွေ ဆရာ့ကို ပေးလိုက်တယ်။ နှစ်ရက်ကြာပြီးတဲ့အခါ သူ့ရဲ့ အဖြေလွှာတွေ ပြန်ရတယ်။ ရှေ့ဆုံးစာမျက်နှာမှာ ရမှတ်အဆင့် (F) ဆိုတဲ့ စာလုံးကြီးကို မင်နီနဲ့ ရေးထားတာ





တွေ့ရပြီး 'အတန်းပြီးလျှင် လာတွေ့ပါ' လို့ မှတ်စုတို လေးရေးထားတာကိုပါ တွေ့လိုက်ရတယ်။

"အတန်းပြီးတဲ့အခါ စိတ်ကူးအိပ်မက်တွေ အပြည့်ရှိနေတဲ့ကောင်လေးဟာ ဆရာ့ကို သွားတွေ့ပြီး 'ကျွန်တော် ဘာကြောင့် (F) ပဲ ရတာလဲဆရာ' လို့ မေးတယ်။

"ဒီတော့ ဆရာက 'မင်းလို လူငယ်လေး တစ်ယောက်အတွက် လုံးဝ ဖြစ်မလာနိုင်တာတွေ မင်း ရေးထားတာကိုး။ မင်းမှာ ငွေမရှိဘူး။ လူကလည်း မြင်းထိန်းမိသားစုက ပေါက်ဖွားလာတဲ့သူ။ မင်းမှာ သယံဇာတ ပိုင်ဆိုင်မှုလည်း မရှိဘူး။ မြင်းမွေးမြူရေးခြံကြီးတစ်ခြံ ပိုင်ဆိုင်ဖို့အတွက် ငွေတွေ အများကြီးလိုတယ်ကွဲ့။ မြင်းတွေ ဝယ်ဖို့အတွက် မြင်းဈေးကွက်မှာ မင်း ငွေတွေ အများကြီး သွင်းရမယ်။ နောက်ပိုင်းမှာ မြင်းတွေ အများကြီး မွေးတဲ့အတွက်လည်း ငွေတွေ ပေးရဦးမယ်။ ဒီ တော့ မင်းအနေနဲ့ အဲဒီလောက်အထိ လုပ်နိုင်မယ့် လမ်း မှ မရှိတာကိုး။ မင်း ဒီ စာစီစာကုံးကို ဖြစ်နိုင်ခြေရှိတဲ့ ရည်မှန်းချက်မျိုးနဲ့ အသစ်ပြန်ရေးမယ်ဆိုရင်တော့ ဆရာ့အနေနဲ့ မင်းကိုပေးတဲ့ ရမှတ်အဆင့်ကို ပြန်စဉ်းစားမယ်' လို့ သူ့ကို ပြောပြတယ်။

"ဒီတော့ ကောင်လေးဟာ အိမ်ကိုပြန်ပြီး အဲဒီအကြောင်းကို ခေါင်းရှုပ်ခံပြီး စဉ်းစားတယ်။ သူ ဘာလုပ်ရမလဲဆိုတာ သူ့အဖေကိုလည်း မေးတယ်။ သူ့အဖေက



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တော့ 'ဒီမှာသား၊ ဒီကိစ္စကိုတော့ သားရဲ့ ကိုယ်ပိုင် ဆုံးဖြတ်ချက်နဲ့ ဆုံးဖြတ်တာ ပိုကောင်းလိမ့်မယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ ဒီဆုံးဖြတ်ချက်ဟာ သားအတွက် အလွန် အရေးကြီးတဲ့ ဆုံးဖြတ်ချက် ဖြစ်လိမ့်မယ်လို့ အဖေထင်တယ်' လို့ပဲ သူ့ကို ပြန်ပြောခဲ့တယ်။

"ကောင်လေးဟာ အဲဒီကိစ္စကို တစ်ပတ်ကြာအောင် ထိုင်စဉ်းစားပြီးတဲ့အခါ သူ အရင်ရေးထားတဲ့ စာစီစာကုံးကို ဘာမှ မပြင်ဆင်ဘဲ ဆရာ့ကို ဒီအတိုင်း ပေးလိုက်တယ်။ ပြီးတော့ 'ဆရာ့အနေနဲ့(F)အဆင့်ကို ပေးခွင့်ရှိသလို ကျွန်တော့်အနေနဲ့လည်း ကျွန်တော့် အိပ်မက်ကို ဆက်မက်ခွင့်ရှိတယ်' လို့ ရေးပေးလိုက်တယ်"

မွန်တီဟာ တက်ရောက်လာတဲ့ လူအုပ်ကြီးကို ကြည့်ပြီး ဆက်ပြောတယ်။

"ကျွန်တော် ဒီဇာတ်ကြောင်းလေးကို ပြောပြရတာကတော့ လူကြီးမင်းတို့ဟာ ဧက ၂၀၀ရှိတဲ့ မြင်းမွေးမြူရေးခြံကြီးရဲ့ ပေလေးထောင်ရှိတဲ့ အိမ်ကြီးထဲမှာ ထိုင်နေကြလို့ပဲ ဖြစ်ပါတယ်။ မီးဖိုအထက်မှာ အဲဒီစာစီစာကုံးကို ကျွန်တော်ဟာ အခုအချိန်အထိ မှန်ဘောင်သွင်းပြီး ချိတ်ဆွဲထားတုန်းပါပဲ။ ဒီဇာတ်လမ်းရဲ့ ဇာတ်ရှိန်အမြင့်ဆုံးကတော့ လွန်ခဲ့တဲ့ နှစ်နှစ်က အဲဒီ ကျောင်းဆရာဟာ ကျွန်တော့် ခြံထဲမှာ တစ်ပတ်ကြာ စခန်းချဖို့ ကလေး ၃၀ ကို ခေါ်လာတာပါပဲ။ စခန်းချပြီးလို့ ပြန်ကာနီးမှာ ဆရာက 'မွန်တီ၊ အခုအချိန်မျိုးမှာတော့ ဆရာ မင်းကို





ပြောပြလို့ရပါပြီကွာ။ ငါ မင်းရဲ့ ဆရာ ဖြစ်ခဲ့စဉ်က ဆရာဟာ အိပ်မက်ခိုးသူတစ်ယောက် ဖြစ်ခဲ့တယ်လို့ ဆိုရ မယ်။ ဆရာဟာ အဲဒီ နှစ်ကာလတွေမှာ ကလေးတော်တော်များများရဲ့ အိပ်မက်တွေကို ခိုးယူခဲ့မိတယ်။ ကံကောင်းချင်တော့ မင်းဟာ မင်းရဲ့ စိတ်ကူးအိပ်မက်တွေကို လွယ်လွယ်နဲ့ အလျှော့မပေးနိုင်လောက်အောင် တင်းခံခဲ့တယ်' လို့ ကျွန်တော့်ကို ပြောခဲ့တယ်။

သင့်ရဲ့ အိပ်မက်တွေကို ဘယ်သူ့ကိုမှ ခိုးယူခွင့် မပေးပါနဲ့။ ဘယ်လိုပဲ ဖြစ်နေဖြစ်နေ မိမိရဲ့ နှလုံးသားကိုပဲ နာခံပါ။

◆◆



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

# ပြေး . . ပက်တီ . . ပြေး

Run, Patty, Run By Mark V. Hansen

အသက်အရွယ် ငယ်နုစဉ်ကာလကတည်းက ဆရာဝန်က သူ၏လူနာဖြစ်သည့် ပက်တီ ဝီလ်ဆန်အား ဝက်ရူးပြန်ရောဂါ ရှိနေပြီဟု ပြောခဲ့သည်။ ပက်တီ၏ဖခင် ဂျင်မ် ဝီလ်ဆန်သည် မနက်ခင်းတိုင်း ပုံမှန် လမ်းလျှောက်သူဖြစ်သည်။ တစ်နေ့တွင် ပက်တီသည် ဖခင်ဖြစ်သူအား ဆယ်ကျော်သက်တို့၏ အပြုံးမျိုးဖြင့် ပြုံးပြရင်း "ဖေဖေ၊ သမီးအလုပ်ချင်ဆုံးကတော့ ဖေဖေနဲ့အတူ နေ့တိုင်း ပြေးဖို့ပဲ။ ဒါပေမဲ့ သမီးရောဂါ ပြန်ထလာမှာကို ကြောက်တယ်" ဟု ဆိုသည်။

"သမီးရောဂါ ပြန်ထလာရင် ဖေဖေ ဘယ်လိုလုပ်ရမလဲဆိုတာ သိပါတယ်ကွယ်၊ ဒဲ ဒီတော့ စပြေးကြစို့" ဟု ဖခင်ဖြစ်သူက သူမအား ပြန်ပြောလိုက်သည်။

ထိုမှစ၍ သူတို့ သားအဖနှစ်ယောက် နေ့စဉ် ပြေးကြသည်။ သူတို့အတွက် ထူးဆန်းသော အတွေ့



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အကြံဟုပင် ဆိုရမည်ထင်သည်။ ပက်တီ ပြေးနေစဉ် ကာလတစ်လျှောက်လုံး သူမ၏ရောဂါသည် လုံးဝ ပြန်မထလာခဲ့ပေ။ သီတင်းပတ် အနည်းငယ် ကြာပြီးသော အခါ ပက်တီက . . .

"ဖေဖေ၊ သမီး အမှန်တကယ် အလုပ်ချင်ဆုံးက အမျိုးသမီးတွေအတွက် သတ်မှတ်ထားတဲ့ ကမ္ဘာ့အဝေးဆုံး ပြေးနိုင်တဲ့ စံချိန်ကို ချိုးပစ်ချင်တာပဲ" ဟု ဖခင်ဖြစ်သူအား ပြောပြသည်။

ပက်တီ၏ ဖခင်က ဂရင်းနစ် ကမ္ဘာ့စံချိန် စာအုပ်ကို စစ်ဆေးကြည့်ရာ ကမ္ဘာပေါ်တွင် အမျိုးသမီးတစ်ယောက် အဝေးဆုံးပြေးနိုင်သော စံချိန်မှာ မိုင် ၈၀ ဖြစ်နေသည်ကို တွေ့သည်။ အထက်တန်းကျောင်းသူသစ်လေးဖြစ်သော ပက်တီက "ကျွန်မ အောရိန့်ချ်ကောင်တီကနေ ဆန်ဖရန်ဆစ္စကိုအထိ ပြေးမယ်။ (ထိုမြို့ နှစ်မြို့၏ အကွာအဝေးမှာ မိုင် ၄၀၀ ရှိသည်) နောက်တစ်တန်းရောက်ရင် ပေါ့တ် လန်းကနေ ဩရီဂွန်အထိ ပြေးမယ်။(မိုင် ၁၅၀၀ ကျော် ကွာဝေးသည်) နောက်တစ်တန်းတက်ရင် စိန့် လူးဝစ် အထိ ပြေးမယ်။ (မိုင် ၂၀၀၀ ခန့် ကွာဝေးသည်) နောက်ထပ် တစ်တန်း တက်ရင် အိမ်ဖြူတော်အထိ ပြေးမယ်။ (မိုင် ၃၀၀၀ကျော် ကွာဝေးသည်) "ဟု ကြွေးကြော်သည်။

ပက်တီ၏ ပြိုင်ပွဲအမြင်မှာတော့ သူမသည် စိတ်အားထက်သန်မှုရှိသလောက် ရည်မှန်းချက် ကြီးမား





လှသူ ဖြစ်သည်။ သို့ရာတွင် သူမအနေနှင့် ဝက်ရူးပြန်ရောဂါရှိသူဖြစ်၍ တစ်ပန်းရှုံးနေသည့် အပေါ်တွင် သူမ၏ အမြင်က ရိုးရှင်းလှသည်။ သူမ၏ ဝက်ရူးပြန်ရောဂါကို "အဆင်မပြေမှု တစ်ခု"ဟုသာ သဘောထားသည်။ ပက်တီသည် သူမ ဆုံးရှုံးခဲ့ရမှုများကို အာရုံမစိုက်ပါ။ သူမ ချန်ထားရစ်မည့် အရာအပေါ်မှာသာ အာရုံစိုက်သည်။

ဆန်ဖရန်ဆစ္စကိုသို့ ပြေးသည့်ခရီးစဉ်ပြီးသည့် နှစ်တွင် သူမသည် "ဝက်ရူးပြန်ရောဂါသည်တွေကို ကျွန်မချစ်တယ်" ဟု စာတန်းရိုက်နှိပ်ထားသည့် တီရှပ်ကို ဝတ်၍ ပြေးခဲ့သည်။ သူမ၏ ဖခင်က သူမဘေးတွင် ယှဉ်လျှက် တစ်လျှောက်လုံး လိုက်ပါလာခဲ့သည်။ သူမ၏ မိခင်ဖြစ်သည့် သူနာပြုဆရာမကတော့ အရေးကြုံပါက အဆင်သင့်ဖြစ်နေရန် မော်တော်ကား အိမ်ဖြင့် သူတို့နောက်မှ လိုက်ပါခဲ့သည်။

နောက်တစ်နှစ်တွင် ပက်တီ ပြေးသောအခါ သူမ၏ အတန်းဖော်များလည်း သူမနောက်မှ လိုက်ပါလာသည်။ သူမ၏ သူငယ်ချင်းများက "ပြေး . . ပက်တီ ပြေး" ဟူသော စာတန်းကြီး ရေးထားသည့် ဧရာမ ပိုစတာကြီးကို ထောင်ပေးကြသည်။ (ထိုစာတန်းသည် ထိုစဉ်အချိန်ကတည်းက သူမ၏ လက်စွဲ ဖြစ်ခဲ့သလို နောင်တွင် သူမရေးသားသော စာအုပ် ခေါင်းစဉ် ဖြစ်လာခဲ့သည်) ပက်တီ၏ ဒုတိယအကြိမ် မာရသွန် ပြေးပွဲ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖြစ်သည့် ပေါ့တ်လန်းသို့ ပြေးရာတွင် သူမခြေထောက်မှ အရိုး အက်သွားခဲ့ရသည်။ ဆရာဝန်တစ်ယောက်က သူမကို အပြေးရပ်ဖို့ ပြောခဲ့သည်။

"မင်းရဲ့ ခြေမျက်စေ့ကို သတ္တုအစားထိုးထားရ လိမ့်မယ်။ ဒါမှ သေရာပါဒဏ် မဖြစ်မှာ" ဟု ဆရာဝန်က ပြောခဲ့သည်။

"ဆရာ နားမလည်ပါဘူးရှင်။ ကျွန်မ အခုလို ပြေးတာ ကိုယ့်ဘာသာကိုယ် စိတ်ကူးယဉ်ပြီး ပြေးတာ သက်သက် မဟုတ်ဘူး။ အလွန် ထူးခြားလှတဲ့ ဇွဲကို ပြချင်တာပါ။ အခုလို ပြေးတာဟာ ကျွန်မအတွက် မဟုတ်ဘူး။ တခြား လူပေါင်းများစွာကို ဘောင်ခတ်ပေး ထားတဲ့ ဦးနှောက်ပေါ်က အချုပ်အနှောင်တွေကို ချိုး ဖြတ်ဖို့ လုပ်နေတာပါ။ ကျွန်မ ဆက်ပြီး ပြေးနိုင်မယ့် တခြားနည်းလမ်းတွေ မရှိတော့ဘူးလားဟင်" ဟု ပက်တီက ဆရာဝန်ကို ပြောပြခဲ့သည်။ ထိုအခါ ဆရာ ဝန်က သူမကို ရွေးချယ်ခွင့်တစ်ခု ပေးခဲ့သည်။ သူ့အနေ နှင့် သူမ၏ ဒဏ်ရာကို သတ္တုဖြင့် အစားမထိုးတော့ဘဲ ကျပ်စည်းနိုင်သည်ဟု ဆိုသည်။ ကျပ်စည်းထားလျှင် မခံမရပ်နိုင် လောက်အောင် နာကျင်သည့် ဝေဒနာကို ခံစားရမည်ဟု ဆရာဝန်က သူမကိုသတိပေးပြီး "ယောင် ကိုင်းလာလိမ့် မယ်" ဟု ပြောခဲ့သည်။ ထိုအခါ ပက်တီ က ကျပ်စည်းပေးပါဟု တောင်းဆိုခဲ့သည်။

ပက်တီ၏ ပေါ့တ်လန်းသို့ ပြေးသည့် နောက်





ဆုံးခရီးမိုင်ကို ဩရီဂွန်မြို့၏ အုပ်ချုပ်သူနှင့် အတူပြေးပြီး ပန်းဝင်ခဲ့သည်။ သတင်းစာတို့၏ ခေါင်းကြီးပိုင်းတွင် "ဆူပါ အပြေးမယ် ပက်တီ ဝီလ်ဆန်၊ ဝက်ရူးပြန်ရောဂါ သည်များအတွက် သူမ၏ မာရသွန် ခရီးစဉ်ကို သူမ၏ ၁၇ နှစ်မြောက်မွေးနေ့တွင် ပန်းဝင်ခဲ့" ဟူသော ခေါင်း စည်း များဖြင့် ဖော်ပြကြသည်။

ပက်တီသည် အနောက်ဖက် ကမ်းရိုးတန်းမှ အရှေ့ဖက် ကမ်းရိုးတန်းသို့ လေးလနီးပါး အဆက် မပြတ် ပြေးခဲ့ပြီးနောက် ဝါရှင်တန်သို့ ရောက်ရှိခဲ့ပြီး အမေရိကန် ပြည်ထောင်စု၏ သမ္မတကြီးနှင့် လက်ဆွဲ နှုတ်ဆက်ခဲ့သည်။

"ဝက်ရူးပြန် ရောဂါသည်တွေဟာလည်း သာ မန်ဘဝမှာ နေထိုင်တဲ့ သာမန်လူသားတွေ ဖြစ်တယ်ဆို တဲ့အကြောင်း လူတွေကို သိစေချင်လို့ပါ" ဟု ပက်တီက သမ္မတကြီးအား ပြောပြခဲ့သည်။

ကျွန်တော်သည် ထိုဇာတ်လမ်းကို မကြာသေး ခင်က ပြုလုပ်ခဲ့သော နှီးနှောဖလှယ်ပွဲတစ်ခုတွင် ပြောပြ ခဲ့သည်။ ပွဲပြီးသောအခါ မျက်ရည်တွေ စိုရွှဲနေသော လူတစ်ယောက် ကျွန်တော့်ထံ ရောက်လာကာ သူ၏ ပြည့်တင်းနေသော လက်ကြီးကို ဆန့်တန်းပြီး . . .

"မာ့ခ်၊ ကျွန်တော့်နာမည်က ဂျင်မ် ဝီလ်ဆန်ပါ။ ခင်ဗျားပြောခဲ့တာ ကျွန်တော့်သမီး ပက်တီရဲ့ အကြောင်း ပဲ" ဟု ဆိုပါသည်။ သူက ပက်တီ၏ မြင့်မြတ်သော



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံအဝှမ်းတွင် ဝက်ရူးပြန်ရောဂါသည်များအတွက် ဌာနများဖွင့်လှစ်ရန် ဒေါ်လာ ၁၉သန်းကျော် မတည်နိုင်ခဲ့ပြီ ဖြစ်ကြောင်း ပြောပြပါသည်။

ပက်တီ ဝီလ်ဆန်လို ဝေဒနာသည်တစ်ဦးက ဤမျှအထိ လုပ်နိုင်သည်ဆိုလျှင် သင်တို့လို ဒေါင်ဒေါင်မြည်နေသောအခြေအနေမှာရှိနေသည့် လူမျိုးတွေက မည်သို့သော ထူးခြားပေါ်လွင်သည့် အရာတွေကို လုပ်ဆောင်နိုင်မည်နည်း။

♦♦

# ကြေကွဲစရာမကောင်းလှသော အသုဘ

The Funeral By Marsha Arons

စိတ်ဓာတ်ကျစရာမှန်သမျှ ကျွန်မ မစဉ်းစားဘူး။
ကျန်ရှိနေသေးတဲ့ အလှအပမှန်သမျှကိုပဲ စဉ်းစားတယ်။
အန်း ဖရန့်ခ်

အသုဘချသည့် တစ်မနက်လုံး မိုးတွေရွာချထား၍ မြေကြီးမှာ စိုစွတ်နေသည်။ ဝမ်းနည်းပူဆွေးနေကြသူများသည် ဘွတ်ဖိနပ်များစီးလျက် သူတို့၏ ကားများပေါ်မှ အသစ်စက်စက် တူးထားသော သင်္ချိုင်းရှိရာသို့ ခင်းထားသည့် ကော်ဇော တစ်လျှောက် သတိထားပြီး လျှောက်လှမ်းနေကြရသည်။ ထို အသုဘမှာ ဝမ်းနည်းကြေကွဲစရာ မကောင်းလှပါ။ ကွယ်လွန်သူ အိုင်းဆက်ရော့စ်သည် အလွန်အိုမင်းနေပြီဖြစ်ပြီး အသက် ၉၀ ရှိနေပြီဖြစ်သည်။ ထို့အပြင် ကွယ်လွန်မည့် နံနက်ခင်းအချိန်အထိ သူ့ ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည်နေဆဲ။ သူ၏ သား



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သမီးများ၊ မြေးမြစ်များတို့သည် မိတ်ဆွေသဟာများ၊ မိသားစုဘဝနှင့် သူ၏အလုပ်တွင် ပျော်ပျော်နေလေ့ရှိသော၊ သဘောကောင်းသော၊ ကြင်နာတတ်သော ချစ်စရာကောင်းလှသည့် သူ့ကို အထူးတလည်ပင် သတိရ တမ်းတနေကြပေမည်။ ဘဝတွင် ထို့ထက်ပို၍ မည်သူမျှ တောင်းဆို၍ မရနိုင်ပါ။ မည်သို့ပင်ဖြစ်စေ ထိုအသုဘသည် ကြေကွဲဝမ်းနည်းစရာ ကောင်းသော အသုဘ တစ်ခု မဟုတ်ပါ။

အိုင်းဆက်သည် သကြားလုံးများကို ဝေပေးလေ့ရှိသူတစ်ယောက်ဖြစ်၍ ကျွန်မလည်း သူ့ အသုဘသို့ ရောက်နေခြင်းဖြစ်သည်။ သူသည် ဂျူးတို့၏ ဘာသာရေးခန်းမရှေ့တွင်ထိုင်လျှက် ဝတ်ပြုချိန်အတွင်း လာရောက်လေ့ရှိသော ကလေးသူငယ်များကို သကြားလုံးများ ဝေပေးလေ့ရှိသူ တစ်ယောက် ဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း ဘုရားကျောင်းကို လာကြသူအားလုံးက သူ့ကို သိကြသည်။ မိဘအတော်များများအတွက် ဝတ်ပြုချိန်အတွင်း၊ ဆုတောင်းချိန်အတွင်း သူတို့၏ ကလေးများကို အိုင်းဆက်က သကြားလုံးပေး၍ မက်လုံးပေး ကာ ငြိမ်အောင် ထိန်းထားနိုင်သည့်အတွက် အိုင်းဆက်၏လုပ်ရပ်မှာ အဖိုးတန်လှသော ဝန်ဆောင်မှု တစ်ခု ဖြစ်နေလေသည်။ တိုရာ ဘာသာရေးကျမ်းစာတွင် ကလေးတွေစိတ်ဝင်စားလာရန် ကလေးတွေကို သကြားလုံးများဖြင့် ဆုချသင့်သည်ဟု မိဘဖြစ်သူများကို ပြော





ကြားရသည်ကို သူက အလွန်သဘောတွေ့သည်။ သို့မှ သာ စကားလုံးများသည် သကြားလုံးများဖြင့် အမြဲ ဒွန်တွဲလျှက်ရှိနေပြီး ကလေးတွေအတွက်လည်း စွဲမက်စရာ ဖြစ်လာမည်ဟု သူက ဆိုသည်။

သကြားလုံးဝေသည့် ပုဂ္ဂိုလ်ကြီးကို နောက်ဆုံး နှုတ်ဆက်စကားဆိုဖို့ ရောက်လာကြသော ကျွန်မ ပတ်ပတ်လည်မှ မျက်နှာပင်လယ်ကြီးကို ဝေ့ဝဲ ကြည့်လိုက်မိသည်။ သူ၏ မိသားစုမှာ အလွန်ကြီးမားလှပြီး အသက်အရွယ်လည်း စုံလင်လှပါသည်။ မစ္စစ်ရော့စ်သည် သားသမီးပေါင်းများစွာ ထွန်းကားခဲ့၏။ ထို သားသမီးများကလည်း သားသမီးပေါင်းများစွာ ထွန်းကားခဲ့သည်။ သူတို့ အားလုံးသည် နှုတ်ဆက်စကားဆိုရန် ရောက်လာကြသူများဖြစ်သည်။ အခေါင်းနှင့် အနီးဆုံး ရှေ့ဆုံးတန်းမှာ ထိုင်နေသည့် လူကြီးသည် အသက် ခြောက်ဆယ်ပတ်ဝန်းကျင်ခန့် ရှိမည်။ သူ့ဆံပင်တွေက တစ်ခေါင်းလုံး ဖွာဆွတ်နေသည်။ သို့ရာတွင် အလွန် အံ့သြစရာ ကောင်းလှသည်မှာ သူ့မျက်နှာတွင် ဘာ အရေးအကြောင်းမှ မရှိခြင်းပင်။ သူသည် စကားပြောရန်အတွက် ရှေ့ကို ခြေတစ်လှမ်း လှမ်းလိုက်ပြီး ပထမဆုံး မွဲပြာရောင်ကောင်းကင်ကို မော့ကြည့်သည်။ ကျွန်မကတော့ သူသည် ရင်ထဲက စကားအလုံးအရင်းကို မပြောခင် အချိန်မည်မျှကြာကြာပြောရမလဲဆိုတာ ဆုံးဖြတ်နေခြင်းဖြစ်မည်ဟု ထင်မိသည်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သူသည် ထုံးစံအတိုင်း သွားလေသူကို ချီးမွမ်းစကား ဆိုရမည့်အစား ဇာတ်လမ်းတစ်ပုဒ်ကို ပြောလေတော့သည်။

"တကယ်လို့ အိုင်းဆက် ရှော့စ်ဟာ ကျွန်တော့်မိခင်ကြီးရဲ့ ချစ်မြတ်နိုးစရာကောင်းတဲ့ ခင်ပွန်းကောင်းတစ်ယောက်၊ ကျွန်တော့်အတွက် ကြင်နာတတ်တဲ့ ဖခင်ကောင်းတစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် ဖေဖေဟာ ကျွန်တော်တို့ တောင်းခံနိုင်တာထက်တောင် ပိုပေးခဲ့တဲ့သူလို့ ဆိုရပါမယ်။ ဒါပေမဲ့ ဖေဖေဟာ ကျွန်တော် ပြောတာထက်ကို အဆမတန် ပေးကမ်းခဲ့တဲ့သူတစ်ယောက်၊ ကျွန်တော်တို့ရဲ့ ကယ်တင်ရှင်တစ်ယောက်ပါ။

"၁၉၄၄ခုနှစ်က အော့ဇ်ဝစ်အကျဉ်းစခန်းမှာ ငယ်ရွယ်နုပျိုတဲ့ ပိုလန်သူ ဂျူးမလေး အက်စ်သာ လူဝန်ဒိုစကီးဟာ ဂျာမန်အရာရှိတစ်ဦးရဲ့ ရက်ရက်စက်စက် မတရားပြုကျင့်ခြင်း ခံခဲ့ရတယ်။ အဲဒီအချိန်မှာ အက်စ်သာရဲ့ အသက်ဟာ ၁၃နှစ်ပဲ ရှိသေးတယ်။ အဲဒီ အပြုအမူနဲ့ပတ်သက်ပြီး တစ်မူထူးခြားတာက ဂျာမန်အရာရှိဟာ အဲဒီမိန်းကလေးကို အသက်ရှင်ခွင့် ပေးလိုက်တာပဲ။ သူ အဲဒီစခန်းမှာ တာဝန်ကျစဉ် ကာလတစ်လျှောက်လုံး မိန်းကလေးကို သူ့ဆီလာဖို့ အကြိမ်ပေါင်းများစွာ အတင်းအကျပ်ခေါ်ယူခဲ့တယ်။ လ အနည်းငယ်ကြာပြီး သူ စခန်းကနေ ရုတ်တရက် ထွက်ခွာသွားရတဲ့အခါ အဲဒီမိန်းကလေးမှာ နာကျင်စရာ သတိရမှုဆိုတာတွေထက်





သူ့ရဲ့ သွေးအေးအေးနဲ့ ပြုမူခဲ့တဲ့ အပြုအမူတွေကြောင့် တစ်စုံတစ်ရာကျန်ရစ်ခဲ့မယ်ဆိုတာမျိုးကို အရာရှိက မတွေးမိခဲ့ဘူး။ သူစွန့်ပစ်သွားတဲ့ ဂျူးမိန်းကလေးမှာ ကျန်ရစ်ခဲ့တဲ့ အရာကတော့ သူနဲ့ရခဲ့တဲ့ သားကလေးတစ်ယောက်ပဲ။

"အက်စ်သာရဲ့ ကလေးခန္ဓာကိုယ်နဲ့ စခန်းကရတဲ့ မလောက်မင ရိက္ခာခဲ့တမ်းကြောင့် သူ့ရဲ့ ကိုယ်ဝန်ဟာ မဖုံးနိုင် မဖိနိုင် ပေါ်လာခဲ့ရတယ်။ အမှန်ဆိုရရင် အဲခေတ်အခြေအနေမျိုးမှာ မိန်းကလေးတစ်ယောက် အနေနဲ့ ပုံမှန် ရာသီပန်းမပွင့်တာဟာ သာမန်လို ဖြစ်နေတော့ အက်စ်သာအနေနဲ့လည်း သူ့မှာ ကိုယ်ဝန်ရှိနေတာကို မသိတာလည်း ဖြစ်နိုင်ပါတယ်။ တကယ်လို့သာ သူ့အနေနဲ့ ကိုယ်ဝန်ရှိနေတာ သိခဲ့မယ်ဆိုရင်လည်း သူ့ကို ချက်ချင်း အသေသတ်ကြမှာပဲ။

"ဒီလိုနဲ့ ၁၉၄၅ခုနှစ် ဇန်နဝါရီလထဲ ရောက်လာတယ်။ မတ်လထဲမှာတော့ ဂျာမန်တွေဟာ သူတို့စစ်ရှုံးတော့မယ်ဆိုတာ ပို ပိုပြီး ရိပ်မိလာတယ်။ အက်စ်သာကိုလည်း ပါစနစ်ဇ်မြို့နားက စက်ရုံမှာ အလုပ် လုပ်ဖို့ ခေါ်သွားတဲ့ မိန်းမတွေ အုပ်စုနဲ့အတူ ပါသွားတယ်။ လေကြောင်းတိုက်ခိုက်မှု ဥသြဆွဲသံကြီးကိုလည်းကြားရော အက်စ်သာတို့ကို တင်ဆောင်လာတဲ့ ထရပ်ကားကြီးဟာ လမ်းမှာ ဗြုန်းစားကြီးရပ်သွားတယ်။ အစောင့်တွေ အကုန်လုံး ထွက်ပြေးကုန်ကြတော့ အက်စ်သာတို့ အမျိုး



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သမီးအုပ်စုကြီးလည်း လွတ်မြောက်သွားတယ်။ သူတို့အုပ်စုဟာ ကျေးရွာတစ်ခုက လူတွေ စွန့်ပစ်ထားတဲ့ ယာခင်းထဲမှာ ပုန်းအောင်းနေခဲ့ကြတယ်။ မေလထဲမှာ တော့ ရုရှားတွေ ရောက်လာတဲ့အတွက် သူတို့တွေ အားလုံး လွတ်လပ်မှု ရသွားတယ်။ အက်စ်သာရဲ့ ကိုယ် ဝန်ကို အသက်ကြီးကြီး အမျိုးသမီးကြီးတွေက စောင့် ရှောက်ပေးထားကြတယ်။ အက်စ်သာဟာ သူ့ရဲ့ ရင် သွေးလေးကို စက်တင်ဘာလထဲမှာ ဖွားမြင်ခဲ့တယ်။ အက်စ်သာရဲ့ အသက်လည်း ၁၄နှစ်ပြည့်ပြီ။

"အိုင်းဆက်ရော့စ်ဟာလည်း စခန်းတစ်ခုထဲ မှာ နေခဲ့ရပြီး စစ်အတွင်းကာလ တလျှောက်လုံးမှာ အသက်ရှင် ကျန်ရစ်တယ်။ လွတ်လပ်ရေးရချိန်မှာတော့ သူ့အသက်ဟာ ၂၅နှစ် ရှိနေပြီ။ သူဟာ သူ့ မိဘတွေနဲ့ အစ်ကိုနှစ်ယောက်ကို ဆုံးရှုံးခဲ့ရသလို သူ့ဇနီးဖြစ်သူနဲ့ သမီးတစ်ယောက်ကိုလည်း ဆုံးရှုံးခဲ့ရတယ်။ လွတ်လပ် ရေး ရပြီးတဲ့အချိန်မှာ အိုင်းဆက်ဟာ အက်စ်သာတို့လိုပဲ ကယ်ဆယ်ရေး စခန်းတစ်ခုကို ရောက်လာတယ်။ သူတို့ နှစ်ယောက် ချစ်ကျွမ်းဝင်ကြပြီးတဲ့နောက်မှာ အိုင်းဆက် ဟာ နောက်ထပ် ခင်ပွန်းသည်တာဝနဲ့ ဖခင်တစ်ယောက် ရဲ့ဘဝကို ပြန်ရခဲ့တယ်။ နာဇီတွေ သူ့ဆီက လုယူသွား တဲ့ မိသားစုတစ်ခုကို သူ့အနေနဲ့ သူ့ကိုယ်ပိုင်မိသားစု တစ်ခုအဖြစ် ပြန်လည် ထူထောင်လာနိုင်ခဲ့ပြီပေါ့။

"ကျွန်တော်ဟာ နာဇီ အရောင်ရှိနဲ့ရတဲ့ အက်စ် သာရဲ့ သားပါပဲ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်နေရာ





ကပဲ ကြည့်ကြည့် အိုင်းဆက်ရော့စ်ဟာ ကျွန်တော့်ရဲ့ ဖေဖေ ပါပဲ။ သူက ကျွန်တော့်ကိုချစ်တယ်။ မေတ္တာထား တယ်။ ကျွန်တော် ပျော်ပိုက်တဲ့ လူသားတစ်ဦး အဖြစ် အသိအမှတ်ပြုခံရအောင် လုပ်ပေးခဲ့တယ်။ အဲဒါတွေ ထက် ပိုပြီး အရေးပါလှတာကတော့ သူဟာ မေမေ့ကို နှလုံးသားတစ်ခုလုံး ပုံအပ်ပြီး ချစ်မြတ်နိုးတာပါပဲ။

"အက်စ်သာမှာ နောက်ထပ် ကလေးမရတော့ ပါဘူး။ အိုင်းဆက်အဖို့တော့ အက်စ်သာဟာ သူ့ရဲ့ ရင်နှစ်သည်းခြာလိုပဲ။ ကျွန်တော်၁၂နှစ်အရွယ်မှာပဲ မေမေဟာ အိုင်းဆက်ရဲ့ လက်ပေါ်မှာ ကွယ်လွန်ခဲ့ရတယ်။ ဖေဖေနဲ့ ကျွန်တော်ဟာ သောကတွေအပြည့်နဲ့ တစ်ယောက်ကို တစ်ယောက် ဖက်ထားမိကြတယ်။ ကျွန်တော့် ဖေဖေဟာ အချစ်ကြီးလှသူမို့ နောက်ထပ် အချစ်ကို ရှာတွေ့တော့မှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိနေတယ်။ ဒီလိုနဲ့ နောက်လေးနှစ်အကြာမှာ ဖေဖေ အန်နာနဲ့ဆုံပြီး သူ့ကို ပြုံးပြုံးပျော်ပျော် ပြန်မြင်လာရတဲ့ အတွက် ကျွန်တော် ဝမ်းသာနေမိတယ်။ ကျွန်တော့် အသက် ၁၇နှစ်မှာ ကျွန်တော်ဟာ ဖေဖေ့ရဲ့ တတိယ အိမ်ထောင်မိသားစုမှာ အစ်ကိုအကြီးဆုံးတစ်ယာက် ဖြစ်လာရတယ်။

"ဒီကနေ့မှာလည်း ကျွန်တော် လူကြီးမင်းတို့ ရှေ့မှောက်မှာ ရပ်နေတာကိုပဲ ကြည့်ပါတော့။ ကျွန်တော် တို့ မိသားစုဝင်တွေအားလုံး အရွယ်တွေ ရောက်ကုန်ကြ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပါပြီ။ ကျွန်တော့် ဖေဖေမှာ သားသမီးရှစ်ယောက် ထွန်းကားတယ်။ မြေးက အယောက် ၃၀ ရှိတယ်။ နောင်လည်းပဲ အိုင်းဆက်ရဲ့ မြေးမြစ် တီတွတ် စတဲ့ မျိုးဆက်တွေ များပြားလာမှာပါပဲ။

"ဒါပေမဲ့ ကျွန်တော် မသိတာ တစ်ခုရှိတယ်။ ဒါက ဘာလဲဆိုတော့ လူယုတ်မာတစ်ဦး အောင်ပွဲခံလိုက်တဲ့ ရက်စက်မှုအပေါ်မှာ ကျွန်တော်ဟာ သက်ရှိသက်သေသာဓကအဖြစ် ရှေ့ဆက် လျှောက်နေရဦးမယ်ဆိုတဲ့ အချက်ပါပဲ။

"နှုတ်ဆက်လိုက်ပါတယ်၊ ဖေဖေ။ ကျွန်တော်တို့ အားလုံးဟာ ဖေဖေ့ရဲ့ မျိုးဆက် အမွေအနှစ်တွေပါပဲ"

အိုင်းဆက်၏ သားဖြစ်သူ စကားပြောပြီးချိန်မှာပဲ မိုးက စတင်ရွာချလာသည်။ ရွာကာစတွင် ခပ်ဖွဲဖွဲလေးသာ။ အလောင်းကို မြေချသောအခါ အိုင်းဆက်၏ မျိုးဆက်များက စီတန်းပြီး တွင်းထဲသို့ မြေကြီးခဲများ ချကြသည်။

တွင်းရှိရာသို့ ချဉ်းကပ်လာသည့် နောက်ဆုံးမိသားစုထဲတွင် ငါးနှစ်အရွယ် ကလေးမလေး တစ်ယောက် ပါလာသည်။ ကလေးမသည် အိုင်းဆက်၏ သားဖြစ်သူအနားသို့ တိုးကပ်သွားပြီး လက်ကို ဆုပ်ကိုင်ကာ "ကယ်ပါဦး ဘိုးဘိုးရယ်" ဟု ဆိုနေသည်။ ကလေးမသည် မြေကြီးလက်တစ်ဆုပ်စာ ကောက်ယူလိုက်ပြီး





တွင်းဝဆီသို့ လှည့်လိုက်သည်။ သူဝတ်ထားသည့် သံလွင်စိမ်းရောင် ကုတ်အင်္ကျီနှင့် ဦးထုပ်တို့ နှင့် ဆန့်ကျင်ဘက် ဖြစ်စွာ တောက်ပလွန်းနေသည့် သူ့ ရွှေဝါရောင် ဆံနွယ်အခွေအလိပ်လေးများကို ကျွန်မ သတိပြုမိလိုက်သည်။ ကလေးမသည် အလွန်လှပပြီး ချစ် စရာကောင်းလွန်းလှ၍ တခြား တစ်နေရာရာမှာ တွေ့မိ ပါက သူကလေးကို ကျွန်မ ပြုံးပြဖြစ်လိမ့်မည်။ သူလေး သည် တွင်းနေးနားမှာရပ်၍ သူ့အဘိုး (အိုင်းဆက်၏သား) လုပ်သလိုပင် မွဲပြာရောင်ကောင်းကင်ကြီးကို မော့ကြည့်သည်။ ထိုအချိန်မှာပဲ ကလေးမ၏ မျက်ရည်များသည် မိုးစက်များဖြင့် ရောနှောသွားလေတော့သည်။ ကျွန်မလည်း သူ့ကို မလှုပ်မယှက် ကြည့်နေရင်းနှင့် ကျွန်မကိုယ်တိုင်ပါ မျက်ရည်ကျချင်လာသည်။ ထို လှပသော၊ ရွှေအိုရောင်ဆံနွယ်လေးတွေရှိသော၊ ပြာလွင်သည့် မျက်ဝန်းအစုံရှိသော အေရီယန်နွယ်ဖွားလေးနှင့်တူသော မချောလေးသည် မိုးရေကိုလို၍ ဦးမော့နေသော နေကြာပန်းပွင့်လေးတစ်ပွင့်လိုပင်။

ထိုမြင်ကွင်းသည် ကျွန်မရင်ကို လာထိ၏။ မကောင်းဆိုးဝါးတစ်ယောက်၏ မျိုးစေ့မှသည် (ချစ်စရာကောင်းသော၊ လှပသော၊ ကြွယ်ဝချမ်းသာသော၊ ဂျူးဆန်သော) မိသားစုတစ်စုအဖြစ် ကြီးထွားလာခဲ့သည်။ ထို ကလေးမလေးနှင့် အိုင်းဆက်၏ မိသားစုဝင် မျိုးနွယ်တစ်ခုလုံးသည် မူလအခြေခံကိုက အပြစ်ကင်းစင်ကြ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သည့် အနာဂတ်၏ ရလဒ်တစ်ခုအဖြစ် ကိုယ်စားပြုနေလေသည်။

ထို အသုဘ အခမ်းအနားသည် ကြေကွဲဝမ်းနည်းစရာကောင်းလှသော အခမ်းအနားတစ်ခု မဟုတ်ပါ။

♦♦

# မေးသာ မေး

Ask, Ask, Ask By Jack Canfield And Mark V. Hansen

ယနေ့ခေတ်တွင် ကမ္ဘာပေါ်မှာ အကျော်ကြားဆုံးသော အရောင်းစာရေးမကြီးတစ်ဦးအား 'မိန်းကလေး' ဟု ခေါ်လျှင်လည်း သူမအနေနှင့် စိတ်ဆိုးမှာ မဟုတ်ပေ။ အကြောင်းမှာ မာကီတာ အင်ဒရူးစ် ဆိုသည့် အရောင်းစာရေး အမျိုးသမီးကြီးသည် ခုနစ်နှစ်သမီး အရွယ်ကတည်းက ဂဲလ်စကောက်တံဆိပ် ကွတ်ကီးမုန့်များကို ရောင်းချခဲ့သည်မှာ ဒေါ်လာ ရှစ်သောင်းကျော်မက ဝင်ငွေ ရခဲ့ပြီးပြီ ဖြစ်သောကြောင့်ပင်။

ကျောင်းလွှတ်ချိန်တိုင်းမှာ ကွတ်ကီးမုန့်များ သယ်ဆောင်ပြီး အခန်းတိုင်း၊ အခန်းတိုင်း လိုက်မေးရောင်းနေရသည့်အဖြစ်မှာ သူ့အတွက် နာကျင်လှသော ရှက်စရာတစ်ခုလိုပင်။ မာကီတာလေးသည် အသက် ၁၃ နှစ်သို့ ရောက်တော့မှသာ ဈေးရောင်းနည်း၏ လျှို့ဝှက်ချက်ကို သိနားလည်လာခဲ့သည်။

ရွှေဝံစာအုပ်တိုက်

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထိုရောင်းနည်းမှာ ဆန္ဒအားဖြင့် မြှင့်တင်ရသည်။ မီးလိုပူပြင်းနေသော ဆန္ဒအားကို စိတ်ထဲ သွတ်သွင်းပေးရသည်ဟု ဆိုသည်။

မာကီတာ အသက် ၈ နှစ် သမီးအရွယ်မှာ ဖခင်ဖြစ်သူက အမေနှင့် သူ့အား စွန့်ခွာသွားသောအခါ သူတို့သားအမိမှာ နယူးယောက်မှ ဟိုတယ်ကြီးတစ်ခုမှာပင် စားပွဲထိုးအဖြစ် ဝင်ရောက်လုပ်ရှားခဲ့ရပြီး တစ်နေ့ကမ္ဘာကိုပင် ပတ်ရမည်ဆိုသည့် အတွေးအိပ်မက် မက်နေသည်။

"သမီးကို တက္ကသိုလ်ပို့နိုင်တဲ့အထိ မေမေ အပင်ပန်းခံပြီး ရှာမယ်။ သမီး တက္ကသိုလ်ကို ရောက်၊ ဘွဲ့တွေရ ပိုက်ဆံတွေ အများကြီး ရှာလာနိုင်တဲ့ တစ်နေ့မှာ အဲဒီရှာလို့ရတဲ့ ငွေတွေဟာ သမီးကိုရော မေမေ့ကိုပါ ကမ္ဘာပတ်နိုင်အောင် ပို့နိုင်မှာ အမှန်ပဲ မဟုတ်လား"ဟု မေမေက တစ်နေ့တွင် ဆိုခဲ့သည်။

မာကီတာ ၁၃ နှစ် ရောက်သောအခါ ဂဲလ်စကောက်မဂ္ဂဇင်းစာအုပ်ထဲမှ ကွတ်ကီးမုန့် မြောက်များစွာ ရောင်းချလာနိုင်ခြင်းဖြင့် ကမ္ဘာကို ၂ကြိမ် ပတ်နိုင်သည်အထိပင် ငွေတွေ ရှာရလွယ်နိုင်ကြောင်း ဖတ်မိသည်။ ထိုသို့ ဖတ်မိလာရာမှတစ်ဆင့် မာကီတာသည် ကွတ်ကီးမုန့်ရောင်းချဖို့ စိတ်ကူးဝင်လာခဲ့သည်။ ပြီးတော့ ကမ္ဘာပေါ်က အရောင်းသမား အားလုံးထက်ပင် ပိုပြီး ရောင်းနိုင်ရန် ကြိုးစားပြမည်ဟူ၍ ဆုံးဖြတ်ခဲ့သည်။





သို့သော် ဆန္ဒတစ်ခုတည်း ရှိနေရုံမျှနှင့် မပြီး။ အိပ်မက်ကို အကောင်အထည် ဖော်ရန် နည်းစနစ်ကိုပါ သိဖို့လိုနေသည်။

"ဝတ်တတ်စားတတ်ဖို့လည်း အရေးကြီးတယ်ကွယ့်။ ငွေရှာတဲ့နေရာမှာ ဝတ်တဲ့အဝတ်အစားမျိုးလည်း ရွေးတတ်ရမယ်" ဟု သူ၏ အဒေါ်ကပါ အကြံပြုသည်။ "သမီး အလုပ်ကို ဝင်တဲ့အခါ အလုပ်လုပ်တဲ့လူနဲ့ တူအောင် ကင်းထောက်ဝတ်စုံကို ဝတ်ရင်ကောင်းမယ်။ လူနေတန်းလျား အိမ်ကို သွားတဲ့အချိန်ဟာ ညနေ လေးနာရီခွဲ၊ ဒါမှမဟုတ် ခြောက်နာရီခွဲ ဖြစ်သင့်တယ်။ အထူးသဖြင့် သောကြာနေ့ညပိုင်းမှာမှ သူတို့ကို မုန့်မှာ မမှာ သွားမေးသင့်တယ်။ သူတို့ မင်းဆီက ဝယ်ဝယ်၊ မဝယ်ဝယ် မျက်နှာမှာ အပြုံးကို ဆောင်ထားရမယ်။ အဲဒါဟာ အကောင်းဆုံးနည်းတစ်ခုပဲ။ သူတို့ကို ပြောတဲ့ အခါမှာလည်း အတင်းဝယ်ခိုင်းသလိုမျိုး မပြောမိစေနဲ့ ကြားလား။ အားပေးပါဦးလားရှင်လို့ ဆိုနိုင်ရမယ်"

အခြားသော ကင်းထောက်သမားများသည်လည်း ကမ္ဘာကို လည်ပတ်ချင်သော ချဉ်ခြင်းတပ်မက်မှုများ ရှိကောင်းရှိနေမည်ပင်။ သူတို့မှာလည်း သွားနိုင် မည့် နည်းလမ်းတစ်ခုခု စီစဉ်ထားမည် မလွဲ။ သို့သော် မာကီတာကမူ ကျောင်းအလွတ်မှာ ယူနီဖောင်းဝတ်စုံနှင့် နေ့စဉ်ပင် ဝယ်ယူမည့်သူများထံ သူမ အိပ်မက်မက်ထားသော အကြောင်းအတွက် အားပေးနိုင်မှု၊ မြှပ်နှံနိုင်မှု



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရှိမရှိ သွားရောက်မေးမြန်းခြင်း ပြုနေသည်။

"ဟိုင်း၊ ကျွန်မမှာ စိတ်ကူးတစ်ခု ရှိနေလို့ပါ။ စိတ်ကူးကတော့ ကျွန်မမေမေနှင့်အတူ မိန်းမကောင်း ထောက် ကွတ်ကီးမုန့်ဘူးကို ကမ္ဘာလှည့်ပြီးတော့ ကူးသန်းရောင်းဝယ် ဖောက်ကားဖို့ပဲ ဖြစ်ပါတယ်ရှင်"ဟု သူမက အများတကာ၏ အိမ်ရှေ့တွင် ထိုသို့ပင် ရင်ဖွင့် အသိပေး၏။

"ဖောက်သည်များရှင် ကျွန်မ မုန့်ဘူးတွေကို တစ်ဒါဇင်၊ ဒါမှမဟုတ် နှစ်ဒါဇင်လောက်ဖြစ်ဖြစ် အားပေးမြှပ်နှံပေးကြပါလား"

မာကီတာသည် ဂဲလ်စကောက်ကွတ်ကီးမုန့်ဘူးပေါင်း ၃၅၂၆ဘူးတိတိကို ထိုနှစ်တွင်ပင် ရောင်းဖြစ်ကာ ကမ္ဘာလှည့်နိုင်သော ခရီးစရိတ်ကို ကောင်းစွာရှာဖွေနိုင်ခဲ့၏။ ထိုမှ အစပြု၍ မုန့်ဘူးပေါင်း ၄၂၀၀၀အထိ ရောင်းရပြန်သည်။ မြို့တွေကို ဖြတ်သန်းသွားရင်း အရောင်းကိုယ်စားလှယ်များထံ အရောက်သွား၏။ ထိုစဉ်မှာပင် ကမ္ဘာကျော် ဝေါ့လ်ဒစ္စနေကုမ္ပဏီမှ ထုတ်လုပ်သော ဇာတ်ကားတစ်ကားတွင် သူမ၏ စွန့်စားခန်းဇာတ်လမ်းအကြောင်း ပါလာသည်။ ပြီးတော့ စာရေးဆရာနှစ်ယောက် ပေါင်းဖွဲ့၍ ကမ္ဘာ့ရောင်း အကောင်းဆုံး စာအုပ်ဖြစ်သည့် ကပါ ထွက်လာပြန်၏။ မာကီတာကား စိတ်ကူးအိပ်မက် ကိုယ်စီရှိကြ သော ထောင်ချီသည့် လူကြီးလူငယ်တွေထက် ခေါင်း တစ်လုံး





အပိုပါသူမဟုတ်သလို ထိုသူများထက် နားလည်ပါးနပ်လှသူ မဟုတ်ပါ။ မာကီတာတွင် အခြားသော အရောင်းစျေးသည်များနှင့် ကွာခြားနေသည့် အချက်ကား ရောင်းနည်းလျှို့ဝှက်ချက်အား မရရအောင် ဖော်ထုတ်နိုင်လေ့ရှိခြင်းပင် ဖြစ်သည်။ မသိလျှင် မေး . . . မေး . . . ဆိုသော ဆောင်ပုဒ်အား လက်ကိုင်ပြုခြင်းသာဖြစ်သည်။ လူအများစုသည် မစခင်ကပင် ရှုံးနိမ့်နေကြသည်။ အကြောင်းမှာ သူတို့ အလိုရှိသည်ကို မေးမြန်းရန် လက်တွန့်ခဲ့ကြသော ကြောင့် ဖြစ်သည်။ ငြင်းပယ်ခြင်း ခံရမှာကို ကြောက် ခြင်းသည် မိမိကိုယ်မိမိ ငြင်းပယ်လိုက်သလို ဖြစ်ရကာ အခွင့်အရေးမရခင်ကပင် မိမိ၏ စိတ်ကူးအိပ်မက်ကို စွန့်လွှတ်လိုက်ရသလို ဖြစ်စေသည်။

လူတိုင်း လူတိုင်းသည် တစ်မျိုးမဟုတ် တစ်မျိုးကို ရောင်းချနေကြသူများသာတည်း။ မာကီတာ ၁၄နှစ်တွင် ပြောသည့်စကားမှာ . . .

"လူတိုင်းဟာ နေ့စဉ်နေ့တိုင်း မိမိကိုယ်မိမိ ရောင်းချနေကြတဲ့သူတွေပါပဲ။ ကျောင်းမှာပဲဖြစ်ဖြစ်၊ အလုပ်ရှင်တွေဆီမှာပဲဖြစ်ဖြစ်၊ အသစ်တွေ့တဲ့သူတွေဆီမှာပဲဖြစ်ဖြစ် မိမိကိုယ်မိမိ ရောင်းချနေကြရတာပါ။ ကျွန်မ မေမေက စားပွဲထိုးမယ်တစ်ဦးပါ။ မေမေဟာ နေ့စဉ် ထူးခြားတာတွေ ရောင်းနေတာပဲလေ။ မြို့တော်ဝန်တွေနဲ့ သမ္မတတွေဟာ သူတို့ အမြဲတမ်း အရွေးခံရဖို့



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ရောင်းချနေကြသူတွေပဲ။ ကျွန်မရဲ့ အချစ်ဆုံးဆရာတွေထဲမှာ တစ်ယောက်သောသူကတော့ မစ္စစ်ချက်ပလင်ပါပဲ။ သူက ပထဝီကို စိတ်ဝင်စားအောင် သင်တယ်။ သူလည်းပဲ အရောင်းသမားတစ်ဦးပဲ။ ကျွန်မကတော့ အရာအားလုံးကို ရောင်းဝယ်ဖောက်ကားနေကြတာပဲ လို့ မြင်တယ်လေ။ ရောင်းဝယ်မှုဆိုတာ ကမ္ဘာကြီးရဲ့ အစိတ်အပိုင်းတစ်ခုပါပဲ"

ထိုအဖြစ်ကို သိထားခြင်းဖြင့် ကိုယ်ရယူလိုသောအရာအား တောင်းခံတတ်ဖို့သတ္တိ မွေးနိုင်ဖို့လိုသည်။ သတ္တိဟူသည် ကြောက်စိတ်ကိုပယ်ဖျက်စေဖို့ အရာသက်သက်သာ မဟုတ်နိုင်ပါ။ တစ်ခုခု လုပ်နိုင်ဖို့အတွက် ကြောက်စိတ်ကို မုန်းတီးတတ်ဖို့သာ အရေးကြီးပါသည်။ ထိုအချက်ကို ရှာဖွေတွေ့ရှိလာသောအခါ မာကီတာသည် ရယူဖို့အတွက် တောင်းခံရမည်ဟူသော အတွေးကို ပျော်ရွှင်စွာ ထားတတ်လာတော့သည်။

တစ်ချိန်တွင် ရုပ်သံထုတ်လုပ်သူတစ်ဦးက မာကီတာ၏ အရောင်းအဝယ်လောကၠ စိန်ခေါ်၍ မားမားမတ်မတ် ရပ်နိုင်လာပုံကို လွှင့်ထုတ်ဖို့ ဆုံးဖြတ်ချက်ချခဲ့၏။ မာကီတာက သရုပ်ဆောင်ပြရန် အတွက် အခြားဧည့်သည်တစ်ဦးကိုပါ အတူတွဲပြီး လွှင့်ခွင့်ပြုဖို့ တောင်းခံခဲ့သည်။

"ဆရာ့အနေနဲ့ ကျွန်မရဲ့ ကွတ်ကီးဘူး တစ်ဒါဇင်၊ နှစ်ဒါဇင်လောက် မြှုပ်နှံအားပေးပါလားရှင်" ဟု





မာကီတာ မေးနေသည်။

"ဘာလဲ မိန်းမကင်းထောက် ကွတ်ကီးမုန့်တွေလား။ ငါအဲဒီမုန့်တွေကို တစ်ခုတလေတောင် မဝယ်ချင်ပါဘူး။ ငါ ဖယ်ဒရယ်လ် အချုပ်ထောင်က ထောင်ဝါဒါလေ။ မုဒိန်းမှုကျူးလွန်တဲ့သူ၊ ခားပြ၊ လူလိမ်လူကောက်၊ ကလေးတွေကို ဖျက်ဆီးသူစတဲ့ ရာဇဝတ်မှုကျူးလွန်သူ အယောက် ၂၀၀၀ လောက်ကို အုပ်ချုပ်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲဟေ့" ဟု ဧည့်သည်က ဆိုသည်။

ထိုအခါ မာကီတာက နည်းနည်းလေးမှပင် တုန်လှုပ်ဟန်မပြဘဲ ကပျာကယာနှင့် . . .

"ဆရာရယ် ကွတ်ကီးဘူးလေး ဝယ်ခိုင်းတာများ သိပ်ခံစားနေပြီး ငရဲခံလောက်အောင် ဒေါသဖြစ်နေဖို့ မကောင်းပါဘူး။ ပြီးတော့ ဆရာရယ်၊ ဆရာ အခုလို အသိပေးလာမှပဲ ဆရာ့ အကျဉ်းသား ၂၀၀၀အတွက် ကွတ်ကီးမုန့်တွေ ဝယ်ယူဖို့ ကောင်းနေတာကို ကျွန်မ အကြံရလာမိတော့တယ်လေ" ဟု ဆိုလိုက်ရာ . . .

ထောင်ဝါဒါခမျာ မာကီတာကို ချက်လက်မှတ်တစ်စောင် ရေးပေးလိုက်လေတော့သည်။

♦♦

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

# ကြောင်းကောင်ဘုံမှာ
# ဘီးတပ်ကုလားထိုင်တွေ မရှိပါ

Crying's Okay By Kirk Hill

ကျွန်မ၏ အဘိုးသည် ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီး တစ်ပါးဖြစ်သည်။ အဘိုးပျံလွန်တော်မူချိန်၌ အဘိုး သည် ကမ္ဘာ့အမြင့်ဆုံး အင်ဒိုဥရောပဂိုဏ်းအဖွဲ့ဝင် ဘုန်းတော်ကြီးများထဲတွင် တစ်ပါးအပါအဝင် ဖြစ်နေခဲ့သည်။ သို့သော်လည်း အဘိုး သက်ရှိထင်ရှားရှိနေစဉ်ကမူ အဘိုး၏ ထူးချွန်မှုကို မည်သူကမျှ သတိမပြုမိကြပါ။ အဘိုး ထိုသို့ ချီးမြှောက်ခံရခြင်းမှာ အရှုတ္တထဲမှလာသော စွမ်းအားကြောင့်ပင် ဖြစ်သည်။ တလက်လက် တောက်ပ၍ ကြည်လင်နေသော အဘိုး၏ အစိမ်းရောင် မျက်လုံးတို့သည် သိနားလည်ရခက်လှသော ခံနိုင်ရည်အားတို့ဖြင့် ပြည့်ဝနေသည်။ အဘိုးသည် အေးအေးချမ်းချမ်း နေထိုင်သူဖြစ်သော်လည်း လူပုံအလယ်တွင် မားမား မတ်မတ် ရပ်တည်သူတစ်ယောက် ဖြစ်သည်။ အဘိုး၌ ကိုယ်တွင်းကထွက်နေသည့် ကိုယ်ရောင်ကိုယ်ဝါတို့၏

**ရွှံ့စာအုပ်တိုက်**

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တောက်ပမှုမျိုး ရှိသည်။ အဘိုး၏ ပတ်ပတ်လည်တွင် တိတ်ဆိတ်ငြိမ်သက်မှုသည် နက်ရှိုင်းစွာ မြှက်ဟနေဟန် ရှိသည်။

အဘိုး၏ဇနီး ကျွန်မ၏ ဘွားဘွားက တန်းမြင့် ရှိမန်ကက်သလစ် ဘာသာဝင်ဖြစ်သည်။ အဘွားသည် သူ့ခေတ် သူ့အခါက ထူးချွန်ထက်မြက်လှသူ တစ်ယောက်ဖြစ်ပြီး ခေတ်ရှေ့ပြေးသူတစ်ယောက်ဖြစ်သည်။ ကျွန်မက ဘွားဘွားကို ဂရိုးဟု ခေါ်ပါသည်။ အကြောင်းမှာ ကျွန်မ ကလေးအရွယ်က ကျွန်မပါးစပ်မှ ထွက်ခဲ့သော စကားလုံးမှာ 'ဂဂ' ဟု ဖြစ်နေသောကြောင့်ပင်။ ဘွားဘွားကလည်း ကျွန်မက 'ဂဂ' ဟုဆိုလျှင် သူ့ကို ခေါ်တာပဲဆိုတာ သေသေချာချာ သိနေသလိုပင်။

အဘွားဂရိုးသည် သူ၏ဘဝကို အဘိုး၏ အနားတွင် ထုပ်ပိုးထားပြီး အိမ်ထောင်ခရီး အနှစ် ၅၀ အတွင်း ရရှိလာသည့် သားသမီး ငါးယောက်နှင့် မိသားစုတစ်စုလုံးအတွက် ဝင်ငွေရအောင် အမိက ရှာဖွေခဲ့ရသည်။ အဘိုးသည် ဘုန်းတော်ကြီးအဖြစ်၊ ဓမ္မကထိကတစ်ဦးအဖြစ် သူ၏ အဖွဲ့နှင့်အတူ ဘဝကို လုံးဝ မြှုပ်နှံကာ သူဆင်းရဲတို့ထံသို့ သွားရောက်သည်။ ရုံဖန်ရံခါ တွင် ရဟန်းသံဃာအဖွဲ့ချုပ်ရုံများရှိရာ အရပ်ဆီသို့လည်း သာသနာ့ဝန်ထမ်းအဖြစ်ဖြင့် ကမ္ဘာလှည့်၍ ကြွမြန်း တတ်တော့သည်။ ရောက်လေရာ အရပ်တိုင်းကလည်း အဘိုးအပေါ်တွင် အာဂန္တုဧည့်သည်အဖြစ် ဧည့်ဝတ်





ကြေပြွန်ကြသည်။ အဘိုးတည်းသည်က ဘုရားကျောင်း ဆောင်များတွင်ပင် ဖြစ်နေသည်။ အဘိုး ပျံတော်မူသော အခါ အဘွားဂရိုး၏ အလင်းရောင်သည် ကွယ်ပျောက် ရုပ်သိမ်းသွားရသည်။ ထို့အတူ နက်ရှိုင်းစွာသော ဖိစီးမှု ကို ရင်နှင့်အမျှ ခံစားခဲ့ရသည်။ အဘွား၏ ဇဟိုအာရုံ ချက်မ တစ်ခုလုံး ပျောက်ဆုံးသွားရသလို ဖြစ်ခဲ့သည်။ အဘွားသည် လွမ်းဆွတ်ကြေကွဲ ညှိုးလျော်မှုတို့၏ အလယ် မှ ရုန်းထွက်ဖို့ ကြိုးစားသော်လည်း ထိုသံသရာ အကြားမှာပင် တစ်ဝဲလည်လည်နေခဲ့ရသည်။

ထိုရက်ကာလများ အကြားမှာပင် အဘွားဂရိုး ထံ တစ်ပတ်တစ်ကြိမ် သွားရောက်လည်ပတ်သည့် အလေ့အထတစ်ခုကို ကျွန်မ ကျင့်ယူခဲ့ရသည်။ ကျွန်မ သည် အဘွားအတွက် ရှိနေပါသေးသည်ဟု အသိပေး သည့် သဘောမျိုးဖြင့် သွားရောက်လည်ပတ်ခြင်း ဖြစ် သည်။

အချိန်ကာလတစ်ခုဆိုသည်မှာ ကျော်လွှား ကုန်ဆုံးသွားစမြဲပင် ဖြစ်သည်။ ပြီးတော့ နှလုံးသား၏ ဝေဒနာကို သဘာဝတရားဖြင့် အမှန်တကယ်ပင် ကုစား နိုင်စွမ်းမြဲပင် ဖြစ်သည်။

နှစ်ကာလ အတော်ကြာပြီးနောက် တစ်နေ့ တွင် ကျွန်မ လည်ပတ်နေကျ ထုံးစံအတိုင်း ဂရိုးထံသို့ အလည်ရောက်သွားပါသည်။ ကျွန်မ အထဲကိုဝင်သွား သည် ဆိုလျှင်ပဲ လူနာတွန်းဘီးတပ်ကုလားထိုင်ပေါ်တွင်



*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက [http://sagarwarmyae.net/](http://sagarwarmyae.net/) မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထိုင်နေသော အဘွားကို တွေ့သည်။ အဘွား၏ မျက်လုံးအစုံသည် ရှင်သန်တောက်ပနေသော အလင်းရောင်တို့နှင့်အတူ တလက်လက် တောက်ပလျှက် ရှိပါသည်။ ကျွန်မက ချက်ချင်းစကားမပြောသောအခါ အဘွား၏ မျက်နှာသည် အရောင်ပြောင်းသွားပြီး ကျွန်မကို စကားစပြောသည်။

"အဘွား ဘာကြောင့် အခုလို ပျော်ပျော်နေနိုင်တာကို မြေး မသိချင်ဘူးလား။ မြေး နည်းနည်းပါးပါး လောက်တောင် မမေးချင်ဘူးလား"

ကျွန်မက တောင်းပန်သံနှင့် ပြောမိသည်။

"ဟုတ်ပါရဲ့ ဂျီးရယ်၊ အဲ . . . အဘွား ဘာကြောင့် ဒီလောက် ပျော်နေတာလဲဟင်။ အခုလို စိတ်သစ်လူသစ် ဖြစ်လာတာ ဘာကြောင့်လဲဟင်"

"မနေ့ညကပေါ့မြေးရယ်၊ ဘုရားသခင်က မြေးရဲ့ ဘိုးဘိုးကိုခေါ်ပြီး အဘွားကို ဘာကြောင့် နောက်ချန်ထားခဲ့ရတာလဲဆိုတာကို အဘွား အဖြေရှာတွေ့ခဲ့တယ်"

"ဘာအဖြေလဲ ဂျီး" ဟု ကျွန်မက မေးလိုက်မိပါသည်။

အဘွား၏ ပုံစံက ကမ္ဘာ့လျှို့ဝှက်ချက်တစ်ခု အားသတင်းပေးတော့မည့် ပုံစံမျိုး။ အဘွားသည် ဘီးတပ်ကုလားထိုင်ပေါ်မှ ကိုယ်ကို ကိုင်းလိုက်ပြီး အသံတိုးတိုးဖြင့် ပြောနေသည်မှာ ကျွန်မကို မယုံ ယုံ အောင် လုပ်နေသည်နှင့်ပင် တူနေသေးတော့သည်။





"မြေးရဲ့ ဘိုးဘိုးဟာ ကောင်းကောင်းမွန်မွန် နေထိုင်ရမယ့် လျှို့ဝှက်ချက်ကို သိနေတယ်လို့ ဆိုရရင် မှားမယ်မထင်ဘူးကွဲ့။ သူ လှုပ်ရှားကျင်လည်နေရတဲ့ အကြောင်းအရာတွေထဲမှာ အချစ်ဟာ မလိုလားအပ်တော့ဘူးလို့ တွေးလာမိတာ ဖြစ်မယ်။ ဒါကြောင့် သူက အရင်ဆုံး ထွက်သွားပြီး အဘွားကို နောက်မှာ ချန်ထားခဲ့တာ ဖြစ်ရမယ်" ဟုဆိုကာ အဘွားသည် သူ၏အတွေးကို အလုပ်ပေးလိုက်သလို စကားသံ တုံ့ဆိုင်းနေပြီးမှ ပြန်ဆက်သည်။

"အဘွား ဘာကို သွားတွေးမိသလဲဆိုတော့ ပြစ်ဒဏ်ချခံရတာဟာလည်း ဆုလာဘ်တစ်ခု ရလိုက်တာနဲ့ အတူတူပဲလို့ တွေးမိခဲ့တယ်။ ဘုရားသခင်ဟာ အဘွားတို့ကို နေထိုင်ကြီးပြင်းမှုနဲ့အတူ နောက်ချန်ထားရစ်ခဲ့တယ်။ ဒါကြောင့်လည်း အဘွားရဲ့ ဘဝကို မေတ္တာတရားထဲမှာ မြှုပ်နှံနိုင်ခဲ့တာပေါ့။

တစ်နေ့ အဘွားဂျီးထံ တွေ့ဖို့ ရောက်အလာတွင် ဘီးတပ်ကုလားထိုင်၏ လက်တန်းကို ပုတ်လျှက် ကျွန်မကို စိတ်လှုပ်ရှားစွာ စကားတွေပြောသည်။

"ဒီနေ့ မနက်ပိုင်းက ဖြစ်ပျက်ခဲ့တဲ့ ကိစ္စမျိုးဆို ငါ့မြေး တွေးတောင် တွေးမိမှာ မဟုတ်ဘူး"

အဘွား ဘာတွေ ပြောနေတာလဲဟု မေးသောအခါ အဘွားက ပြောချင်စိတ်တွေ လွန်ကဲစွာဖြင့်



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



“ဒီလိုလေ မြေးရဲ့၊ ဒီနေ့မနက်မှာ မြေးရဲ့ ဦးလေးက အဘွားတစ်ခါက လုပ်ထားတဲ့ ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး အရမ်းဒေါသတွေ ထွက်နေတယ်။ အဘွားကတော့ မျက်တောင် တစ်ချက်ကလေးတောင် မခတ်ဘဲ နားထောင်နေမိတယ်။ အဘွားဟာ မေတ္တာလွှမ်းခြုံပြီး ရင်ထဲမှာ ခံစားရတဲ့စိတ်နဲ့ပဲ သူ့ဒေါသတွေကို ပျော်ရွှင်စွာ ခံယူခဲ့တယ်” ဟု ဆိုပြီး အဘွား၏ မျက်လုံးများမှာ တဖျပ်ဖျပ်လက်နေသည်။ ထို့နောက် စကားပြန်ဆက်သည်။ “တကယ်တော့ တော်တော် ရယ်ဖို့ကောင်းတာပဲ မြေးရယ်။ သူ့ဒေါသဟာ အလိုလို ပြေပျောက်သွားပါလေရော”

ကျွန်မ သွားလည်သည့်အခါတိုင်း အဘွားဂျီးသည် သူလေ့ကျင့်နေသော ချစ်ခြင်းမေတ္တာ သင်ခန်းစာတွေကို ကျွန်မအား အခါမလပ် ပြောပြပါသည်။ အဘွားသည် တဖြည်းဖြည်းနှင့် ဇရာ၏ အညှာအတာမဲ့သော တိုက်ခိုက်မှုကို ခံနေရပြီဖြစ်သည်။ ကျွန်မအတွက်တော့ အဘွားပြောပြသော ဇာတ်လမ်းများသည် စွန့်စားခန်းအသစ်တွေ တစ်မျိုးပြီးတစ်မျိုး တိုးလာသလိုပင်။ တောင်လိုမောက်သော အလေ့အထများကို စိုးပိုင်သော အဘွားသည် အမြဲလိုလို စိတ်သစ်လူသစ် ဖြစ်နေသည်။ အဘွား၏အဖြစ်မှာ အားအင်ပြည့်ဖြိုးဖို့အတွက် ရိုးစင်းစွာ လူဖြစ်လာရသလိုပင်။





နှစ်တွေ ကြာလာသောအခါ အဘွား၏ ကျန်းမာရေးမှာ တဖြည်းဖြည်းနှင့် အဆိုးဖက်သို့ ကူးပြောင်းလာသည်။ မကြာခဏ ဆေးရုံတက်လိုက် ဆင်းလိုက်ဖြစ်နေသည်။ ကျေးဇူးတော်နေ့အလွန် အဘွားအသက် ၉၇ နှစ်တွင် ဆေးရုံကို တက်နေရတော့သည်။ ကျွန်မသည် ဆေးရုံ၏ လေးထပ်ကို ဓာတ်လှေကားစီးတက်ခဲ့ပြီး သူနာပြုဆရာမတွေ ရှိရာအခန်းသို့ တန်းဝင်ခဲ့သည်။

“မစ္စစ်ဟန့်စ်ရဲ့အခန်းက ဘယ်အခန်းပါလဲရှင်” ဟု သူနာပြုဆရာမတစ်ယောက်ကို မေးလိုက်သည်။

တာဝန်ကျ သူနာပြုဆရာမက သူအာရုံစိုက်နေသည့် အလုပ်မှ ဖျတ်ခနဲ မော့ကြည့်၏။ ထို့နောက် မျက်မှန်တပ်လိုက်ပြီး . . .

“မင်းက သူ့ရဲ့ မြေးမလေးထင်တယ်။ မင်းလာတဲ့အချိန်ကို စောင့်ကြည့်နေဖို့၊ မင်းကို သူမျှော်နေတယ်ဆိုတဲ့အကြောင်း အသိပေးဖို့လည်း မှာထားပါတယ်” ဟု ဆိုပြီး သူထိုင်နေသည့် အခန်းထဲမှ ထွက်လာသည်။

ကျွန်မတို့ နှစ်ယောက်သား ခန်းမထဲ လမ်းလျှောက်လာစဉ်မှာပဲ သူက ရုတ်တရက် ရပ်လိုက်ပါသည်။ သူက ကျွန်မ၏ မျက်လုံးထဲကို သေသေချာချာ စိုက်ကြည့်ပြီး ပြတ်သားသည့်အသံနှင့် . . .

“ငါ့ညီမရဲ့ ဘွားဘွားဟာ သိပ်ကို ထူးခြားတဲ့သူတစ်ယောက်ဆိုတာ ငါ့ညီမသိရဲ့လားဟင်။ သူ့မှာ အလင်းရောင်တစ်ခု ရှိနေတယ်။ အပေါ်မှာ တာဝန်ကျ



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နေတဲ့ သူနာပြုတိုင်းက မင်းဘွားဘွားရဲ့ အခန်းကို နေ့တိုင်း ဝင်နေကျပဲကွဲ့။ သူတို့လေးတွေက ငါ့ညီမရဲ့ ဘွားဘွားကို ဆေးပေးဖို့အတွက် သိပ်ပြီး တာဝန်ယူချင် နေကြတယ်လေ။ ပြီးတော့ မင်းရဲ့ ဘွားဘွားအကြောင်း ကို သူတို့က တစ်မျိုးမဟုတ် တစ်မျိုး မရိုးအောင် ပြော နေကြတာလည်း အမြဲ ကြားနေရတယ်လေ" ဟု ကျွန်မ ကို ပြောနေရင်း စကားကို ရပ်လိုက်သည်။ ပြီးမှ သူ့ စကားတွေ တော်တော် ကျွံသွားမိပါလားဆိုတာကို သတိပြုမိသွားပုံ ရသည်။

"ငါ့ညီမလည်း ကိုယ့်အဘွားအကြောင်းကို သိတန်သလောက် သိမှာပါလေ" ဟု ဆိုပါသည်။

"ဟုတ်ပါတယ်၊ ဘွားဘွားဂျိုးက သိပ်ကို ထူးခြားတဲ့သူတစ်ယောက်ပါ။ သူဟာ သူမျှော်မှန်းထား တဲ့အရာကို အောင်မြင်တဲ့အထိ စွမ်းဆောင်နိုင်သူ တစ် ယောက်ပါရှင်။ သူ့အနေနဲ့ နောက်ထပ် စွမ်းဆောင်နိုင်ဖို့ ဆိုတာ အချိန်နည်းနည်းပဲ ရှိတော့တယ်" ဟု ကျွန်မက ပြန်ပြောလိုက်ပါသည်။

ခရစ္စမတ်ပြီး နောက်နှစ်ရက် အကြာတွင်ဖြစ် သည်။ ထိုနေ့မနက်ပိုင်းက ကျွန်မသည် ဂျိုးနှင့် အချိန် အတော်ကြာအောင်နေပြီးမှ ညနေဖက် အိမ်ပြန်အနား ယူနေစဉ်မှာပင် အသံတစ်သံက ပြောလိုက်တာကို ကြား လိုက်ရသည်။

"ထတော့၊ အခုချက်ချင်း ဆေးရုံကိုပြေး။ အချိန်ဆွဲမနေနဲ့။ ဆေးရုံကို အခုသွားတော့"





ကျွန်မသည် တီရှပ်အကျီကို လဲဝတ်လိုက်ပြီး ဂျင်းဝတ်စုံကို အပေါ်မှ ထပ်ဝတ်လိုက်သည်။ ကျွန်မ သည် အဝတ်ကို ကပျာကယာ လဲလိုက်ပြီး ကသုတ် ကရက်ပင် ကားထဲသို့ဝင်ကာ ဆေးရုံဆီသို့ အရှိန်ဖြင့် မောင်းလာခဲ့သည်။ ဆေးရုံကို ရောက်သောအခါ ကား ကို အမြန်ရပ်လိုက်ပြီး အပြေးတစ်ပိုင်းနှင့် လျှောက်သွား ခဲ့ပြီး ဓာတ်လှေကားထဲသို့ ပန်းဝင်သူတစ်ယောက်လို ဝင်လိုက်ကာ လေးထပ်သို့ တက်ခဲ့ပါသည်။ ကျွန်မ ဘွားဘွား၏ အခန်းသို့ အမောတကောနှင့် ရောက်သွား သောအခါ ဘွားဘွား၏ခေါင်းကို လက်နှင့် ပွေ့ထူထား သည့် ကျွန်မ၏ အဒေါ်ကို မြင်လိုက်ရသည်။ ဒေါ်ဒေါ် က မျက်ရည်လွှမ်းသော မျက်နှာဖြင့် ကျွန်မကို မော့ ကြည့်ပြီး . . .

"မင်းရဲ့ ဘွားဘွား ဂျိုးတော့ သွားရှာပြီကွဲ့။ မေမေဆုံးသွားတာ ငါးမိနစ်ပဲ ရှိသေးတယ်။ အခု ဒီ အခန်းကို ပထမဦးဆုံးရောက်လာတာ မင်းပဲ ထရင်းနီ" ဟု ဆိုပါသည်။

ကျွန်မဘွားဘွား အိပ်စက်ရာ ကုတင်ဘေးနား သို့ အရောက်တွင် ကျွန်မခေါင်းတစ်ခုလုံး ချာချာလည် နေပါသည်။ ဘွားဘွား မသေပါစေနဲ့ဟု စိတ်ထဲက ငြင်း ဆန်နေမိသည်။ ထို့နောက် ဘွားဘွား၏ နှလုံးနေရာ ဆီသို့ စမ်းကြည့်ရန် ကျွန်မလက်ကို ပြင်လိုက်သည်။ နှလုံးခုန်သံကတော့ ငြိမ်သက်သွားလေပြီ။ ဘွားဘွားဂျိုး



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လောကကြီးကို ကျောခိုင်းသွားတာ အမှန်ဖြစ်နေပါပေါ့လား။ နွေးထွေးနေဆဲရှိသည့် ဘွားဘွား၏ လက်မောင်းအိုးကြီးကို ကျွန်မ ဆုပ်ကိုင်ထားမိသည်။ ဝိညာဉ်တစ်ခု၏ ခိုအောင်းရာ အိမ်အဖြစ် ရှိခဲ့သော ကျွန်မမြတ်နိုးလှသည့် ဘွားဘွား၏ ခန္ဓာကိုယ်ကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။ ကျွန်မ ငယ်ရွယ်စဉ် ကလေးဘဝ အရွယ်တုန်းကတည်းက ဘွားဘွား၏ ကြည့်ရှုစောင့်မှုကို ခံယူခဲ့ရသည်။ ဘွားဘွားက ကျွန်မအတွက် အဝတ်အစားတွေ ချုပ်ပေးသည်။ ကျွန်မဖေဖေနှင့် မေမေ ငယ်ရွယ်စဉ်က ရရှိသောဝင်ငွေမှာ မလောက်မငဖြစ်ခဲ့၍ ဘွားဘွားကပင် စားရိတ်ထောက်ပံ့၍ ကျောင်းထားပေးခဲ့သည်။ ကျွန်မ ချစ်မြတ်နိုးလွန်းလှသော ဘွားဘွားတစ်ယောက် လူ့လောကကြီးထဲမှ ထွက်ခွာသွားပြီဆိုသော အသိကြောင့် စိတ်ထဲမှာ မယုံနိုင်အောင် ဖြစ်မိသလို ကြီးစွာသော ဆုံးရှုံးမှုကြီးကြောင့် ဒေါသလည်းဖြစ်ရသည်။

ထိုနေ့ညက လစ်ဟာနေသော နာကျင်မှုများနှင့်အတူ အဘွား၏ ကုတင်အနီးတစ်ဝိုက်မှာ ခေါက်တုံ့လူးလာ လမ်းလျှောက်နေမိသည့် အဖြစ်ကို ယခုတိုင် အမှတ်ရနေဆဲပင်။ ထို့နောက် ကျွန်မသည် အဖိုးမဖြတ်နိုင်သော ဘွားဘွား၏ ခန္ဓာကိုယ်အနံ့ကို လက်ဖြင့်ထိကိုင်နေမိသည်။ ကျွန်မစိတ်တွေ သွက်သွက်ခါရှူး





မတတ် ရှိနေပါသည်။ ထိုခံစားချက်မျိုးသည် ကျွန်မ ဘဝတာ၌ တစ်ကြိမ်မျှပင် မရှိစဖူး။

စိတ်ဖိစီးမှု ရေအလျဉ်က တစ်သွင်သွင်နှင့်ပင် စီးနေပါတော့သည်။ ကျွန်မ၏ အတွေ့အကြုံ အသစ်အဆန်း တစ်ခုပင် ဖြစ်ပါသည်။ ကျွန်မ ရင်းနှီးကျွမ်းဝင်သိရှိနေသော သည်လက်မောင်းတွေ သည်ခြေထောက်တွေ။ ဒါပေမဲ့ ဘွားဘွားက ဘယ်ဆီဘယ်ဝယ် ထွက်ခွာသွားပါလိမ့်ကွယ်။ ရင်ထဲက ဖြစ်ပေါ်လာနေသော အတွေးအာရုံများ အကြားတွင်ပင် ကျွန်မ နစ်မြုပ်နေမိသည်။ စိတ်ထဲက အဖြေတစ်ခုခု ရလိုရငြား တောင်းခံနေမိသလို ရှိနေသည်။ ဝိညာဉ် တည်ရှိသော တစ်ဒင်တစ်ခဏတာ ကာလတွင် ခန္ဓာတစ်ခုသည် အသက်ရှင်နေရလျက် ထိုဝိညာဉ်မရှိသည့် အချိန်တွင်မူ အသက်ပါ မရှိရတော့ပြီ။ နောက်ထပ် ဤမြေကမ္ဘာပေါ်တွင် လှုပ်ရှားအခြေချမှုတို့ မဖြစ်ပေါ်တော့သလို၊ နောက်ထပ် မရှင်သန် မမွေးဖွားတော့သလိုပင် ရှိလာရသည်။ ယခု ဘွားဘွားဂျီး ဘယ်ရောက်နေပြီနည်း။ ဘယ်ကို ထွက်ခွာသွားပါလိမ့်။

မြူးစားကြီးဆိုသလိုပါပဲ။ အလင်းရောင်တစ်ခု လက်ကနဲ ပေါ်ထွက်လာရာက အင်အားတစ်ခု ပေါက်ကွဲဖြစ်ပေါ်လာသည်။ ကျွန်မ ဘွားဘွားဂျီးသည် သူ၏ အသက်မရှိတော့သော ခန္ဓာကိုယ်၏ အထက်နားက မျက်နှာကျက်အနီးတွင် ရစ်သီပျံဝဲနေခြင်းပါပင်တည်း။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လက်တွန်းလှည်းဘီးပါ မရှိတော့။ ဘွားဘွား အလင်းရောင်အကြားမှာ ကနေသည်ကော။

"ငါ့မြေး တရင်းနှီ ဘွားဘွား အဝေးကို မရောက်သေးဘူး" ဘွားဘွားက ကြွေးကြော်သည်။ "ခန္ဓာကိုယ်ထဲကနေ ဘွားဘွားထွက်လာတာတော့ အမှန်တကယ်ပါပဲကွယ်။ ဒါပေမဲ့ ဘွားဘွား ဒီထဲမှာပဲ ရှိနေပါတယ်။ ကြည့်စမ်း တရင်းနှီရယ် ဘွားဘွားရဲ့ ခြေထောက်တွေဟာ လမ်းလျှောက်ဖို့အတွက် ပြန်အသုံးဝင်လာပြီ။ မြေးလေး သိအောင်ပြောရမယ်ဆို ကောင်းကင်ဘုံမှာ လက်တွန်းလှည်းဘီးဆိုတာ မရှိကြဘူးကွယ့်။ ဘွားဘွားဂျိုး အခု မြေးရဲ့ဘိုးဘိုးနဲ့ အတူတူနေလို့ ရလာပြီလေ။ ဘွားဘွားရဲ့ စိတ်ပျော်ရွှင်မှုဟာ အပိုင်းအခြားတောင် မရှိတော့သလိုပဲ။ မြေးလေး ဘွားဘွားရဲ့ ဘာမှမရှိတော့တဲ့ ကိုယ်ခန္ဓာပေါ် ကြည့်တာနဲ့ပဲ ဘဝရဲ့ လျှို့ဝှက်ချက်ကို သဘောပေါက်နိုင်လာပါလိမ့်မယ်။ တို့တတွေ လောကကြီးကနေ ထွက်ခွာလာတဲ့ အချိန်မှာ ခန္ဓာကိုယ်နဲ့အတူ ဘာတစ်ခုမှ သယ်ဆောင်မသွားနိုင်ဘူးဆိုတာ မြေးနားလည်နိုင်ပါလိမ့်မယ်။ ပြီးတော့ အမြဲပဲ သတိရနေဖို့ လိုမယ်။ ဘွားဘွားကိုယ်တိုင် လည်းပဲ ဘာကိုမှ သယ်ဆောင်မသွားနိုင်ဘူး။ ဘွားဘွား အသက်ရှင်စဉ် ဘဝတုန်းက ရှာဖွေစုဆောင်းလာတဲ့ ငွေတွေဆိုတာ အခုဘယ်မှာများ ပါလာသလဲ။ ပြီးတော့ ဘွားဘွားစုဆောင်း ထိန်းသိမ်းလာတဲ့ ဥစ္စာပစ္စည်းတွေ





ဆိုတာကျတော့ကော ဘွားဘွား ဘာတတ်နိုင်တော့လို့လဲ။ ဘွားဘွားရဲ့ အပိုင်ထဲမှာ တန်ဖိုးအကြီးဆုံး ပစ္စည်းဆိုတဲ့ မင်းရဲ့ ဘိုးဘိုး ပေးအပ်ခဲ့တဲ့ အချစ်ဆုလာဒ် လက်စွပ်ကလေး၊ စေ့စပ်လက်စွပ်ကလေး အခုဘွားဘွား ထွက်ခွာလာတော့ ဒီအတိုင်းပဲ ထားသွားခဲ့ရပြီ မဟုတ်လား"

ဘွားဘွားဂျိုး စကားကို ဆက်လက်ပြောနေစဉ်မှာပင် အလင်းရောင်သည် ပိုမိုကာ တောက် လက်ပြီးရင်း တောက်လက်လာနေသည်။

"မြေးလေး ဟာ လူပေါင်း မြောက်များစွာကို ဆုံရတွေ့ရဦးမှာပဲ။ မြေးဆုံလာရတဲ့ လူတိုင်းကို မင်းအခု သိလာတဲ့ အမှန်တရား တစ်ခုနဲ့ပဲ ဝေမျှခံစားယူရလိမ့်မယ်။ မြေးလူတွေဆီ အသိပေးနိုင်ဖို့ အကြောင်းတစ်ခု ရှိတယ်။ အဲဒါကတော့ တို့တတွေ သေလွန်တဲ့အခါကျရင် တို့နဲ့အတူ ပါနိုင်တာကတော့ တို့တတွေ လူ့လောကမှာတုန်းက ပေးအပ်ခဲ့တဲ့ ချစ်ခြင်းမေတ္တာတရား၊ လောကမှတ်တမ်းမှတ်ရာတွေပဲ ရှိတယ်ဆိုတာပါပဲကွယ်။ ကလေးရယ်၊ တို့ရဲ့ဘဝကို ပေးဆပ်ခြင်းနဲ့ပဲ တိုင်းတာလို့ရတယ်။ ရယူခြင်းနဲ့ မဟုတ်ဘူး" သည်စဉ်မှာပဲ အလင်းရောင်များ ပျောက်ကွယ်သွားရသလို ဘွားဘွား၏ အရိပ်ပါ ပျောက်ကွယ်သွားရပါသည်။

ထို အိပ်ရာဘေးတွင် တစ်ဒင်္ဂဆန်သော အကြောင်းတစ်ခုသည် နှစ်ကာလများစွာ ကျော်လွှား



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကုန်ဆုံးသွားရသည့်တိုင် ကျွန်မ၏ နှလုံးသားတွင် သံမှိုနှက်သကဲ့သို့ စွဲကျန်တည်ရှိ နေခဲ့ပါသည်။ နှလုံးသား တွင် ပေထက်အကွာရာတင် ရှိနေသော ထိုအကြောင်းအရာအား ဖျက်မရနိုင်ဘဲ ရှိနေပါသည်။ အသေးအဖွဲ့ အကြောင်းအရာလေးကအစ စာရေးသွင်း၍ ကျွန်မနေ့စဉ် စရိုက်လက္ခဏာကို ကြီးမြင့်တိုးတက်လာအောင် ကျင့်ဆောင်လျက်ပင် ရှိသည်။ ဘွားဘွားဂျိုးသည် သူ၏ အသည်းနှလုံး တစ်ခုလုံးဖြင့် ကျွန်မပေါ် ချစ်ခင်ခဲ့ပါသည်။ သူ့ဘဝ ကာလတာအတွင်းတွင် ကျွန်မအား ဆုလာဘ်ပေါင်း မြောက်များစွာနှင့်အတူ ရေချိုးသန့်စင်ပေးသလို ရှိခဲ့ဖူးပါသည်။ သို့သော် အခုနောက်ဆုံးပေးသွားသော လက်ဆောင်ပဏ္ဏာ စကားဆုလာဒ်ကြီးသည်သာ ကျွန်မအဖို့ အကြီးမားဆုံး ဖြစ်လိမ့်မည်ကို ကျွန်မ သိနားလည်လိုက်ပါသည်။ အဘွားသည် သေရွာမှနေ၍ ကျွန်မဘဝကို အသစ်ပြန်လည် စတင်စေခဲ့ပါသည်။

◆◆

# အုပ်စုထဲက ဧရာမလူကြီး

Giant in the Crowd By Jack Schlatter1

ပြဇာတ်ဆိုသည်မှာ ဘဝ၏ အဖြစ်အပျက်များကို ဇာတ်လမ်းဆင်ထားသည့် အကြောင်းအရာများ ဖြစ်သောကြောင့် ပြဇာတ်ကို သင်ကြားခြင်းဖြင့် ဘဝကို သင်ကြားသည့် အခွင့်အရေးတစ်ခု ရရှိနိုင်ပါသည်။ သို့သော်ငြားလည်း ကျွန်တော်၏ သင်ကြားမှုများမှာ ကျောင်းသားတွေထံမှရရှိသည့် သင်ခန်းစာတွေလောက် များပြားမည်မထင်ပါ။ ထိုကဲ့သို့ သင်ခန်းစားရယူနိုင်မည့် ကျောင်းသားတစ်ဦးမှာ ဧရာမလူထွားကြီး ဂျင်မီပင် ဖြစ်ပါသည်။ သူသည် ၁၉၆၃ ခုနှစ်က ကျွန်တော် သင်နေသော အတန်းထဲသို့ ခြေလှမ်းကြဲကြီးနှင့် ဝင်ရောက်လာခဲ့ သည်။

ဂျင်မီသည် အထူးပညာရေး ကျောင်းသားတွေထဲမှ တစ်ယောက်ဖြစ်သည်။ သူသည် ပညာရေး တွင် တောင်းမွန်သူအဖြစ် သြချရလောက်မည်ဖြစ်သလို



*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကျွန်တော့်အဖို့ သူ့ဆီကသင်ခန်းစာ များစွာရခဲ့သည် အထိ အံ့ဩထူးခြားသူလည်း ဖြစ်သည်။ သူက ကျွန် တော်နှင့်တကွ ကျောင်းသားအားလုံးကိုပါ တိကျသော အထူး အပြောင်းအလဲများဖြင့် သင်ခန်းစာ ပေးသွား၏။

ပြဇာတ်တက္ကသိုလ်မှ ကျောင်းသားများသည် အထူးပင် အပျော်လွန်ကြသူများချည်း ဖြစ်သည်။ သူတို့ထံတွင် တီထွင်ဖန်တီးဉာဏ်ကို အလိုအလျောက် ထုတ်သုံးတတ်ခြင်း၊ စကားကို ဘွင်းဘွင်းပြောလေ့ရှိခြင်း၊ တိုက်ခိုက်မှု အလျှင်းကင်းမဲ့နေသော ရိုးသားခြင်းများ ရှိနေသည်အမှန်။ မည်သို့ပင်ဖြစ်စေ ထိုအရည်အချင်း ကောင်းတို့သည် ညီညွတ်ခြင်းဟုခေါ်သည့် အရာတစ်ခု နှင့်တစ်ခါတရံတွင် တစ်နည်းတစ်ဖုံ ပတ်သက်နေသည်။ နှစ်လကြာပြီးသောအခါ ကျောင်းကပေးသည့် သင်ခန်း စာတွေ အကုန်လုံးကို ပြီးစီးအောင် လုပ်နိုင်သည့် တစ်ဦး တည်းသော ကျောင်းသားမှာ ဂျင်မီပင် ဖြစ်နေသည်။ ထိုကာလများတွင် သူ့အနေနှင့် အလွန်ကြိုးစားခဲ့ရမည် ကို ကျွန်တော့်အနေနှင့် မှန်းဆကြည့်၍ ရနေပါသည်။ သူသည် ကာယဗလနှင့် ပတ်သက်ပြီး အားစိုက်ထုတ်နေ သူတစ်ယောက်ဖြစ်သလို စကားပြောသည့် အခက်အခဲ၊ အမြင်အာရုံ အခက်အခဲတို့ကိုလည်း ရင်ဆိုင်နေရသည်။ သို့သော် ပေးအပ်လာသော တာဝန်များကိုလည်း ဘယ် တော့မှ ငြင်းဆန်လေ့ရှိသူမဟုတ်။

ကျွန်တော်သည် သူ့ကိုယ်ပိုင်အချိန်အား လူ တစ်ဖက်သားအတွက် အစဉ်ပေးလေ့ရှိသည်ကို မကြာ





ခဏ အထင်ကြီးမိသည်။ တစ်ရက်တွင် ကျွန်တော် သူ့ကို ခေါ်လိုက်ရာ သူက ကျွန်တော့်ကို ကြည့်ပြီး ပြုံးလျက် ပြဇာတ်ကဖို့ သူ အဆင်သင့် မရှိသေးသည်ကို တောင်းပန်သည်။ သူ့မျက်လုံးထဲတွင် မဆိုစလောက် အရောင်တဖျတ်ဖျတ် ရှိနေသည်ကို သတိပြုမိသည်။ အတန်းပြီးလျှင် အခန်းထဲမှာ ခဏလောက် စောင့်နေဖို့ ကျွန်တော် သူ့ကို ကြိုပြောထားလိုက်သည်။

"ဂျင်မီ မင်း အဆင်သင့် ဖြစ်ပြီးသားပါ။ ဟုတ် တယ် မဟုတ်လား" ဟု ကျွန်တော် မေးလိုက်သည်။

"ဟုတ်ပါတယ် ဆရာ" ဟု သူကဖြေသည်။

"ဘာဖြစ်လို့ အဆင်သင့် မဖြစ်သေးဘူးလို့ ပြောတာလဲ။ မင်းကြိုးစားထားတဲ့ အရာတွေအတွက် မင်းရဲ့ဂုဏ်ကို တင်သင့်မယ်ပွဲပဲဟာ"

သူက ခြေထောက်နှင့် မြေကြီးကို ပွတ်တိုက် နေသည်။ ပြီးတော့ မျက်နှာမော့လာရင်း အပြုံးနှင့် ဖြေသည်။

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော့် အနေနဲ့ တခြားကျောင်းသားတွေ စိတ်မကောင်း မဖြစ်စေချင်တဲ့ အတွက်ပါ ဆရာ။ ကျွန်တော့်မှာ သူတို့ထက် လေ့ကျင့်ဖို့ အချိန်ပိုရထားသူ။ လွတ်လပ်သူ တစ်ဦးပါ။ ဒါကြောင့် သူတို့အားလုံး မလုပ်ရဲ မကိုင်ရဲတဲ့ သတ္တိကြောင်သွားမှာ ကို ကျွန်တော် မလိုလားလို့ပါ။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



စာသင်နှစ်တစ်နှစ်ပြီးသောအခါ အတန်းသားများသည် သူတို့၏ လူသားဆန်လှသော အနုပညာသင်တန်းတွင် ပါရမီရှင်တစ်ယောက် ရှိနေခြင်းအတွက် သူတို့အနေနှင့် ကံကောင်းသည်ဆိုတာကို သတိထားမိလာကြလေသည်။ ကျွန်တော်သည် 'တစ်ယောက် ယောက် ငိုနေသည်ကိုတွေ့လျှင် ငိုနေသူထံသွားပြီး ဘာ ပြောမလဲ' ဆိုသည့် မေးခွန်းကို ဆွေးနွေးပွဲကြီးတိုင်း လူတိုင်းကို မေးမိသည်။ သူတို့အားလုံး၏ အဖြေမှာ တစ်ခုတည်းသာ ဖြစ်နေသည်ကို တွေ့ရသည်။ သူတို့၏ အဖြေတွေက "ဘာများဖြစ်လို့ပါလဲဟင်" ဆိုသည့် အဖြေမျိုးတွေသာ။ ဂျင်မီကတော့ သူတို့အားလုံးနှင့်မတူ။ 'ကူညီရမလားဟင်' ဟုသာ ပြန်လည်ပြီး မေးခွန်းထုတ် သည်။

တစ်နေ့မှာတော့ သူများတွေနှင့် မတူသည့် အဖြေမျိုးကို သူ ဘာကြောင့် ဖြေသလဲဆိုတာကို ကျွန် တော် မေးကြည့်ဖြစ်သည်။

"ဒီလိုပါ မစ္စတာဆချာလက်တာ။ကျွန်တော့် အနေနဲ့ ဒီကိစ္စကို တစ်ခါမှ ရှည်ရှည်ဝေးဝေး မစဉ်းစား ဖူးသေးပါဘူး။ ဒါပေမဲ့ ကျွန်တော့် အယူအဆမှာတော့ 'သူဘာဖြစ်တာလဲ' ဆိုတာ ကျွန်တော်ကိစ္စ မဟုတ်ဘူးလို့ ထင်တယ်။ ဒါပေမဲ့ သူဘာကိုပဲမှားမှား ကျွန်တော့်ဘက်က မှန်အောင် ကူညီပေးချင်တဲ့ဆန္ဒ ရှိတာတော့ အမှန်ပဲ။ ဒါဟာ ကျွန်တော် လုပ်ပေးရမယ့် အလုပ်လို့ပဲ ထင်မိပါတယ်"





ကျွန်တော်တို့၏ ကျောင်းပြီးရက်တိုင်း၌ 'အကယ်ဒမီဆု' ချီးမြှင့်ပွဲအပြီး ဟောပြောပွဲ လုပ်ပေးခြင်း အကျေးအမွေးဖြင့် ဧည့်ခံခြင်း၊ ပြဇာတ်ကခြင်းများ နှစ်စဉ်နှစ်တိုင်း ကျင်းပပေးမြဲ ဖြစ်သည်။ ကျောင်းသားအားလုံးက သည်လိုပွဲတွင် သူတို့အပေါ်တွင် များစွာအမိပ္ပာယ်ရှိစေသော ဂျင်မီအား မမေ့နိုင်သော အမှတ်တရ လက်ဆောင်များ ပြန်လည် ပေးအပ်ချင်နေ၏။

ကျွန်တော်က အက်ဂါ အဲလ်ဘတ်ဂွက်စ်၏ 'အတ္တ'အမည်ရှိ ကဗျာကို သူ့အား ဖတ်ခိုင်းလိုက်သည်။ ကျွန်တော့်စိတ်ထဲ၌ သူ၏ကောင်းကွက်များဖြစ်သည့် စကားနည်းပါးခြင်းနှင့် ဒသသနကျကျ နေထိုင်ခြင်းတို့က ပြန်လည်ရောင်ပြန်ဟပ်လာသလို ရှိနေသည်။

ကျွန်တော်တို့တစ်တွေက သူ့ရှေ့ထွက်မလာမီ အချိန်ကို တတ်နိုင်သမျှ နောက်ဆုံးအချိန်ထိ ဆွဲထားရသည်။ ယင်းနောက် သူ့အကြောင်းကို မိတ်ဖွဲ့စကားအဖြစ် ကြေငြာလိုက်မှပင် သူသည် စာအုပ်မပါဘဲ စင်ပေါ်တက်လာသည်။ သူသည် ကျွန်တော်ဖတ်ခိုင်းသော ကဗျာကို အလွတ်ရနေပြီးသား ဖြစ်နေသည်။ သူသည် ခပ်ပြုံးပြုံး ခပ်နွေးနွေး လှုပ်ရှားမှု အမူအယာဖြင့် ကဗျာကို ရွတ်ရင်း ကျွန်တော်တို့ အားလုံး၏ နှလုံးသားများကို သိမ်းကြုံး ညှို့ယူသွားခဲ့သည်။

ငါနှင့် ငါသာ နေရတော့မှာမို့ ငါနဲ့ငါသာ သင့်မြတ်ဖို့ ငါသိဖို့လိုတယ်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နေ့တွေ ကုန်လွန်သွားတာနဲ့အမျှ ငါ့ကိုယ်ငါ မျက်လုံးနဲ့ တည့်တည့်ကြည့်ရဲဖို့ အစွမ်း ရှိချင်တယ်။

ဝင်လုဆဲနေနဲ့အတူ ငါလုပ်ခဲ့တာ၊ ငါမလုပ်ခဲ့တာတွေကို ရပ်ပြီး မစဉ်းစားချင်ဘူး။

ခေါင်းကို မတ်မတ်ထားပြီး အပြင်ထွက်ချင်တယ်။

လူသားအားလုံးဆီက ရသင့်ရထိုက်တဲ့ လေးစားမှု ငါလိုချင်တယ်။ ငါ့ကိုယ်ငါ နှစ်သက်နေချင်တယ်။

ငါ့ကိုယ်ငါ မကောင်းမှုပြုတာ၊ လိမ်လည်တာ၊ ပြီးတော့ ပြလောက်စရာမရှိတဲ့အဖြစ်နဲ့ ကြည့်လည်း မကြည့်လို၊ သိလည်း မသိလိုဘူး။

ငါဟာ ငါ့ကိုယ်ငါကနေ ပုန်းကွယ်လို့မရနိုင် ဘူး။ တခြားသူတွေ ဘယ်တော့မှ မမြင်ရတာကို ငါမြင် တယ်။

တခြားသူတွေ ဘယ်တော့မှ မသိတာကို ငါ သိတယ်။

ငါ့ကိုယ်ငါ ဘယ်တော့မှ အရူးမလုပ်နိုင်ဘူး။ ဒါကြောင့် ဖြစ်ချင်တာတွေ ဖြစ်စမ်း၊ ငါ့ကိုယ်ငါ လေးစားချင်နေ၊ လိပ်ပြာလွတ်လပ်ချင်နေတယ်။

အစပိုင်းတွင် အားလုံး တိတ်ဆိတ်နေသေးသည်။ ထို့နောက် မိုးထစ်ချုန်းသံပမာ လက်ခုပ်သြဘာသံတွေ တဝေါဝေါ ထွက်ပေါ်လာသည်။ ကျောင်းသား





နှစ်ဦးက စင်မြင့်ပေါ် တက်သွားပြီး ဂျင်မီကို ပွေ့ဖက်ကြသည်။ သူတို့ အမှတ်တရပေးလိုက်သော ပစ္စည်းများထဲတွင် အောက်ပါစာကြောင်းလေးများ ပါရှိနေသည်ကို တွေ့လိုက်ရသည်။

သို့/ ဂျင်မီ

မိတ်ဆွေရဲ့ ကျေးဇူးတရားနဲ့အတူ မိတ်ဆွေကိုပါ သိကျွမ်းလာရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

*၆၄ ခုနှစ်၏ အတန်းသားများ*

ဇာတ်လမ်းသည် ဤနေရာမှာ အဆုံးမသတ်သေးပါ။ ပွဲကြည့်ပရိသတ်ထဲမှ အဋ္ဌမတန်း ကျောင်းသူလေး၏ နာမည်က ကေသီအကွဲနို။ နွေရာသီအကုန်တွင် ဂျင်မီ့အကြောင်း သီကုံးထားသည့် အကြောင်းအရာကို "အုပ်စုထဲက ဧရာမလူကြီး" ဟု ခေါင်းစဉ်တပ်ခဲ့သည်။ သူမသည် စကားရည်လု ပြိုင်ပွဲအတွက် ထို စာစီစာကုံးကို ကာလီဖိုးနီးယားပြည်နယ်နှင့် အရီဇိုးနားပြည်နယ်များသို့ ပေးပို့လိုက်သည်။ သူမသည် ထိုနှစ် သင်တန်းကာလအတွင်းမှာပင် ထိုစာစီစာကုံးအတွက် ဆုများရရှိခဲ့သည်။ ဆုများရရှိသည်ထက် ပိုမိုရရှိလိုက်သော အကျိုးကျေးဇူးမှာ စာစီစာကုံးကို ဖတ်မိသော ကျောင်းသူလေးသုံးဦးသည် အထူးပညာရေး နယ်ပယ်တစ်ခုဆီသို့ သွားရန် စိတ်ပြောင်းသွားခဲ့ရခြင်းပင်။

၁၉၉၂ ခုနှစ်တွင် ကျွန်တော်က ကျောင်းသားအားလုံးကို မိတ်ဆုံစားပွဲတစ်ခု ကျင်းပပေးလိုက်သည်။



*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကျောင်းသားအားလုံးထဲတွင် အထူးအစီအစဉ်အဖြစ် ဂျင်မီကိုပါ ခေါ်လာရသည်။

ထိုအုပ်စုနှင့်အတူ ဘွဲ့ရခဲ့သော အမျိုးသမီး တစ်ဦးက သူ့သမီးလေးအကြောင်း ပြောပြသည်။ သူ့သမီး မွေးဖွားစဉ်က အပြင်ရောက်ဖို့အရေး အမျိုးမျိုးသော ဝေဒနာပေါင်းစုံကို ကြုံတွေ့ခဲ့ရကြောင်း၊ ကလေးလူဖြစ်လာသည့် အခါတွင်လည်း သူတို့လင်မယား နှစ်ယောက်စလုံးမှာ ကလေးအသက် ရှင်သန်ရေးအတွက် အသက်လုပွဲတစ်ခု ဆင်နွှဲသလို ကြုံခဲ့ရကြောင်းတို့ကိုပါ ပြောပြသည်။

"ခင်ဗျားရဲ့ အသံက သတ္တိအပြည့်နဲ့ မျှော်လင့်ချက်တွေပါ အပြည့်ပါနေတာမို့ ကျွန်တော့် ရင်ထဲမှာတောင် တော်တော် ခံစားလိုက်ရတယ်" ဟု ကျွန်တော် ပြောလိုက်မိသည်။

"ကျွန်မ အခုလို ပြောဖြစ်တာ ဘာကြောင့်လဲ သိလား" ဟုဆိုရင်း လူထွားကြီး ဂျင်မီကို လှမ်းကြည့်လိုက်ကာ "ဟို ဧရာမလူကြီးနဲ့ ကျောင်းအတူတူ တက်ခဲ့ဖူးတဲ့အတွက်ကြောင့်ပေါ့ရှင်" ဟု ဆိုလိုက်လေတော့သည်။

◆◆

# ဝိုးရိမ်လွန်းတဲ့ဖေဖေ

My Dad, the Worrier By Meg Cimino

ကျွန်တော့် ဖေဖေနဲ့ ဗီဒီယိုခွေ ထိုင်ကြည့်နေတုန်း တူတော်မောင် ၂နှစ်သားအရွယ်လေး 'ကာမီရွန်' ဇွန်းကို ပါးစပ်နဲ့ကိုက်ရင်းတန်းလန်း ပြေးလွှားလာတဲ့ မြင်ကွင်းက မျက်စေ့ထဲဝင်ရောက်လာတယ်။ ဒီတော့ ဖေဖေ ဘာပြောတော့မယ်ဆိုတာ ကျွန်တော် အတိအကျ သိနေပြီးသားပါ။ ဖေဖေ့ နှုတ်က ထွက်လာမယ့် စကားလုံးတိုင်းဟာ ကျွန်တော့်အတွက် လေ့ကျင့်ပြီးသား ဖြစ်နေပါပြီ။ "ကလေးချော်လဲမယ်၊ လဲတာနဲ့ဇွန်းဟာ ပါးစပ်ကနေတစ်ဆင့် လည်ချောင်းထဲ ထိုးမိလိမ့်မယ်" ကြည့်နေတုန်းက မီရွန်လေးရဲ့ ဒုတိယအကြိမ် မြင်ကွင်းကတော့ ကော်ဖီစားပွဲကို ပတ်ပြီးပြေးနေတာပါပဲ။

"သူ့ရဲ့ ခေါင်းလေး ဟိုထောင့်စွန်းနဲ့တိုက်ပြီး ပွင့်သွားဦးမယ်"လို့ ဖေဖေက အလန့်တကြားပြောတယ်၊



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



"စားပွဲစွန်းတွေကိုတော့ ဘာဖြစ်လို့ ပျော့ပျော့အိအိဖုံတွေ အကာအကွယ် လုပ်မပေးထားလဲ မသိပါဘူး"

"ကျွန်တော် သိရသလောက် ယုံကြည်ရသလောက်ဆိုရရင် သူတို့တတွေဟာ ပရိဘောဂတွေကို အဖေပြောသလိုလုပ်ဖို့ စဉ်းစားကြမှာမဟုတ်ဘူး"လို့ ကျွန်တော်ဖြေလိုက်တော့ ဖေဖေက ပြုံးတယ်။ ကြောက်ခမန်းလိလိ စွန့်စားမှုဆန်တဲ့အကြောင်း ပေါ်ပေါက်လာတာနဲ့ တစ်ပြိုင်နက် သတိပေးတတ်တဲ့ဖေဖေ့ အသံကို ကြားရတော့မယ်မှန်းသိနေတဲ့ ကျွန်တော်ဟာ သူ့ကို လှောင်ပြောင်တော့မယ်မှန်း နားလည်လိုက်တဲ့ အပြုံးဆိုရင် မှားမယ်မထင်ဘူး။ တကယ်လို့သာ ကျွန်တော့် ဖေဖေဟာ သူလုပ်နိုင်စွမ်းမယ်ဆိုရင် ကမ္ဘာပေါ်မှာ ရှိနေမယ့် ထောင့်စွန်း၊ အချွန်တွေတိုင်းကို မတိုက်ခိုက်မိအောင် 'ဖုံ'တွေနဲ့ တပ်ဆင်မလား မပြောတတ်ဘူး။

မိဘအများစုလိုပဲ ဖေဖေဟာ သူ့ကလေးတွေကို အမြဲတစေ ကာကွယ်ဖို့ ကြိုးပမ်းလေ့ရှိတယ်။ ပြီး တော့ ပြည်သူ့ကျန်းမာရေးကို အထူးကုရတဲ့ ဆရာဝန်တစ်ယောက်အနေနဲ့ပါ ကျွန်တော်တို့အပေါ် ခြုံရုံနေတဲ့ အန္တရာယ်တိုင်းပေါ် အထူးစိုးရိမ်နေတတ်တယ်။

တစ်ခါက ကျွန်တော့် သူငယ်ချင်းတစ်ယောက်ရဲ့အိမ်မှာ မကျက်သေးတဲ့ ဂျုံနဲ့လုပ်တဲ့ကွတ်ကီး သွားစားမိတုန်းကဆို ဘယ်သူကမှ အဆိပ်ဖြစ်မယ်လို့ ပြောလေ့မရှိတဲ့စကားကို ဖေဖေ့ဆီက ကြားရလို့ အံ့ဩလိုက်ရ





တာ အခုထိမှတ်မိနေတုန်းပဲ။ အိမ်ကိုရောက်တာနဲ့ ဖေဖေက "မင်းစားပိုးနင်နေသလား"တဲ့ မကြာခဏ ဖြစ်ပေါ်နေကျ အံ့ဩသံနဲ့ "မင်းရဲ့လက်တွေကို စင် အောင်ဆေးရဲ့လား"လို့ မေးတယ်။

ပျော်ပွဲစားရုံတွေနဲ့ ပတ်သက်ရင်လည်း ဖေဖေ က သတိပေးစကား ပြောတတ်တယ်။ လက်ရှိအချိန်ကာ လတွေမှာ အနဂ္ဂတမရှိတဲ့ အတင့်ရဲမှုတွေ၊ ပေါ့တီးပေါ့ဆ ရှိကြတဲ့ စားပွဲထိုးတွေရဲ့ လက်ဖက်ရည်ချပေးချိန်မှာ ခေါင်းပေါ် ဖိတ်စင်နိုင်မယ့်အကြောင်းတွေ၊ သူတို့တတွေ ရဲ့လက်ကို ဆေးကြောမှုမရှိကြောင်းတွေ ဖေဖေသတိပေးတတ်တာမျိုးတွေပေါ့။ တကယ်လို့ ကျွန်တော်တို့ ဖက်က မထေမဲ့မြင်လုပ်ပြမိတဲ့အခါ ဖေဖေဟာ သူ ကျန်းမာရေးတိုင်းမင်းကြီးဘဝနဲ့ နယူးယောက်မြို့မှာ ရှိတုန်းက အကြောင်းတွေကို ဥပမာဥမေယျအနေနဲ့ ပြန်ပြောင်းပြောတတ်တယ်။

ဖေဖေ့အတွက်ကတော့ အလှဖက်ရှင် အဝတ်အစားဆိုတာလည်း အန္တရာယ်ရှိနိုင်မယ့် သဘော မျိုးတွေ ရှိတတ်တယ်တဲ့။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ကျွန်တော့်ရဲ့ ကုတ်အင်္ကျီအောက်နားစဟာ ကျွန်တော်နဲ့လိုက်ဖက်မှုမရှိဘူးဆိုပြီး ဘဏ္ဍာတော်အဖြစ် သိမ်းသွား ခဲ့ဖူးတယ်။ မကြာခဏဆိုသလို အဲဒီအကြောင်းကို ကျွန်တော် မေးကြည့်မိတယ်။ ဒီတော့ ဖေဖေက ကုတ် အင်္ကျီကို သူကိုယ်တိုင်ဝတ်ပြီး လေးနက်တဲ့ ပြဿနာ အဖြစ် မှတ်ယူရမယ့် ကိစ္စကို သက်သေပြတယ်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



"ကြည့်စမ်း၊ မင်းရဲ့ ကုတ်အင်္ကျီက ငါ့ကိုယ်နဲ့ တောင် သိပ်ရှည်နေတယ်။ ပြီးတော့ အင်္ကျီရဲ့ အလေး ချိန်က သိပ်များနေတယ်။ ဒီတော့ မင်းကိုယ်ကို ဆွဲချ သလို ဖြစ်နေမှာပေါ့"

"ကျွန်တော်ဖြင့် ကုတ်အင်္ကျီတစ်ထည်ရဲ့ အလေးချိန်ကြောင့် ထိခိုက်ဒဏ်ရာရတဲ့ သူရယ်လို့ တစ်ခါမှ မကြားမိပါဘူး ဖေဖေရယ်"

"ဘာလဲ၊ မင်း မကြားဖူးတဲ့ကိစ္စမှာ မင်းက ပွဲဦးထွက် ဓားစာခံ ဖြစ်ချင်လို့လား။ ဒီအင်္ကျီကို ဟောဒီ နေရာကနေ ဖြတ်ပစ်လိုက်ကွာ"လို့ ဖေဖေက သူ့ရဲ့ ဒူးနေရာကို လက်ဟန်နဲ့ပြတယ်။

မြောက်မြားစွာရှိနေတဲ့ သဘာဝရဲ့ ခြောက် လှန့်မှုတွေထဲမှာ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ကာကွယ်စောင့်ရှောက်နိုင်တာဆိုလို့ ရာသီဥတု တစ်ခုပဲ ရှိတယ်။ ဒီကနေ့အထိ ကျွန်တော် သစ်ပင်အကိုင်းတွေ အနားက ဖြတ်လျှောက်ပြီး မျက်တောင်ခတ်မိရင် ဖေဖေ က "မင်းရဲ့မျက်လုံးတွေကို သတိထားပေါ့"လို့ ပြော တုန်းပဲ။

ကျွန်တော်တို့တတွေ ငယ်စဉ်အခါတုန်းက တော့ ဖေဖေ့ရဲ့ သတိပေးမှုတိုင်းကို နားမထောင်ဖြစ် ခဲ့ဘူး။ ကျွန်တော်တို့တတွေသာ ဖေဖေ့ရဲ့ သတိပေးမှု တိုင်းကို နားထောင်ဖြစ်ခဲ့ရင် အရိုးကျိုးတာမျိုး၊ စားပိုးနင့် တာမျိုး၊ ဓာတ်လိုက်တာမျိုး၊ မတော်တဆ ကားတိုက်ခံရ





တာမျိုး၊ နာမကျန်းဖြစ်တာမျိုးတွေ ကြုံခဲ့ရမှာ မဟုတ်ဘူး။ တကယ်လို့သာ အမြင့်တွေကနေ ကိုယ်ကိုလျှောဆင်း ကြတုန်းက ကျွန်တော်တို့သာ ဖေဖေ သတိပေးတာကို နာခံမှုရှိပြီး မလုပ်ဖြစ်ခဲ့ရင် အစားစားနေရင်း ပြေးလွှား တာမျိုးတွေ၊ အမှိုက်စုပ် သန့်စင်စက်ဖွင့်အထားမှာ ခလုတ် မပိတ်ဘဲ 'ပလတ်' ဆွဲဖြုတ်တာမျိုးတွေ၊ ကား အမြန်မောင်းတာမျိုးတွေ၊ ခွေးကိုနမ်းတာမျိုးတွေ လုပ်မိခဲ့မှာ မဟုတ်ဘူးပေါ့။

ကျွန်တော့် ညီအစ်ကိုတွေ အစ်မတွေနဲ့ ဒီရက် တွေမှာ ဟိုတုန်းကအကြောင်းတွေ ပြန်ပြောင်းပြောဖြစ် ကြတယ်။ ကျွန်တော်တို့ အားကစားလှုပ်ရှားမှု သင်တန်း တက်ဖူးတုန်းက တာပလင်ရွက်ထည်ပေါ် မခုန်ကြဖို့ ဖေဖေ ပြောခဲ့ဖူးတာ အမှတ်ရမိတယ်။ ကျောရိုးဒဏ်ရာ ရမှာစိုးလို့ ပြောတာဖြစ်မယ်ထင်တယ်။ ပြီးတော့ ကား မောင်းနေတဲ့အခါမှာလည်း ရှေ့မှာဆင်းတဲ့ကား လမ်း ကြောင်းရှိနေရင် အကွေ့မှာ အရှိန်လျှော့ထားဖို့ အကြံပြု တတ်တာမျိုးတွေ ရှိခဲ့တယ်။ အခုဆိုရင် ဖေဖေ့ဆီက ထပ်တူထပ်မျှရှိတဲ့ ဆုံးမပဲ့ပြင်မှုတွေ ကျွန်တော်တို့ ကိုယ်တိုင် ကျင့်သုံးနေရပြီ။ ကျွန်တော့် ညီဖြစ်ခဲ့သလို အစာအဆိပ်သင့်မှုကြောင့် လူတစ်ယောက် သေလု မျောပါး ဖြစ်နေတဲ့သတင်းမျိုးတွေ ဖတ်မိရင် ညီကို လှမ်း ပြီး သတိပေးမိတယ်။ ပြီးတော့ ခဲသားမှာ မျက်လုံး ထိခိုက်စေမယ့် ဓါတ်မျိုးအနည်းအပါး ပါနေကြောင်း ကျွန်တော့်အစ်မ၊ ညီမတွေ ကိုသတိပေးမိတယ်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အခုတော့ ဖေဖေ့အတွက် သတိပေးရမယ့် မျိုးဆက်သစ်တွေ ရောက်လာပြီ။ လက်ဆေးရေကို မျက်လုံးနားခါတာမျိုး တွေ့မိတဲ့အခါ သူက မြေးတွေကို အန္တရာယ်များတတ်တဲ့အကြောင်း ဆုံးမလေ့ရှိတယ်။ သုံးနှစ်အရွယ် မာဂရက်ကလေးကပါ နှစ်နှစ်အရွယ် ညီမဝမ်းကွဲကို ပျော်ပွဲစားထွက်တဲ့ ညစာစားပွဲမှာ "ကိုက်ကိုက်ကြီးတယ်နော်. . . လည်ချောင်းနင်လိမ့်မယ်" ဆိုပြီး သတိပေးတတ်လာပြီ။ အားလုံးထွက်ခွာသွားတဲ့အခါ ကျွန်တော့်ရဲ့ တူလေးက ဖေဖေ့ကို နှုတ်ဆက် ကျွန်တော်တို့ တတွေရယ်ကြရသေးတယ်။

"ဘိုးဘိုး. . . သတိထားနော်"တဲ့။

ကျွန်တော်တို့တတွေ မိဘတွေဆီ တစ်ပတ်လောက်အလည်အပတ်ရောက်ပြီး မန်ဟတ်တန်ကို ပြန်ဖို့လုပ်တဲ့အခါ ဖေဖေဟာ အဲဒီကို ထွက်မယ့် ရထားဘူတာအထိလိုက်ပို့တယ်။ ကျွန်တော် ရပ်စောင့် ကြည့်တော့ ကားရပ်တဲ့နေရာမှာပဲ ဖေဖေ့ကား ရပ်နေ တာမြင်ရတယ်။ ဖေဖေဟာ သစ်သားတံတားပေါ် အန္တရာယ်မရှိဘဲ တက်သွားတဲ့အထိ စောင့်ကြည့်နေ တယ်။ ရထားနဲ့ ပလက်ဖောင်းစင်္ကြန်အကြား ကျသွား မှာကိုလည်း ပူပန်နေတဲ့ပုံမျိုး။ မကြာခဏဆိုသလိုလည်း ကားရပ်ထားတဲ့ နေရာကနေ ထွက်ရောက်လာတတ်ပြီး ပလက်ဖောင်းစင်္ကြန်ရဲ့ မျက်နှာချင်းဆိုင် တံတားတစ်ခုကနေရပ်ကြည့်နေတယ်။ ကျွန်တော်တို့ဟာ ဖေဖေနဲ့





သံလမ်းရဲ့ ဟိုဘက် ဒီဘက် လက်ပြကြရတယ်။ရထားဆိုက်ကပ်လာပြီး ကျွန်တော်တို့တတွေ ချောချောမောမောနဲ့ တက်သွားတဲ့အထိတိုင် ဖေဖေရပ်နေရှာတယ်။ ရထားထွက်တဲ့အထိပဲ ဆိုပါတော့။

ကျွန်တော် ထိုင်ခုံမှာထိုင်မိတဲ့အခါ ဖေဖေကားမောင်းတာစောင့်ကြည့်မိတယ်။ ပြီးတော့ ဖေဖေ ကျွန်တော်တို့ကို မကြာခဏ သတိပေးကာကွယ်ခဲ့ သလိုပဲ ဖေဖေ့ကိုလည်း ကမ္ဘာကြီးရဲ့ အချွန်အတက်တွေနဲ့ မတိုက်မိဖို့ ပိုပိုပြီးတော့ တောင်းဆုပြုမိတယ်။ပြီးတော့ ဖေဖေ ကျွန်တော်တို့တတွေပေါ်မှာ ထားတဲ့အပူတွေ၊ ဂရုတစိုက်ရှိမှုတွေပျောက်ပြီး စိတ်ချလက်ချရှိပါ စေလို့လည်း ကျွန်တော် ဆန္ဒပြုမိပါတယ်။ ရထားထွက်ခွာလာချိန်မှာပဲ ကျွန်တော်တီးတိုးရေရွတ်မိတယ်။

"ဂရုစိုက်ပါ ဖေဖေရယ်"

◆◆

စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

# ပျောက်ဆုံးနေသောစိန်၏ လျှို့ဝှက်ချက်

Secret of the Lost Stone W.W. Meade

ကျွန်တော့်ဘဝမှာ ပန်းချည်ထိုးထားတဲ့ ချည်ထဲက ချည်စလေးတစ်ခုလိုဖြစ်နေတဲ့ အငြင်းပွားဖွယ်ရာတွေထဲက တစ်ခုကတော့ ရှင်းပြလို့မရနိုင်တဲ့ အဖြစ်အပျက်တွေမှာ သိပ္ပံပညာကို အားကိုးလို့ မရဘူးဆိုတာပါပဲ။ ကျွန်တော့်ရဲ့ မိတ်ဆွေတော်တော်များများက ကျွန်တော့်အတွက်ထူးဆန်းတဲ့ ဂမ္ဘီရဆန်ဆန်အဖြစ်အပျက်တွေကို နှစ်နှစ်ကာကာ လေးစားမှုပြုကြတယ်။ အဲဒီ အထဲမှာ ကျွန်တော့်ဇနီး အယ်လင်လည်းပါတယ်။ ကျွန်တော်ဟာ ယူအက်ဖ်အိုကနေ မနောနဲ့ကုသမှုတွေအထိ ကြားဖူးနားဝ ရှိပါတယ်။ အဲဒါတွေ အားလုံးဟာ ကျွန်တော့်အတွက်တော့ စိတ်ကူးယဉ်တွေပါပဲ။ အယ်လင့် အဆိုအရကတော့ ဖြစ်နိုင်ခြေရှိတဲ့ စိတ်ကူးယဉ်မှုတွေပေါ့။

ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ရဲ့ သားတစ်ဦးအနေနဲ့ လောကဓာတ်သိပ္ပံရဲ့ တိကျသေချာတဲ့

ရွှေဝံစာအုပ်တိုက်

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



စနစ်တွေ အမွေရရှိထားတယ်။သာမန်စကားမျိုးပြောရရင်တော့ တိုင်းတာနိုင်လို့ မရနိုင်တဲ့အကြောင်းတွေဟာ ထပ်ဖန်ဖန်တလဲလဲ အတိအကျဖြစ်ပျက် နေတယ်ဆိုတဲ့ အဖြစ်အပျက်မျိုးတွေကို ကျွန်တော် မယုံဘူး။ အယ်လင်ကတော့ တစ်မျိုးတယ်။ အခုလည်း ပြောလို့မရ နောင်လည်း မမှန်းဆနိုင်တဲ့ အကြောင်းတွေဟာ စကြာ ဝဠာတစ်ခုလုံးမှာ ဘယ်သူမှ ဖော်ထုတ်လို့မရနိုင်တဲ့ အကြောင်းအရာတွေအဖြစ် တည်ရှိနေလိမ့်မယ်ဆိုတာ ယုံတယ်။

မှတ်သားလောက်စရာကောင်းတဲ့ အဲဒီ မဆိုစလောက်အဖြစ်ဟာ ကျွန်တော်တို့ ပုံမှန် အငြင်းပွားစရာ အရေးတကြီးကိစ္စကြီးတစ်ခုအဖြစ် ပြောင်းလဲလာပါတော့တယ်။ အဲဒီအချိန်က ကျွန်တော်တို့ဇနီး မောင်နှံဟာ နယူးယောက်မြို့မှာ နေကြတာ။ တနင်္ဂနွေ တစ်မနက်မှာ အယ်လင်ရဲ့ မိခင်၊ ကျွန်တော့်ယောက္ခမ မစ္စစ်အယ်လီဇာဘက်ဟာ ဝါရှင်တန်စတိတ်မှာရှိတဲ့ သူ့နေအိမ်ကနေ ဖုန်းလှမ်းဆက်တယ်။

"ဟဲလို . . . မေမေ"လို့ ရွှင်ပျစွာ နှုတ်ဆက်ပြီး နားထောင်နေတဲ့အချိန်မှာ တစ်ဖက်က ကြားလာရတဲ့ သတင်းကြောင့် ကျွန်တော့်ဇနီး ငြိမ်ကျသွားတာကို မြင်လိုက်ရပါတယ်။ ကျွန်တော့်ဇနီးရဲ့ မျက်နှာထက်မှာ ဖြတ်သန်းနေတဲ့ အရိပ်အခြည်ကနေ တစ်ဆင့် သူ့အမေတော့ စိတ်ညစ်စရာကိစ္စတစ်ခုခု ပေါ်နေပြီဆိုတာ အတတ်သိလိုက်မိတယ်။





အဲဒီနောက် အယ်လင်က စကားပြောခွက်ကို လက်နဲ့ဖုံးအုပ်လိုက်ပြီး . . .

"မေမေ့ရဲ့ စိန်ပျောက်သွားလို့တဲ့။ မေမေ့ရဲ့ လက်ထပ်လက်စွပ်က စိန်လေ။ မေမေ မိတ်ဆွေဆီ အလည်သွားနေတုန်း လမ်းမှာတင် ပျောက်သွားတာတဲ့လေ" လို့ ကျွန်တော့်ကို ပြောပြီး အယ်လင်ဟာ ဖုန်းကို ပြန်ကပ်ပြီး "မေမေရယ်၊ သမီးစိတ်မကောင်းပါဘူး။မေမေ့အတွက် သိပ်ကို အဓိပ္ပါယ်ရှိနေတဲ့ပစ္စည်းဆိုတာ သမီးသိပါတယ်"လို့ ဆိုနေတယ်. . .

ကျွန်တော်က လောလောဆော်ဆော်အသံနဲ့ "တဲ၊ မင်းအမေကို ပြောလိုက်ဟေ့၊ အဲဒီစိန်က ပျောက်တာမဟုတ်ဘူး။ စတေရှင်ဝက်ဂွန်းကားထဲမှာပဲ ရှိနေသေးတယ်လို့။ ကားခုံအောက်မှာရှာရင်တွေ့လိမ့်မယ် လို့သာပြောလိုက်"

အယ်လင်ဟာ ကျွန်တော့်ကို မယုံနိုင်လောက်အောင် အံ့အားသင့်နေတဲ့ မျက်လုံးကြီးနဲ့ ပြူးကြည့်နေတယ်။ ဒါပေမဲ့ ဒီသတင်းကို သူ့အမေဆီပို့ဖို့ တုန့်တုန့်ဆိုင်းဆိုင်းဖြစ်နေသေးတယ်။ အယ်လင် သူ့အမေကို ဖုန်းကိုပြောလိုက်တဲ့အခါမှာတော့ သူ့မေမေဟာ သူ မြတ်နိုးတန်ဖိုးထားတဲ့ ပစ္စည်းကို အလောတကြီး ရှာဖွေတော့တာပဲ။ ခဏကြာတော့ ဖုန်းပြန်မြည်လာပြီး ကားထဲမှာရှာလို့မတွေ့တဲ့အကြောင်း သူ့မေမေက အကြောင်းပြန်တယ်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



"ကားထဲမှာ တကယ်ရှိတယ်ကွ"လို့ ကျွန်တော် ပြောလိုက်ပါတယ်။

အယ်လင်ဟာ ဖုန်းကိုပြန်ချထားပြီးတဲ့နောက် ကျွန်တော့်ကို "ရှင်က ဘာကိုကြည့်ပြီး ဒီလောက် အတတ်ပြောလို့ရတာလဲ" လှမ်းမေးတယ်။

အမှန် အတိုင်းပြောရရင် ကျွန်တော့် စိတ်ထဲ မှာလည်း သေသေချာချာ မသိပါဘူး။ ဒါပေမဲ့ ကျွန်တော် က "ငါ့အာရုံထဲမှာ တစ်ခုခုသိလိုက်သလို ခံစားမိလိုက်ရ လို့ပါ။ စကြာဝဠာ လောကတစ်ခုခုကနေ ငါ့ကိုသတင်း ပို့တာများလားပဲ" လို့ ပြောလိုက်တယ်။

"အင်း ရှင့်မှာတော့ လောကက လူမျိုးစုံရှိနေ တာပဲ"

ပြုံးလာတဲ့ အယ်လင့်မျက်နှာကိုကြည့်ပြီး တစ်ခုခုကို ခံစားသိနားလည်မိသလိုဖြစ်မိတဲ့ ကျွန်တော် ဟာ ပါးစပ်ကို ပိတ်ထားချင်မိတော့တယ်။

နှစ်နှစ်ကျော်ကျော် ကာလဟာ လျင်မြန်စွာပဲ ကုန်ဆုံးခဲ့ပါတယ်။ ကျွန်တော်တို့တတွေဟာ ကိုယ်နေ ထိုင်တဲ့ အရပ်မှာ နေ့တစ်မူ ကိစ္စတွေနဲ့ ဂျင်ခြေလည် ကြပြီး သားတစ်ယောက် ပြုစုပျိုးထောင်ဖို့ တာဝန်တွေ နဲ့ပါ လုံးလည် ချာလည်နဲ့ရှိနေတယ်။ ဒီအချိန်မှာ ယောက္ခမကြီး အယ်လီဇဘက်ရဲ့ ပျောက်ဆုံးသွားတဲ့ စိန်အကြောင်းဟာ ကျွန်တော့်တို့ရဲ့ အတွေးထဲကနေ ပျောက်သလောက်ရှိနေပါပြီ။





ဒါပေမဲ့ မကြာမကြာ သွားလည်လေ့ရှိတဲ့ အခြား သားမက်တစ်ယောက်ကတော့ အဲဒီစိန် အကြောင်းကို တွေး နေကောင်းတွေးနေမှာပါ။ စတေ ရှင် ဝက်ဂွန်းကားထဲမှာရှိရမယ်လို့ စိတ်အာရုံပေါက်တဲ့ စိန်ဇာတ်ထုပ်ဟာ မိသားစုတစ်ခုရဲ့ စိတ် အာရုံအသိထဲ မှာ ရှိနေကြသေးတယ်။ ဒါပေမဲ့ အဲဒီစိန်ကိုတော့ ဘယ် လိုနည်းနဲ့မှ မတွေ့နိုင်အောင်ဖြစ်နေတယ်။

အဲသလိုနဲ့ နွေတစ်ခုမှာ ကျွန်တော်တို့ဟာ အယ်လင့် မိဘတွေရဲ့ နေအိမ်မှာ သွားပြီး နားနေကြဖို့ စီစဉ်ကြတယ်။ ကျွန်တော့်တို့ ရောက်တိုင်း ပျော်စရာ အချိန်တွေနဲ့ ကြုံရပါတယ်။ အယ်လင့် အဖေဟာ တစ် ချိန်ကတော့ အောင်မြင်တဲ့ စီးပွားရေးသမားကြီး တစ်ဦး ပါ။ သတင်းအဆက်အသွယ်မှာ ကျွမ်းကျင်တဲ့ ရေဒီယို အော်ပရေတာတစ်ဦး။ အခုတော့ အငြိမ်းစား ယူသွားပါ ပြီ။ အမေဖြစ်သူကတော့ ကျွန်တော် နားလည်မိ သလောက်ဆိုရရင် လူတွေရဲ့သဘောကို ကောင်း ကောင်းနားလည်ပြီး အကျိုးသင့်အကြောင်းသင့်နဲ့ နေထိုင်နိုင်စွမ်းတဲ့ အမျိုးသမီးကြီး ဖြစ်ပါတယ်။ဒါကြောင့် လည်း ရယ်နိုင်ပြုံးနိုင်ရှိနေတာပေါ့။ သူတို့ တတွေရဲ့ သမီးကို ချစ်တဲ့စိတ်နဲ့ပဲ ကျွန်တော့်ရဲ့ စိတ်မရှည်ချင် စရာကောင်းတဲ့ ဝမ်းတွင်းပါ အရည်အချင်းဆိုတာတွေ၊ လူ့လောက အမြင်နဲ့ကြည့်ရင် ယုတ္တိမတန်နိုင်တဲ့ အကြောင်းတွေပေါ်မှာ သူတို့တတွေကပါ ဝိုင်းပြီး ခံစား



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပေးကြပါတယ်။ အဲသလိုနဲ့ သူတို့ရဲ့ ညစာစားပွဲမှာ အတူ ဝိုင်းပါပြီး စားသောက်ကြ၊ ပြောကြဆိုကြတာ လုပ်ရမှာကို ကျွန်တော့်လန့်လာမိပါတယ်။

ဒါပေမဲ့ အယ်လင်ဟာ လောကမှာ ဆုံးရှုံးနိုင် တဲ့ အကြောင်းတွေကို လက်ခံသုံးသပ်နိုင်တဲ့အမြင် သုံးသပ်မှု ကင်းနေသလို ရှိနေတတ်တယ်။

"တိုင်းဆပြီး တွေးခေါ်နေတဲ့ အတွေးဒဿန သမားရဲ့ မျှော်လင့်ချက်မဲ့မှု၊ တိကျတဲ့ သိပ္ပံလောကဓာတ် ရှုထောင့်ကြားကပဲ လွဲချော်ကျဆုံးသွားရတဲ့အဖြစ်တွေ" ရှိနေတာကို လက်မခံနိုင်သလိုမျိုး။ ဒီနေရာမှာ အယ်လင် ဟာ စိတ်အေးအေးထားရမယ့် အမြင်မရှိ တော့သလိုပါ ပဲ။

ကျွန်တော်တို့ အလည်ရောက်သွားတဲ့ အဦး ဆုံးညရဲ့ စားသောက်ဝိုင်းကတော့ အင်မတန် စိုပြေလှပါ တယ်။ ပြောစရာတွေ စုံလင်ပြီး သာယာမှု လည်းရှိလှ တယ်။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ အယ်လင်ဟာ ပျောက်သွားတဲ့ စိန်ကို ကျွန်တော် ကိုယ်တိုင် ရှာဖွေပေး စေချင်သလို ဖြစ်နေတယ်လို့ ခံစားနေမိတယ်။ အဲဒီလိုနဲ့ ကျွန်တော့်သားနဲ့ သူ့အဘွားစားပွဲကို ဝိုင်းကူ ရှင်းလင်း နေကြတဲ့ အချိန်မှာ ကျွန်တော်က ယောက္ခမကြီးကို လှမ်းပြောတယ်။

"ကျွန်တော့်ကို ဓာတ်မီးတစ်လက် ပေးပါလား။ ပျောက်သွားတဲ့ စိန်ကို ကျွန်တော်ရှာပြီး ယူလာပေးပါ့ မယ်"





ကျွန်တော် ပြောတာနားမရှင်းလိုက်သလိုပဲ ဦးခေါင်းသုံးခေါင်းက ပြိုင်တူပဲလှည့်လာကြတယ်။ အယ်လင်တစ်ယောက်သာ အံ့ဩဟန်မပြတာ။ သား လေး လူကီက . . .

"ဖေဖေ ရှာနိုင်မှာ မဟုတ်ပါဘူး" လို့ပြောပါ တယ်။

အင်း၊ ဟုတ်လိမ့်မယ်၊ ကျွန်တော် ရှာနိုင်မှာ မဟုတ်ဘူးလို့တွေးမိပါတယ်။ ဒါပေမဲ့ သူတို့က ဆုံးရှုံး ပြီလို့ သတ်မှတ်ထားလိုက်တဲ့အရာပဲ။ သူတို့စိတ်ထဲမှာ တန်ဘိုးနည်းသွားသလို ရှိနေပြီပဲ။ ကျွန်တော် ကိုယ်တိုင် ဆပ်ဆော့ ပြဆိုမိတဲ့ အကြောင်းတစ်ခုဟာ အားမနည်း လှဘူးဆိုတဲ့အကြောင်း ကျွန်တော့်ရဲ့ အမြင်စွမ်းအင်ကို လက်တွေ့သက်သေထူပြချင်တဲ့အနေနဲ့ ရှာဖွေဖို့ စိုင်း ပြင်းကြည့်မိတာပါ။

အယ်လင်ရဲ့ ဖခင်က ကျွန်တော့်အပေါ် ချိတ် တော့မယ့် ကိစ္စကို ရှောင်လွဲစေချင်သလိုနဲ့ . . .

"တကယ်လို့ စိန်ရှိနေဦးတော့ ဒါလောက် ၂နှစ်လောက်ကြာလာတဲ့အချိန်ထဲမှာ တို့ရဲ့ အိုးလ်စတေ ရှင်းဝက်ဝွန်းကသွားလိုက်၊ လာလိုက်၊ ခုန်လိုက် ပေါက် လိုက်နဲ့ရှိနေတော့ ဒီစိန်ရှိနေရင်တောင်မှ အပြင်ကို လွင့်မကျနိုင်ပဲ ရှိပါဦးမလား" လို့ ဝင်ပြောတယ်။

ကျွန်တော့် ယောက္ခမကြီးဟာ ကျွန်တော့်ကို လှည့်စားသူအပေါ်မှာ ကြည့်တဲ့အကြည့်နဲ့ ကြည့်နေ



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သေးတယ်။ ဒါပေမယ့် မီးဖိုချောင်ခန်းထဲ ဝင်သွားပြီး ပြန်ထွက်အလာမှာတော့ ခေတ်မီးပါလာပါတယ်။ကျွန်တော် လှေကားက ဆင်းလိုက်ပြီး တစ်ဆက်တည်းပဲ ဆက်ထားတဲ့ ကားဂိုဒေါင်ထဲ လှမ်းဝင်လိုက်တယ်။

သဘာဝအတိုင်း အပေါ်ကျနေတဲ့ အလင်းထဲမှာ စတေးရှင်ဝက်ဂွန်းကားဟာ ဖြူမိုင်းမှိုင်း အသွင်မျိုး ရှိနေတယ်။ ကျွန်တော်က ဒရိုင်ဘာထိုင်ခုံဘက်က တံခါး ဖွင့်လိုက်ရင်း တစ်ဖက်ဘေးက ကြမ်းမှာဒူးထောက်လိုက်တယ်။ အယ်လင့်ဖခင်ကတော့ ဂိုဒေါင်တံခါးဝမှာ ရပ်နေပြီး လှောင်ပြောင်ရိပ် တစ်စွန်းတစ်စနဲ့အတူ ကြည့်နေရှာတယ်။ ထိုင်ခုံကို နောက်လှန်သွားစေမယ့် လီဗာ အထိန်းခလုတ်ကို ကျွန်တော် လှည့်လိုက်တယ်။ဒါပေမဲ့ ရှာမတွေ့ပါဘူး။

ကျွန်တော်က ကျွန်တော့်လုပ်ရပ်ကို အကျယ်ချဲ့လိုက်သလို အသံကျယ်ကျယ်နဲ့ပဲ . . .

"ကိုင်း။ စိန်လေးပေါ်ထွက်လာစေ" လို့ အော်လိုက်တယ်။

ပြီးတော့ ပုံစံသတ္တုနဲ့ ထောက်ထားခံရတဲ့ အပေါ်ကူရှင်ကို လှန်လှောကြည့်လိုက်တယ်။သဲအိတ်ကလေးတစ်ခုအတွင်းမှာ သွားတွေ့လိုက်ရတာကတော့ ကျွန်တော့် ယောက္ခမကြီး အယ်လီဇဘက်ရဲ့ 'မြ'ပုံစံ ဖြတ်တောက်ထားတဲ့ စိတ်တုံးလေးပဲဖြစ်နေတယ်။

ကျွန်တော် ကိုယ်တိုင်မယုံနိုင်အောင်ရှိပြီး





ကြည့်နေမိတယ်။ ကျွန်တော့် ယောက္ခမမြတ်နိုးတဲ့ စိန်ရတနာပစ္စည်းလေးဟာ တောက်လတ်လတ်နဲ့ပဲ ကျွန်တော် ခန့်မှန်းထားတဲ့နေရာမှာ မလွဲမမှားလောက်အောင်ရှိနေတယ်။ ကျွန်တော် ဂရုတစိုက်နဲ့ကောက် ယူလိုက်ပြီး ညာဘက်လက်ဖဝါးထဲမှာ ကျစ်ကျစ်လစ်လစ် ဆုပ်ကိုင်လိုက်တယ်။ ကျွန်တော့် ယောက္ခမအထီးက တံခါးဝကနေ ထွက်ခွာသွားတယ်။ ကျွန်တော် သူ့နောက်ကလိုက်ပြီး မီးဖိုဆောင်ခန်းဆီ တက်လာပါတယ်။ ယောက္ခမအဘွားကြီးက လက်ဆေးအင်တုံမှာ ရပ်ပြီး စားပြီးသမျှ ပန်းကန်ခွက်ယောက်တွေ ဆေးနေလေရဲ့။ ကျွန်တော်က ဆုပ်ထားတဲ့ လက်ကိုရှေ့ကို တိုးပြလိုက်တယ်။ ကျွန်တော့် ယောက္ခမကြီးက အဖြေထုတ်သလို ကြည့်နေတုန်း ကျွန်တော်က လက်ချောင်းတွေကို ဖြည်းဖြည်းချင်း ဖြန့်ပြလိုက်တယ်။

ကျွန်တော် ယောက္ခမဆီက တစ်စုံတစ်ရာ တုံ့ပြန်မှု မတွေ့ရသေးပါဘူး။ သူ အင်မတန်မြတ်နိုးတဲ့ စိန်ကို ကျွန်တော် ရှာဖွေပြနိုင်လာတာကို မယုံနိုးနိုး ယုံနိုးနိုးဖြစ်နေသလား။ ဒါမှမဟုတ် လက်ထဲကစိန်ကိုပဲ မမြင်မတွေ့သေးလို့လား မဆိုနိုင်ဘူး။ ယောက္ခမကြီးဟာ လုပ်လက်စအလုပ်ဘက် ပြန်လှည့်သွားပြီး သူ့အလုပ်ကို ပြန်လုပ်နေတယ်။ အဲဒါတွေ အားလုံးဆေးကြောပြီး သွားပြီဆိုတော့မှပဲ ကျွန်တော် တင်ထားတာထက်



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တောင် နှစ်ဆပိုပြီး မြူးပျော်သွားတာ မြင်လိုက်ရတယ်။ ဟစ်ဟစ်အော်အော် ပြုလာတာကိုပါတွေ့ရတယ်။

အဲဒီအခါမှ အိမ်ထဲမှာ ထပ်ခါတစ်လဲလဲ အော်ဟစ်ပြီး သူ့စိန်ပြန်ရတဲ့အကြောင်း ကြွေးကြော်သံတွေ ဆူညံလာရပါတယ်။ ပြီးတော့ အားလုံးကိုလည်း လိုက်ပြတယ် သူကတကယ်ကို စိတ်လှုပ်ရှားပျော်မြူးနေပါပြီ။ ကျွန်တော်ကတော့ ကိုယ်ထင်တာ ဒက်ထိမှန်နေတဲ့ အတွက် သူ့လောက်ပျော်သင့်ပါတယ်။

ဧည့်ခန်းဆောင်အလယ်က သလွန်ညောင်စောင်းတစ်ခုပေါ်မှာ ထိုင်လိုက်ရင်း ကျွန်တော့် ယောက္ခမ အယ်လိဇဘက်က စိန်တုံးလေးကိုကိုင်ပြီး ကြည့်နေ တယ်။ မျက်နှာမှာ အံ့ဩမယုံနိုင်တဲ့ သဏ္ဍာန်က အထင်းသားပါပဲ။

"မယုံနိုင်တဲ့အကြောင်းတွေဟာ ဖြစ်လာတတ်တာပဲနော်။ ဒီပစ္စည်းကို ပြန်ရတဲ့ ငါ့အဖို့ ဘယ်လောက် အဓိပ္ပါယ်ရှိတယ် ဆိုတာ မင်းတို့တွေ တွေးလို့မှ ရရဲ့လား"လို့ ကျွန်တော့် ယောက္ခမကြီးကဆိုတယ်။

အဲဒီညနေတစ်ခုရဲ့ ပျော်မြူးချိန် လွန်မြောက်လာတဲ့အခါမှာတော့ ကျွန်တော်တို့တွေဟာ မီးဖိုဆောင်အခန်းမှာ သွားစုကြတယ်။ ကျွန်တော်က လူအားလုံးကို ဒီစိန်လေး ဘယ်မှာရှိနိုင်မှာ ခန့်မှန်းကြည့်နိုင်ပုံကို ရှင်းပြဖြစ်ပါတယ်။

အချုပ်ပြောရရင်တော့ ကျွန်တော်ဟာ ကျွန်တော့် ယောက္ခမ အယ်လိဇဘက်မောင်းတဲ့ကားကို





လိုက်ပါစီးဖူးတုန်းက ကားစီယာတိုင်ကို ကိုင်မောင်းနေလေ့ရှိတယ်ဆိုတာကို အခါခါပဲ သတိပြုမိခဲ့တယ်။အထူးသဖြင့် ကားမောင်းနေရင်းနဲ့ ဓါတ်ဆီပြဒိုင်ခွက်ကို လက်ကောက်ဝတ်နဲ့ လှမ်းခေါက်တာမျိုးတွေ တွေ့ဖူးပါတယ်။ ပြီးတော့ တံခါးလက်လှည့်တန်ကိုလည်း ခေါက်နိုင်တာမျိုးမို့ အဲဒီစိန်တုံးလေးက လက်စွပ်ကနေ ပြုတ်ပြီး ကျသွားတာမျိုးဖြစ်လိမ့်မယ်လို့ တွေးမိကြောင်း ရှင်းပြလိုက်တယ်။

ဖြစ်နိုင်ချေရှိနေတာကို တွက်ဆမှုတစ်ခုဟာ တကယ်ပဲ မှန်ကန်နေပါတော့တယ်။

ကျွန်တော် ရှင်းပြပြီး အဆုံးမှာတော့ လေးယောက်ရဲ့ မျက်နှာတွေဟာ ပြုံးနေရင်း လုံးဝ မယုံကြည်နိုင်တဲ့ ဟန်နေနဲ့ကြည့်နေကြတယ်။

"ရှင် မသိတဲ့အကြောင်းတွေကို ဘာဖြစ်လို့ လက်မခံနိုင်တော့တာလဲ ဟင်" လို့ အယ်လင်က မေးပါတယ်။

သူ့အဖေတစ်ယောက်သာပဲ အကြင်နာတရားရှိတဲ့ စကားသံနဲ့ . . .

"သူပြောတာမှန်တာပေါ့။ ဖြစ်နိုင်မယ့် လမ်းကဒီနည်းလမ်းပဲ ရှိတော့တာကိုး။ ဘာပဲပြောပြော ငါ့သားမက်ရဲ့ အာရုံစိုက်မှုဟာ တကယ်ပဲ ထက်မြက်လှပါတယ်"လို့ ဆိုတယ်။



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အံ့သြစရာလို့ ထင်ရတဲ့အကြောင်းကတော့ သူတို့အဖို့ လိပ်ပတ်လည်သွားကြတာပါပဲ။

ခဏာအကြာမှာတော့ ကျွန်တော့် ယောက္ခမ စွစ်အယ်လီဇဘက်က သူ့လက်စွပ်အာမခံလုပ်ထားတဲ့ ကုမ္ပဏီကိုသွားပြီး ပျောက်တဲ့ငွေလက်ခံထားတာကို ပြန်အပ်ပါတယ်။ ဒီအခါ ကုမ္ပဏီအုပ်ချုပ်မှုက စာပြန်ရေးတယ်။ ကျွန်တော့် ယောက္ခမလို စာနာတတ်တဲ့ သစ္စာရှိသူမျိုးဟာ ရှားပါးကြောင်း၊ အချို့က ပစ္စည်းပြန်ရပေ မဲ့ ကုမ္ပဏီကို အကြောင်းမကြားတော့ဘဲ အလျော် ငွေ တွေကို ခတ်တည်တည် သုံးစွဲနေတတ်ကြောင်းတွေ ရေးပို့တယ်။

ကျွန်တော့်အဖို့ ဒီတစ်သက် အမှတ်ရနေမယ့် အမှတ်တရ ညကတော့ အယ်လင့်ရဲ့မျက်နှာမှာ အပြုံး တွေပေါ်ထွက်လာတဲ့ ညပဲဖြစ်ပါလိမ့်မယ်။ အဲဒီအပြုံးရဲ့ အဓိပ္ပာယ်ကတော့ သိပ္ပံပညာနဲ့ အကြောင်းအဆက် အစပ်မရှိနိုင်တဲ့အကြောင်း တစ်ခုကို ကျွန်တော် ပြောနိုင်လာတာလို့ပဲ သူယူဆနေတဲ့ အပြုံးမျိုးပါပဲ။

ကျွန်တော် သဘောပေါက်ပါပြီ။ အယ်လင့်ကို သိပ္ပံနည်းစနစ်ရဲ့ ခိုင်မာတဲ့အကြောင်းပြချက်တွေနဲ့ ရောနှောပြောဆိုပြီး ငြင်းတာမျိုးကို နောက်ဘယ်တော့မှ ဆန့်ကျင်ပြောဆို အနိုင်ယူဖို့ မလုပ်တော့ဘူးလို့ ဆုံးဖြတ်ခဲ့တယ်။

ပြီးတော့ ကျွန်တော့် အတွေးထဲရောက်လာတာကတော့ ဒီလောက် တန်ဖိုးရှိတဲ့ရတနာပစ္စည်း





တစ်ခုကို ပြန်ရအောင် လုပ်ပေးနိုင်တဲ့ ကျွန်တော့်အဖို့ လေးနက်တဲ့တန်ဖိုးနဲ့ ဆုလာဒ်တစ်ခုခု ရသင့်တယ် ဆိုတာပဲ။

ကျွန်တော်နဲ့ ဆန့်ကျင်ဘက် မျက်နှာချင်းဆိုင်မှာထိုင်ပြီး နဂိုတန်ဘိုးထက် ပိုတန်ဖိုးထားသလို လက်ဝါးမှာစိန်ကိုတင်ပြီး ကြည့်နေတဲ့ ယောက္ခမကြီးရဲ့ မျက် နှာဟာ အပြုံးနဲ့တစ်လတ်လတ်တောက်နေပါတယ်။

ဒီစိန်ကလေးမှာ ဘယ်လောက် စွမ်းအားပါနေသလဲ ဆိုတာ ကျွန်တော်မသိပါဘူး။ကျွန်တော်သိတာကတော့ ကျွန်တော့်တို့ နေထိုင်တဲ့နေရာဟာ အံ့သြစရာတွေရှိနေတာရယ်၊ ထင်ထားတာထက် လျို့ဝှက်မှုတွေဖြစ်ပျက်နေတယ်ဆိုတာရယ်မှအပ ဘာမှ အသိတာအမှန်ပါ။ အဘွားကြီး အယ်လီဇဘက်ရဲ့ လက်စွပ် စိန်လေးပြန်ရတာဟာ အားလုံးအတွက် ပျော်စရာဖြစ်ခဲ့ရ တယ်။ အဘွားကြီး အယ်လီဇဘက်တစ်ယောက်တည်း အတွက်သာမကဘဲ အာမခံကုမ္ပဏီအတွက်ရော ကျွန် တော့်အတွက်ပါ ကောင်းမွန်စေတယ်။

ကျွန်တော်ဟာ ကျွန်တော့် ရင်ထဲက ခံစား ချက်ကို ဘယ်လိုနည်းလမ်းနဲ့ ဖော်ပြရမယ် ဆိုတာတောင် မသိတော့ဘူး။ ဒါပေမဲ့ ဒီပစ္စည်းကြောင့် ခံစားချက်တွေ အကောင်းဘက် ရောက်လာရတာတော့ အမှန်ပါပဲ။ အရာရာတိုင်းဟာ ယုံကြည်အားထားမှုရှိတဲ့ သစ္စာတရားပေါ်မှာ အမှီပြုနေတယ်ဆိုတာ ကျွန်တော် အခုတော့ နားလည်လာရပါပြီ။



*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကျွန်တော်တို့တတွေဟာ မိမိအပေါ် ရှိလာမယ့် အချစ်ကိုသိချင်တဲ့သဘာဝ၊ ကိုယ့်ကိုကိုယ် ချစ်ခင်မှု ဒါမှမဟုတ် ဖန်ဆင်းမှုရဲ့ ချစ်ချင်းတရားစသည်တို့ကို မသိနိုင်ခဲ့ပါဘူး။ အဘွားကြီး မစ္စစ်အယ်လိဇဘက်ရဲ့ စိန်ကိုပြန်ရအောင် ဆောင်ကျဉ်းလာနိုင်တဲ့ အဆုံးမှာ ကျွန်တော် နှလုံးသားနေရာဆီမှာရော၊ စိတ်သန္တာန်မှာပါ အံ့ဩမှုတစ်ခု ရရှိခံယူလာနိုင်ပြီး လောကရဲ့အကြောင်းတိုင်းကို ကျွန်တော့်အနေနဲ့ မစွမ်းဆောင်ဘူးဆိုတာပါ နားလည်လာရပါတယ်။ အဖိုးထိုက်တန်တဲ့ အကြောင်းတွေကို ကျွန်တော့်အနေနဲ့ သိမ်းပိုက်မထား သင့်ဘူးဆိုတာကိုပါ ကျွန်တော့်ဘဝ အတွေ့အကြုံတွေက သင်ကြားပေးနေပြီ မဟုတ်လား။

♦♦

# ဆင်ယင်မှုကင်းမဲ့သော အမှန်တရားများ

Unfashionable Turths By Steve Chapman

ကျွန်တော်ရဲ့အားကစားကုတ်အင်္ကျီဟာ မကြာခဏပဲ အဝတ်များခဲ့ရတာကြောင့် ဆယ်နှစ်၊ ဆယ့်နှစ်နှစ်ကြာလာတဲ့အချိန်မှာ ဟောင်းနွမ်း ဆွေးမြည့်လာပါတော့တယ်။ ဒီအကြောင်းကို ပြောပြနေရင်းနဲ့တောင် ဝမ်းနည်းမိတယ်။ ဒီလိုနဲ့ပဲ အနီးအနား ဈေးတစ်ခုက စတိုးဆိုင်တစ်ဆိုင် ထဲဝင်လာမိတယ်။ အဲဒီဆိုင်မှာ ကျွန်တော့်ကိုယ်နဲ့ဆိုက်တော်တဲ့ ဂျက်ကက်အင်္ကျီတစ်ထည် တွေ့တာနဲ့ ဈေးနှုန်းကို အရင်ဆုံးဖတ်တယ်။ ပြီးတော့ ကိုယ်ပေါ် စွပ်လိုက်ပြီး ဈေးသည်ကို နောက်ကရှုံ့ကြိုးကို ချည်ခိုင်းလိုက်တယ်။ အဲဒီအခါ နောက်မှာ ကြိုးသွင်းပေါက်ပါမလာတာကို သတိပြုမိတယ်။ ကျွန်တော်ဟာ ကာလတစ်ခုမှာ ကုတ်အင်္ကျီ၊ အားကစားဂျက်ကက် အစရှိတာတွေကို အများအပြားပဲ ဝတ်ခဲ့ဖူးတယ်။တချို့ကအပြာရောင်၊ တချို့က အညိုရောင်၊ တချို့က အင်္ကျီ



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

အိတ်ဖုံးအရှည်၊ တချို့က အတို။ ဘယ်လိုပုံစံပဲဖြစ်ဖြစ် ကျောနောက်မှာတော့ အပေါက်ပါစမြဲ။

ဒီချာတိတ်ကြည့်ရတာ ချောမွေ့တဲ့ ပုံစံရှိ တယ်။ လူပျိုအရွယ်လေး၊ ဥရောပသား။ သူ့လမ်း လျှောက်တဲ့ပုံက ပဲရစ်မြို့ကဖက်ရှင်စင်မြင့် လျှောက်သူ တွေလိုပဲ။ ကျွန်တော်က အင်္ကျီကို သူ့လက်ထဲပြန်အပ် လိုက်တယ်။ ချတ်ပိတ်ကျသွားတဲ့အထိ တံခါးပိတ်ထွက် လာရင်းက နောင်အဲဒီစတိုင်းဆိုင်ထဲ ဘယ်သောအခါမှ ခြေမချဖြစ်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ကျွန်တော် ဆက် မရွေးချင်တော့ပါဘူး။ ဒီစတိုးဆိုင်ဟာ ယောကျ်ား ဝတ်တွေကို ဖက်ရှင်ဒီဇိုင်းတွေသွင်းပြီး ဝတ်သူကို အကြီး မားဆုံးအကုသိုလ်တရား ခံစားအောင် ပြုလုပ်နေတယ် လို့ ခံစားရတယ်။

ကျွန်တော်တို့ ယောကျ်ားသားတွေက ဖက်ရှင် လို့ သတ်မှတ်ထားတဲ့အရာဟာ ရုပ်ရှင်သရုပ်ဆောင်တွေ၊ ကြေးစား အားကစားသမားတွေ၊ ပြင်သစ်နိုင်ငံက ယောကျ်ားသားတွေနဲ့ ကချေသည်တွေအတွက်ပဲ ဖြစ်ပါ တယ်။ ယောကျ်ားတွေဟာ ဂျီကျူ မဂ္ဂဇင်း ဖက်ရှင် စာအုပ်ထဲက အဝတ်အစား ဒီဇိုင်းမျိုးတွေ ရှာဖွေဝတ် ထားမျိုး မရှိဘူး။ မိန်းမသားတွေမှာသာ သူတို့ အတွင်း ခံအဝတ်အစားတွေကို ကတ်တလောက်ထဲ ရှာဖွေ ရွေး ချယ်တတ်ကြတယ်။ ကျွန်တော်တို့အမြင်မှာတော့ ကျွန် တော်တို့ဝတ်ရမယ့် အဝတ်ဆိုတာ သူများတကာကို





ဖြားယောင်းနိုင်စရာမလိုဘူး။ ညို့ငင်နိုင်စရာ မလိုဘူး။ ၁၉၆၀ခုနှစ် ၁၉၇၀ခုနှစ်ကာလ အပိုင်းအခြားတွေကို ဖြတ်သန်းလာဖူးခဲ့တဲ့ ကျွန်တော်တို့တစ်တွေဟာ 'ဖက် ရှင်'လို့ ပြောကြတဲ့ လွန်ကျူးတဲ့ဆေးခွံကြီးရဲ့ ဒဏ်ချက်ကို ခါးစည်းခံရဖူးပါတယ်။ အဲဒီတုန်းက ခေါင်းလောင်း ဘောင်းဘီစတိုင် ထွင်ဝတ်ကြတာတွေ၊ ဘောင်းဘီဖင် ကျပ် ဝတ်ကြတာတွေ၊ ရှပ်အင်္ကျီကြောင်ကြောင် ကြား ကြား ဝတ်ကြတာတွေ၊ သိုးမွေးအင်္ကျီအမွေးဖွာဖွာ ဖားဖားလျားလျားကြီး ဆင်ကြတာတွေ ကြုံဖူးတာကို မှတ်မိပါသေးတယ်။ စတိုင်လို့ ပြောတဲ့ အဲဒီခေတ်က အရှက်မလုံတစ်လုံ အဝတ်အစားများနဲ့ ဓါတ်ပုံတွေကို ကြည့်ဖြစ်တဲ့အခါ ငရဲတမျှ ပူလောင်မိတယ်။ ဖက်ရှင် ထွင်တယ်၊ စတိုင်ထွင်တယ်လို့ ဘယ်လိုပဲပြောပြော နောင် ၅နှစ်ကြာလာတဲ့ အခါမှာတော့ ဒါတွေဟာ ရယ်စရာဖြစ်နေတတ်ပါတယ်။ ကျွန်တော်တို့တစ်တွေ ငယ်ရွယ်နုပျိုစဉ်အချိန်တွေမှာ အမှားကိုထပ်ခါတစ်လဲလဲ မကျူးလွန်မိစေအောင် ဆုံးဖြတ်တတ်ကြဖို့ အရေးကြီး နေပါပြီ။ အဝတ်အစားနဲ့ညို့ငင်ဖြားယောင်းမှုဟာ စတိုင် တစ်မျိုးကနေ မကောင်းတွာပေမယ့် အဲဒါမျိုးကို စတိုင်လို့ ဘယ်တော့မှ မသတ်မှတ်နိုင်ပါဘူး။ ဘာကြောင့်လဲဆို တော့ စတိုင်ထဲမှာ ညို့ငင်မှုဆိုတာ ဘယ်တော့မှ မပါဝင် တဲ့အတွက်ကြောင့်ပါပဲ။

အရောင်းစတိုးဆိုင်တွေ၊ အဝတ်အစား တီ



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထွင်ပြုလုပ်သူတွေဟာ ကျွန်တော်တို့အကြိုက်ထဲမှာ မနှစ်သက်နိုင်တာတွေကို လျှို့ဝှက် စီစဉ်ထားပါတယ်။ တီထွင်ပြုလုပ်သူတွေဟာ ခေတ်လူငယ်တွေရဲ့ အကြိုက်တွေကို ထပ်တလဲလဲ မရိုးနိုင်အောင်လုပ်ပြီး မဝယ် ဝယ်အောင်လုပ် အမြတ်ထုတ်ကြတယ်။ ဘောင်းဘီရှေ့တည့်တည့်ကို ဘာအခုအခံမှ မပါသလို လုပ်ကြတယ်။ အဲဒီအခါ ဇစ်တပ်ရတော့တာပေါ့။ လည်စည်း ခပ်ကားကားကြီး ခေတ်စားနေလား။ ဒါဆိုရင် လည်စည်း ခပ်သေးသေးတွေ လုပ်ကြပြန်တယ်။ ဂျက်ကက်မှာ ကြယ်သီးနှစ်လုံးပဲ ရှိတာတွေ ခေတ်စားနေရင် ကြယ်သီးသုံးလုံးတပ်တွေ ထွင်ကြတယ်။ ဂျက်ကက်အကျီမှာ နောက်ကျောဘက်က အကွဲပါတယ်မဟုတ်လား။ ဒါကြောင့် အကျီရဲ့ အိတ်ကပ်နှစ်ဖက်ထဲကို လက်နှစ်ဖက်ထည့်ထားလို့ရတာပေါ့။ ဖက်ရှင်ဒီဇိုင်နာတွေက အိတ်ကပ်ထဲ လက်နှိုက်ထားကြမှာကို မလိုချင်ဘူး။ သူတို့ဖန်တီးထားတဲ့ပုံစံကို ပျက်တယ်ပေါ့။ ဒါတင် မကဘူး သူတို့တာတွေကပြောလိမ့်ဦးမယ်။ ဘောင်းဘီ အိတ်ကပ်တွေကိုရော ဘာလို့ မဖြုတ်ပစ်ကြသလဲ ဆိုတဲ့ စကားမျိုးတွေကိုလေ။

အဲဒီလို ဆန္ဒပျောက်ပျက်သွားရမယ့် ဝတ်စားဆင်ယင်မှုကို ဖန်တီးနေတဲ့ 'ဖက်ရှင်'ဆိုတာတွေကို ကျွန်တော်တို့တစ်တွေ မြောင်းထဲလွှင့်ပစ်ရပါလိမ့်မယ်။ ကဲ၊ အခု ကျွန်တော်တို့တစ်တွေ ရုံးကို ကာကီဝတ်၊





ဇင်ဘောင်းဘီ၊ ပခုံးတောင့်ပါတဲ့ စကော့တစ် အဝတ်ရှည်တွေ၊ အပြေးခုန်အဝတ်တွေ၊ ထရိန်နင်ကျင့်ဖိနပ်တွေနဲ့ သွားကြရအောင်။ ဖက်ရှင်လို့ခံစားရတဲ့ အဝတ်အစားရဲ့ အနံ့အသက်မျိုးပါတာ မှန်သမျှ ကွင်းရှောင်ကြပါစို့။

ကျွန်တော်တို့ကို မော်ဒယ်အောက်တယ်လို့ ပြောချင်လည်း ပြောကြစေ။ ထုံတယ် တုံးတယ် စသည်ဖြင့် ကျွန်တော်တို့စိတ်ဓာတ်နဲ့ ဆန့်ကျင်တဲ့ ဝေဖန်မှုတွေ ပြုချင်လည်းပြုကြပါစေ။ ဒါပေမယ့် ယောက်ျားဝတ်ဟာ ယောက်ျားဝတ်လို ဘာအဆောင်အယောင်မှ မရှိရင်တော့ ကျွန်တော်တို့တစ်တွေဘက်က ဈေးနှုန်း မြင့်မားလှတယ်ဆိုပြီး ဆုံးဖြတ်ရမှာပါပဲ။ ကျွန်တော်တို့ရဲ့ အဝတ်အစားဝတ်ဆင်ရခြင်း ရည်ရွယ်ချက် အကြောင်းအရင်းကလည်း မမြင်တွေ့သင့်တာကို မမြင်တွေ့ရအောင်ပါပဲ။

ဒဲနစ်ရှော့တ်မင်းဟာ ကျွန်တော်ရဲ့ စံပြမော်ဒယ် မဟုတ်ပါဘူး။ အလ်ဂိုးသာ ကျွန်တော်တို့ အတုယူရမယ့် သူပါ။

◆◆



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

# ဗယောင်းပန်းသီး ခိုးရအောင်

Let's Go Steal Wax Apples By Liu Hsia

ကျွန်မဟာ ထိုင်ပေမှာရှိတဲ့ အဖွဲ့အစည်းတစ်ခုကို အုပ်ချုပ်စီမံနေတဲ့ အမျိုးသမီးတစ်ယောက်ပါ။ ကျွန်မဘဝ ဟာ အစီအစဉ်တွေရေးဆွဲရမယ့်အကြားမှာ လုံးထွေးနေရပါတယ်။ နေ့စဉ် ညှန်ကြားစီမံရေးကိစ္စနဲ့ အကြီးအကဲတွေကြား လုပ်ကိုင်နေရတဲ့ အဖြစ်ကို စစ်တိုက်နေရ သလို မကြာခဏ ခံစားမိတယ်။ တစ်နေ့တော့ အချိန်ကုန်ဆုံးလာတာနဲ့အမျှ ကျွန်မမှာ အားကုန်ခမ်းပြီး ဘာကိုမျှ မလှုပ်ရှားနိုင်အောင် နွမ်းလျပင်ပန်းသွားရတယ်။ ကျွန်မအဖို့ အနားစွန့်ပြီး ခွင့်ယူနိုင်မှ ဖြစ်ပါတော့မယ်။ ဒီလိုနဲ့ လက်ထဲက အလုပ်ကိစ္စတစ်ခုပြီးစီးသွားတာနဲ့ တစ်ပြိုင်နက် ဒီကထွက်ဖို့ စီစဉ်ရပါတယ်။ ကျွန်မဟာ အချိန်မရတဲ့ ကြားကပဲ ပင်တန့်မြို့မှာ ရှိနေတဲ့ ကျွန်မအစ်ကိုရဲ့ နေအိမ်ကို အလည်ခရီးအဖြစ် ထွက်လာပါတယ်။

မှုဝံစာအုပ်တိုက်

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မိုင် ၂၂၀ရှိတဲ့ ပင်တန်မြို့ဆီကိုရောက်ဖို့ ထိုင်ပေမြို့ကနေ နာရီပေါင်း ၆နာရီတိတိ အချိန်ပေးရပါတယ်။

ကျွန်မမှာ ၁၂နှစ်အရွယ်သားလေးတည်းက ကြောက်ခမန်းလိလိခံစားလာရတဲ့ 'ဂေါက်' အရိုးဆက်ရောဂါဆိုတာ ရှိနေတယ်။ ဒါကြောင့်မို့ ကြမ်းပြင်အပြန့်မှာသာ ထိုင်လို့ရတဲ့ဘဝရောက်နေတယ်။ ကျွန်မအိပ်ရာခေါက်သိမ်းအလွယ်တကူလုပ်ပြီး သယ်နိုင်တဲ့ရေအိမ်သုံးပစ္စည်းနဲ့ ဘီးတပ်ထိုင်ခုံတို့ကို အထူစပါယ်ရှယ် မှာယူရတယ်။ ခရီးတစ်ခုထွက်ပြီဟေ့ဆိုတာနဲ့ ဒါတွေကို အကြီးမားဆုံးကိစ္စတစ်ခုလို စီစဉ်ပြီး သယ်ယူလာရပါတယ်။

ကျွန်မအစ်ကိုရဲ့အိမ်က လှေကားတွေဟာ မတ်စောက်စောက်ကြီးနဲ့မို့ ကျွန်မရဲ့ဘီးတပ်ခုံကို တွန်းတင်လို့ မရခဲ့တာ ဟိုးအရင်ကတည်းကပါ။ ကျွန်မရဲ့ ယောင်းမက ကျွန်မအတွက် နေရာရွေးပေးတယ်။ တစ်နေရာကတော့ ကျောင်းသားတွေ ကျောင်းအိပ်ကျောင်းစားအဆောင်။ နောက်တစ်နေရာက ဖယောင်းပန်းသီးတွေ ပေါက်နေတဲ့ ခြံနဲ့နီးကပ်တဲ့ အစ်ကို့အိမ်နောက်ဖက်ကအခန်းပဲ ဖြစ်တယ်။ အဝေးကတောင် မြင်နေရတဲ့ အပင်တွေပေါ်က ဖယောင်းပန်းသီးနီနီတွေ ဟာ အရောင်ဝင်းဝင်းလက်လက်နဲ့ စိတ်ကိုညို့မြူနေသလိုပါပဲ။ ကျွန်မဘီးကို တွန်းပြီး အနားရောက် သွားတဲ့ အခါမှာတော့ အသီးတွေဟာ အလေးချိန်နဲ့ ငိုက်ညွတ်





နေတာ မြင်ရတယ်။ တစ်ပင် တစ်ပင်ကို မှည့်ဝင်းစိုနေတဲ့အသီးတွေ အားလုံး ၂၀ကနေ ၃၀အထိ ခိုတွဲနေတာတွေ့ရပါတယ်။ စီတန်းပေါက်ရောက်နေတဲ့ အပင်တွေဟာ သီးပင်ခြံတစ်ခုလုံးကို ဖုံးအုပ် နေသလို ရှိတယ်။ အဲဒီသရုပ်သဏ္ဍာန်ဟာ အံ့ဩရင်သပ်ရှုဖွယ် မြင်ကွင်းပမာ ရှိနေတယ်လို့ ဆိုရမယ်။

ဒါပေမယ့် ခြံကိုဝင်းခတ်ရံထားတဲ့ စည်းရိုးတိုင်တွေကတော့ အကြမ်းထည်လိုဖြစ်နေတယ်။ ဖယောင်းပန်းသီးတွေသာ အသက်ဝင်သလို ရှိနေပြီး ကျန်နေရာတစ်ခုလုံးကတော့ အသက်မဲ့သလိုဖြစ်နေတယ်။ ပြောမယ်ဆို ဒီခြံကို တစ်ချိန်တစ်ကာလ ကတည်းက စွန့်ပစ်ထားသလိုမျိုးရှိနေတယ်ပေါ့။

နောက်ဆုံးတော့ ကျွန်မဟာ ကျောင်းသား တွေ ကျောင်းအိပ်ကျောင်းစားရှိနေတဲ့ အခန်းကိုပဲ နေထိုင်ဖို့ ရွေးလိုက်ပါတယ်။ အဲဒီမှာလှေကားမရှိဘူး။ ရေချိုးခန်းကို စီစဉ်ထားပုံဟာ ကျွန်မနဲ့လည်း အဆင် ပြေပြီး ဘီးတပ်လှည်းကို အသုံးပြုဖို့ အတွက်ပါ အံဝင် တယ်။ ကျွန်မစိတ်ထဲမှာတော့ အဲဒီအကြောင်းအရာ ထက် ဖယောင်းပန်းသီးအကြောင်းပဲ ရှိနေတယ်။

ကျွန်မအစ်ကိုမှာ သားသမီး (၃)ယောက်ရှိတယ်။ ယောကျ်ားလေးက နှစ်ယောက်၊ မိန်းကလေး တစ်ယောက်။ အကြီးကောင်လေး ဟာကွန်မှာ ၁၀နှစ်အရွယ်ဖြစ်ပြီး အငယ်ကောင်လေး 'သောမတ်စ်'က



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

(၅)နှစ်ရှိပြီ။ သမီးတစ်ယောက်တည်းဖြစ်တဲ့ 'ကလေးမလေး' လို့ အနက်အဓိပ္ပာယ်ရတဲ့ 'မိုင်ယာ'ဟာ (၃)နှစ်ပဲ ရှိပါသေးတယ်။ ကောင်းလေးတွေ ကျောင်းကပြန်ရောက်လာပြီဆိုတာနဲ့ တစ်ပြိုင်နက် ကျွန်မဟာ စာအုပ်တွေအားလုံးကို အံဆွဲထဲထည့်လိုက်ပါတယ်။ အကြီးကောင်လေး 'ဟာကွန်'က ကျွန်မကို ထိုင်ဘီး တွန်းပေးရင်းနဲ့ အပင်တွေ လှေလာရေးခရီးထွက်တယ်။ ကျွန်မတို့တတွေ မဖိတ်ခေါ်ဘဲရောက်နေတဲ့ အိမ်နီးချင်းကောင်လေး ၄ ယောက်ကို သွားတွေ့တယ်။ အသက် ၃နှစ်ကနေ ၁၁နှစ်အရွယ်အထိ အသေအချာ အသက်မခန့်မှန်းနိုင်တဲ့ ချာတိတ် ၇ယောက်ကလည်း ကျွန်မတို့ ဘယ်သွားသွား နောက်ကနေ လိုက်နေတယ်။

ဒီလိုကလေးတွေ တန်းလန်းနဲ့ အသံတဝုန်းဝုန်းရှိနေတော့ ကျွန်မရင်ထဲက တီးလုံးသံတွေကို မကြာမကြာ မြည်နေစေသလိုပဲ။ ခြေထောက်မှာ ယားကျိကျိဖြစ်နေတယ်။ အဆုံးမှာတော့ ကျွန်မရင်ထဲက ဆန္ဒတရားကို မတွန်းဖယ်နိုင်သလို ရှိလာတာနဲ့ . . .

"ဟို ဖက်တစ်ခုလုံးဖယောင်းပန်းသီးတွေနဲ့ ပြွတ်သိပ်နေတယ်" လို့ ကျွန်မက ချာတိတ်ကိုပြောရင်း "ခူးမယ့်လူတောင် မရှိသလို ဖြစ်နေလို့ သနားစရာဖြစ်နေတယ်"လို့ ဆက်ပြောလိုက်တယ်။

ဒီအခါ ကောင်လေးအားလုံးဟာ တမန်တော်တွေလို၊ တစ္ဆေတွေလို ချက်ချင်းဖြစ်သွားရတယ်။





ကလေးတွေအားလုံးဟာ ကျွန်မဖက်က အချက် ပြလိုက်တာကို ရိပ်မိသွားပြီး စိတ်တွေ လှုပ်ရှားသွားကြတယ်။ "ဟိုဖက်ကိုသွား ကြည့်ကြရအောင်"လို့ ပြောပြီး ကျွန်မတို့တတွေ တဝါးဝါးနဲ့ ထွက်ခဲ့ကြတယ်။

သစ်ပင်ခြုံကြီးဟာ နီရဲပြီး ညို့မှိုင်းဖြာယောင်းလို့နေတယ်။ အဲဒီအသီးတွေကို ကျွန်မတို့မျက်စေ့ရှေ့မှာ ချိတ်ထားသလိုပဲ ကျွန်မတို့ရဲ့ အကြည့်မျက်လုံးတွေက မီးဝင်းဝင်းတောက်သွားတယ်။ အချိန်မဆွဲတဲ့ သူခိုးပေါက်စလေးတွေဟာ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ဖယောင်းပန်းသီးတွေကို အလျင်အမြန် သွားခူးကြ တယ်။ ဒါပေမဲ့ ကြီးပြီးမှည့်ရှင်းနေတဲ့ အသီးတွေကျ တော့ လက်လှမ်းလို့မမှီနိုင်တဲ့ အမြင့်မှာရှိနေကြတယ်။ ဒီနေရာမှာ ကျွန်မ မြင်လိုက်ရတဲ့ စားပွဲခုံပျက်တစ်ခုနဲ့ အမှိုက်ထဲက ဝါယာကြိုးခွေတစ်ခုကို လှမ်းညွှန်ပြလိုက်ပြီး ယူခိုင်းလိုက်တယ်။ ပြီးတော့ ချိတ်မှာ ဝါယာကြိုး ဘယ်လိုချည်ရသလဲဆိုတာ ကျွန်မကိုယ်တိုင်ပဲပြတယ်။ အရပ်ရှည်ရှည် ကောင်လေးနှစ်ယောက်က စားပွဲပေါ် တက်ရပ်တယ်။ ဝိုင်ယာကြိုး တပ်ထားတဲ့ချိတ်ကို လွှဲပစ်ပြီး အကိုင်းငိုက်ကျလာတဲ့အခါ အသီးတွေဆွတ်ကြတယ်။ ပြီးတော့ အောက်ကကောင်လေးတွေဆီ လက်ဆင့်ကမ်း ပစ်နေတော့ အားလုံးဟာ ပျော်ရွှင်စွာနဲ့ အလုပ်များသွားကြရတယ်။

သူခိုးတက်ပြားလေးတွေဟာ ကျွန်မရဲ့ညာဏ်



*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထက်မြက်ပုံကို သဘောကျနေကြတယ်။

"အန်တီကတော့ တကယ့်ကို ဉာဏ်ကောင်းတယ်" သူတို့က ခုလိုပြောရင်းနဲ့ စိတ်လှုပ်ရှားသံတွေနဲ့ ပတ်ချာလည် ပြေးလွှားနေကြတယ်။ သူတို့လေးတွေဟာ အသံတွေ စီစီညံညံနဲ့ ဟေးလားဝါးလား အော်ဟစ်နေကြတယ်။ သစ်သီးခြံလေးဟာ နေရောင်ပူပြင်းလာပြီး ဖုန်ထလာပါတယ်။

ဒီလိုနဲ့ ကျွန်မတို့တစ်တွေ အမှတ်တမဲ့ရှိနေခိုက်မှာပဲ ကလေးတွေရဲ့ အဖေဟာ တိတ်တိတ်ပုန်း ရောက်လာရင်းနဲ့ သူခိုးဖမ်းဖို့လုပ်လာပါသည်။ သူခိုးလေးတွေဟာ ရတဲ့အချိန်ကိုအသုံးချပြီး တွေ့ရာဖက် ပြေးရင်းနဲ့ ကိုယ်ယောင်ဖျောက်သွား ကြပါတော့တယ်။ ကျွန်မသာ သူခိုးလေးတွေရဲ့အဖွဲ့ ဦးဆောင်သူအဖြစ် ကွခနဲ အမိခံလိုက်ရတယ်။

"သြ. . မင်းက သူခိုးလမ်းပြလုပ်နေတာပေါ့" ကျွန်မအစ်ကိုက ကြိမ်းမောင်းလာရင်းနဲ့ "မင်းကို သာ ရဲလက်ထဲ အပ်လိုက်ရရင်တော့လား"

"ကျွန်မကို ဖမ်းခိုင်းမှာလားဟင်။ ကျွန်မအဖမ်းခံရမှာလား။ အစ်ကို့အမြင်မှာ ကျွန်မဟာ တကယ်ပဲ သူခိုးဖြစ်နေပြီလား"

ကျွန်မက ဘီးတပ်ထိုင်ခုံမှာ ပြန်မတ်ထိုင်ပြီး တကယ့်အပြစ်ကင်းစင်တဲ့သဏ္ဍာန်ဆင်လိုက်ပါတယ်။ "စဉ်းစားကြည့်ပါဦးအစ်ကို ဒုက္ခိတဘဝအခြေအနေရှိတဲ့





ကျွန်မလိုလူဟာ သူခိုးတွေလုပ်တဲ့ အလုပ်မျိုးမှာ ပါဝင်နေနိုင်ပါ့မလား"

သူဟာ ကျွန်မကို မုန်းလား၊ မမုန်းဘူးလား သေသေချာချာမသိပေမဲ့ ဘီးတပ်ကုလားထိုင်ကိုတော့ တွန်းပေးပါတယ်။

အိမ်ရဲ့နောက်ဖက်ကို ပြန်ရောက်လာချိန်မှာတော့ ကျွန်မဟာ အိတ်နှစ်လုံးအပြည့်ရှိနေတဲ့ ဖယောင်းပန်းသီးတွေကို ရေဆေးဖို့ ကလေးတွေကို ခိုင်းဖြစ်ခဲ့တယ်။ ဈေးထဲမှာ ရှောင်လွှဲလို့မရနိုင်တဲ့ ပန်းသီးအနံ့အသက်တွေထက်တောင် ပိုမွှေးမြလို့ နေပါသေးတယ်။ သစ်ပင်ပေါ်ကနေ ခူးကာစ လတ်လတ်ဆတ်ဆတ်မို့လည်း ဒီလောက်မွှေးမြနေတာဖြစ်မှာပါ။ ဒါမှမဟုတ် ခိုးပြီးမှရထားတဲ့ သက်စွန့်ဆံဖျား အသီးတွေဖြစ်နေတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

အိပ်ရာဝင်ချိန်တန်တဲ့အခါ ကလေးတွေက ကျွန်မကို မွှေးကြူနှုတ်ဆက်တယ်။ ပြီးတော့ ကျွန်မရှေ့မှာ မျက်နှာချင်းဆိုင် မတ်တတ်ရပ်လာပြီး ဘယ်ညာ၊ ဘယ်ညာနဲ့ အောက်ပိုင်းလေးတွေလှုပ်ပြီး လှေကားပေါ် တက်သွားကြပါတော့တယ်။ သူတို့လေးတွေရဲ့ မှတ်ဉာဏ်ထဲမှာ ညစဉ် ဒီလိုအိပ်မက်မျိုး နှစ်ပေါင်းများစွာကြာတဲ့အထိ ရှင်သန်တောက်ပနေတော့မယ်ဆိုတာ ကျွန်မ သိနေတယ်။

အလင်းရောင်အောက်က ဖယောင်းပန်းသီး



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

တွေဟာ အခုတိုင် ညှို့မြူနေတုန်းပဲရှိနေတယ်။ ကျွန်မ သက်ပြင်းတစ်ချက် မှုတ်ထုတ်မိတယ်။ တကယ်တော့ ကျွန်မဟာ ဖယောင်းပန်းသီးတွေရဲ့နောက်ကို လိုက်သူ မဟုတ်ပါဘူး။ ကျွန်မခိုးဖို့ ကြိုးပမ်းခဲ့တဲ့ အရာဟာ ကလေးဘဝလို့ခေါ်တဲ့ အချိန်အခါလေးတစ်ခု ကိုပါပဲ ရှင်။

◆◆

# ဘဝတစ်ခုကို ပြောင်းလဲစေသော စကားလုံးများ

Words That Changed a Life By Bob Greene

"မင်းက ဘယ်အရာမဆို လုပ်နိုင်လောက်အောင်ပဲ မိုက်မဲရသလားဟဲ့"

ဒီစကားလုံးတွေကတော့ သူ့အနားကနေ တိမ်းရှောင်ဖို့ ပြင်တဲ့ (သူ့ရဲ့သား ဖြစ်ဟန်တူတဲ့) ချာတိတ်ကို အမျိုးသမီးတစ်ဦးက ပြောလိုက်တာဖြစ်ပါတယ်။ ဒီစကားလုံးတွေကို အသံကျယ်လောင်လောင်လေး ပြောလာတာမို့ အနီးပတ်ဝန်းကျင်က လူတွေတောင်မှ ကြားနိုင်လောက်တယ်။ အဲသလို အပြစ်ပြောသလို ဆိုလာတဲ့အသံကြောင့် ချာတိတ်ဟာ နှုတ်ဆိတ်စွာနဲ့ပဲ အမျိုးသမီးအနီးမှာ လာရပ်တယ်။ မျက်လုံးတွေကတော့ အောက်ကို ငိုက်စိုက်ကြည့်နေတယ်။

အဲဒီကာလလေးဟာ ဘာမှ အရေးမကြီးတဲ့



စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကာလလေးတစ်ခု ဖြစ်ရင် ဖြစ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ သေးဖွဲမယ်ထင်ရတဲ့ အကြောင်းဟာ ရံဖန်ရံခါမှာ ကာလရှည်ကြာမှ အဆုံးသတ်ရင် သတ်သွားနိုင်တယ်။ ကိုယ်ပြောချင်တဲ့ လူတွေကို သိပ်အလေးအနက် မရှိလောက်တဲ့ စကားလေးပြောလိုက်တယ်လို့ ထင်လိုက်ရပေမယ့်လည်း အဲဒီစကားလုံးတွေမှာ တန်ခိုးသတ္တိတွေကြီးကြီးမားမားနဲ့ရှိနေတတ်တယ်။ "မင်းက ဘယ်အရာမဆို လုပ်နိုင်လောက်အောင်ပဲ မိုက်မဲရသလားဟဲ့"ဆိုတဲ့ အဲသလိုစကားမျိုးတွေဟာ လူတစ်ယောက်ရဲ့ ရင်ထဲကို ပွဲတင်ထပ်သွားစေနိုင်တယ်။

စာရေးသူဟာ မကြားခင်က 'မဲလ်ကုမ်ဒါလ်ကော့'ဆိုတဲ့ လူတစ်ယောက်ဆီကနေ ဇာတ်လမ်းတစ်ပုဒ်နားဆင် ခဲ့ရတယ်။ သူ့အသက်က ၄၈နှစ်ရှိနေပြီ။ သူဟာ လွန်ခဲ့တဲ့ ၂၄နှစ်ကတည်းက စာရေးပြီး အသက်မွေးနေသူပါ။ သူဟာ ကြော်ငြာစာတွေ အရေးများတယ်။ အခုဖော်ပြမှာကတော့ သူပြောပြတဲ့ အဖြစ်အပျက်ကလေးပါ။

ချာတိတ်ဘဝတုန်းက သူဟာ သူ့ကိုယ်သူမသေချာတဲ့ ကလေးတစ်ယောက်အဖြစ် ရက်ရှို့တတ်တဲ့ဘဝမှာ နေလာခဲ့ရတယ်။ သူ့မှာ မိတ်ဆွေသူငယ်ချင်းအနည်းအပါးသာရှိပြီး ကိုယ့်ကိုကိုယ် ယုံကြည်အားကိုးစိတ် နည်းပါးတဲ့ဘဝမှာ နေရတယ်။ ၁၉၆၅ခုနှစ်အောက်တိုဘာလဖြစ်တဲ့တစ်နေ့မှာတော့ သူသင်ယူနေ





တဲ့အထက်တန်းကျောင်းက ကျောင်းဆရာမ ရွှတ်ဘရော့ချ်က အထန်းထဲက ကလေးတွေကို သင်ခန်းစာလုပ်ခိုင်းတယ်။ ဒီလိုနဲ့ ကျောင်းသားတွေဟာ "မြေလူးငှက်ကို သတ်ရမယ်" ဆိုတဲ့ စာအုပ်ကို ဖတ်ကြရတော့တယ်။ ပြီးတော့ သူတို့တစ်တွေဟာ အဲဒီစာအုပ် ဇာတ်လမ်းကို ဇာတ်သိမ်းခန်း ရောက်တဲ့အထိ ကိုယ့်ဘာသာကိုယ် ပြန်ရေးကြရတယ်။

ဒါလ်ကော့က သူရေးရမယ့်အခန်းကဏ္ဍကို တစ်မူဆန်းသစ်ပြီး ရေးလိုက်တယ်။ ဒီကနေ့မှာ သူ အဲဒီတုန်းက ဝတ္ထုရဲ့အခန်းတွေကို ဘယ်လိုထွင်ရေးလိုက်သလဲ၊ အထူးတလည် ဘာတွေများပါသွားသလဲ၊ ဆရာမ မစ္စစ်ရွှတ်ဘရော့ချ်ကကော ဘာတွေကြိုက်သွားတာလဲ ဆိုတာကိုတော့ မမှတ်မိနိုင်တော့ပါဘူး။ ဒါပေမဲ့ သူမမေ့နိုင်ဘဲ အမြဲတမ်းအမှတ်ရနေမယ့် အရာကတော့ မစ္စစ်ရွှတ်ဘရော့ချ်ကိုယ်တိုင် မျဉ်းထဲမှာရေးပေးလိုက်တဲ့ စာလုံးလေးလုံးပဲဖြစ်ပါတယ်။ "စာရေးကောင်းတယ်" ဆိုတဲ့ မှတ်ချက်စာလုံးလေးတွေရယ်ပါ။

အဲဒီစာလုံးလေးလုံးဟာ သူ့ဘဝကို ပြောင်းလဲလာစေတဲ့ အရာဖြစ်ပါတယ်။

"ကျွန်တော်ဘယ်လိုလူလဲ ဒါမှမဟုတ် ဘာ တွေဖြစ်လာမလဲဆိုတာ အဲဒီစာလုံးလေးလုံးကို မဖတ်မိချိန်ကာလအထိ ရေရေရာရာ မသိသေးဘူး" လို့ သူကပြောတယ် "ဆရာမရဲ့ မှတ်ချက်ကိုလည်း ဖတ်ပြီး



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သွားရော ကျွန်တော်ဟာ အိမ်ကို ပြန်ရောက်တာနဲ့ ဝတ္ထုတိုကို စရေးတော့တာပါပဲ။ တစ်ချိန်က ကျွန်တော်အိပ်မက်မက်ထားတဲ့ အလုပ်တစ်ခုပါ။ ဒါပေမယ့် ရေးနိုင်လိမ့်မယ်လို့ ဘယ်တော့မှ မယုံကြည်တဲ့အလုပ်လည်း ဖြစ်ခဲ့တယ်"

အဲဒီနောက်မှာတော့ တစ်ဖက်က ပညာကို ဆည်းပူးနေရင်းမှာပဲ ဝတ္ထုတိုလေးတွေ အိမ်ကရေးယူလာပြီး သူ့အရည်အချင်းတန်ဖိုးကို တိုင်းသာပေးဖို့ ဆရာမကို ပေးဖတ်တတ်တယ်။ ဆရာမဟာ ရိုးရိုးသားသားနဲ့ပဲ အားပေးခဲ့တယ်။ ပြတ်ပြတ်သားသား ဝေဖန်ပေးခဲ့တယ်။

"ကျွန်တော်လိုချင်တဲ့ဆန္ဒတစ်ခုကို ဆရာမကမြှောက်စားပေးပါတယ်"လို့ ဒါလ်ကော့က ပြောပြတယ်။

သူတို့ရဲ့ အထက်တန်းကျောင်းက ထုတ်ဝေတဲ့ သတင်းစာမှာပါ သူ့နာမည်ဟာ လက်ထောက်အယ်ဒီတာ နေရာမှာ ပါလာတယ်။ သူ့ရဲ့ ယုံကြည်ချက်ကို ကိုးစားမှုရှိတဲ့ စိတ်ဓာတ်ဟာလည်း မြင့်မားတိုးတက်လာတယ်။ သူ့ရဲ့ လောက မိုးကုတ်စက်ဝိုင်းကြီးဟာ ကျယ်ဝန်းရှည်လျားလို့လာခဲ့ရတယ်။ သူဟာ အောင်မြင်မှုလမ်းကြောင်းပေါ် စတင်အခြေချလာပြီး သူ့ဘဝကို အချိန်ပြည့် မြှုပ်နှံလာတော့တယ်။ အဲဒီဆရာမသာ စာအုပ်ရဲ့မျဉ်းကြောင်းကြားမှာ စာလုံးလေးလုံး ရေးမပေးဖြစ်ရင် ဒီလို အခြေအနေတွေဟာ ဖြစ်မလာနိုင်ဘူးလို့ သူသဘောပေါက်တယ်။





အနှစ် (၃၀)မြောက်ကျောင်းသားဟောင်းတွေ ပြန်လည်ဆုံတွေ့ပွဲနှစ်ပတ်လည်နေ့မှာ ဒါလ်ကော့ဟာ အနားယူသွားပြီဖြစ်တဲ့ ဆရာမမစ္စစ်ရွတ်ဘရော့ချ်ကို သွားရောက်တွေ့ဆုံပါတယ်။ သူက ဆရာမကို ဆရာမရဲ့ စာလုံး (၄)လုံးကြောင့် သူ့ဘဝပြောင်းလဲ လာရကြောင်း သွားပြောပါတယ်။ ဆရာမရဲ့စာလုံး (၄)လုံးကြောင့်ပဲ သူကိုယ်သူ စာရေးနိုင်မယ့် ယုံကြည်ချက်ကို မွေးလာနိုင်ကြောင်း၊ ပြီးတော့ သူ့မိန်းမဖြစ်လာမယ့် မိန်းကလေးကိုလည်း ယုံကြည်စိတ်အပြည့်နဲ့ ချစ်ရေးဆိုရဲလာနိုင်ကြောင်း၊ အခုအခါ သူ့ဇနီး ဖြစ်လာတဲ့ မိန်းမသားလည်း စာရေးဆရာမဘဝထိ ရောက်လာရကြောင်းတွေကို သူ့ဆရာမကို ပြောပြတယ်။ အဲဒီ မိန်းကလေးဟာလည်း သူတို့ရဲ့ကျောင်းက ထုတ်လုပ်တဲ့သတင်းစာတိုက်ရဲ့ ရုံးခန်းမှာ ညနေတိုင်းအလုပ်လာဆင်းတဲ့ မိန်းကလေးပဲဖြစ်နေကြောင်း ဆရာမကိုပြောပြခဲ့တယ်။ အဲဒီတုန်းက သူနဲ့အတူပဲ ဒီပလိုမာဘွဲ့ကို ဆွတ်ခူးနိုင်တဲ့ အဲဒီ မိန်းကလေးဟာ သူ့ရဲ့အကြံပေး တာဝန်ရော လက်ထောက်တာဝန်ကိုပါ ယူနေရသူတစ်ယောက်ပါ။ သူဟာ စာရေးဆရာတစ်ဦးဖြစ်နေတာကြောင့် လေးစားရာက အစ ပြုပြီး သူ့ဘဝထဲ ရောက်လာခဲ့ရတယ်။

အဲဒီမိန်းကလေးဟာလည်း ဒီဇာတ်လမ်းအရ ဆိုရင် ဆရာမရွတ်ဘရော့စ်ရဲ့ အကူအညီနဲ့ မလွတ်နိုင်ပါဘူး။ သူက "အဲဒီ အခိုက်အတန့်မှာပဲ ကျွန်တော်တို့



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဇနီးမောင်နှံအနေနဲ့ ဆရာမဟာ ကျွန်တော်တို့အပေါ် မယုံကြည်နိုင်တဲ့ အရိပ်ကြီးနဲ့ လွှမ်းမိုးမှုရှိ နေသေးတယ် ဆိုတာ သဘောပေါက်မိလာကြတယ်”လို့ ပြောပြတယ်။

“မင်းက ဘယ်အရာမဆို လုပ်နိုင်လောက်အောင်ပဲ မိုက်မဲရသလားဟဲ့”ဆိုတဲ့စကားနဲ့ “စာရေးကောင်းတယ်”ဆိုတဲ့ မှတ်ချက်စကားတွေဟာ သေးဖွဲတာတော့အမှန်ပဲ။ ဒါပေမဲ့ ဘဝတစ်ခုလုံးကို ပြောင်းလဲသွားနိုင်တဲ့အထိ စွမ်းနေပါတယ်။

♦♦




စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)